
n.com.tw
ကျင်းယုံ၏ ကျန်ရှန်လု
2008
တက္ကသိုလ်
နေလင်းအောင်
လေသဝန်ကာစားတဲ့ ရွှေပျံလွှား
၆-အုပ်တွဲသိုင်းစာစဉ်
စာစဉ် (၄)
ဇော်ရဲအောင်
သိုင်းစာစဉ်များpage


ဘဏ္ဍာသိုလ်
လေဆန်ကာစားတဲ့
ရွှေပျံလွှား
စာစဉ် ၄

ဖိုးတက်ရေး-စာပေ

တက္ကသိုလ်
နေလင်းဂအောင်

# လေဆန်ကာစားတဲ့ရွှေပျံ့လွှား

(စာစဉ်-၄)

# တိုးတက်ရေး-ဓာသ

## အခန်း (၄၀)
## ဆံဖြူနဂါးမကြီးလော

ထက်ကျင်သည် အရေးတကြီး ခုန်တက်လိုက်သွားရာ ယွန်ချောချောလည်း လိုက်၍ခုန်တက်လေ၏။ သူမ၏လက်ထဲမှ ဆီးနှင်းပုလဲလက်နက်များကိုလည်း တသသလုပ်နေမိသည်။

ထက်ကျင်သည် ရှေ့မှပြေးသွားသော ကျောင်းစေ့ခင်နောက်သို့ လေးညှို့မှပစ်လွှတ်လိုက်သည့် မြားပမာ တစ်ရှိန်ထိုးလိုက်၏။

သို့သော် သူသည် ချက်ချင်းအရှိန်သတ်လိုက်ရ၏။ အဘယ်ကြောင့်ဆိုသော် ကျောင်းစေ့ခင်သည် ဆက်မပြေးဘဲ သူ့အား လှည့်၍ရင်ဆိုင်လိုက်သောကြောင့်တည်း။

ကျောင်းစေ့ခင်၏ ဝတ်စုံတစ်ခုလုံး သွေးခြင်းခြင်းနီရဲလျက်ရှိသည်။ ထက်ကျင်၏ဓားချက်ကြောင့် ဒဏ်ရာတစ်ချက်ရရှိသွားခဲ့ရာ ထိုဒဏ်ရာမှသွေးများ တသွင်သွင်စီးကျနေခြင်း ဖြစ်သည်။

သူသည် ဓားကို လက်ဝဲလက်သို့ ပြောင်းကိုင်လိုက်၏။

လက်ယာဘက်လက်မောင်း ဒဏ်ရာရသွားပြီဖြစ်၍ လက်ယာလက်ဖြင့် ကိုင်နိုင်ဟန်မတူတော့ပေ။

လက်ဝဲလက်မှဓားနှင့် ထက်ကျင်၏ရင်ဝသို့ လှမ်းထိုးလိုက်၏။ သို့သော် ထက်ကျင်က ထိုဓားချက်ကို အရှိန်ပြင်းစွာ ရိုက်ချလိုက်၏။

'ချွမ်း …'

နောက်မှပြေးလိုက်တာသည့် ယွန်ချောချောပင် ရှေ့မှမြင်ကွင်းကြောင့် မိုက်ခနဲဖြစ်သွားသည်။

ကျောင်းစေ့ခင်၏လက်ထဲမှဓားသည် လက်ထဲမှလွတ်ထွက်သွား၏။

ထိုလျှပ်တစ်ပြက်အချိန်အတွင်းမှာပင် ထက်ကျင်၏ဓားသည် ကျောင်းစေ့ခင်၏လည်မျိုသို့ ဝင်လာ၏။

ကျောင်းစေ့ခင်မှာ ကြက်သေသေသွားပြီဖြစ်၍ ထက်ကျင်၏ဓားကို မရှောင်နိုင်တော့ပေ။

ထိုစဉ် …

'ချွမ်း'

ငွေရောင်တန်းကလေးတစ်ခုသည် လျင်မြန်သော အရှိန်အဟုန်ဖြင့် လေထုကိုထိုးခွဲဖြတ်သန်းလာပြီး ထက်ကျင်၏ဓားမြှားကို ထိမှန်သည်။



ထိမှန်သည့်အရာမှာ မာကျစ်နေသည့် ရေခဲတုံးကလေးသာဖြစ်သည်။ လူသည် ရေခဲတုံးကလေးကို ကောက်ယူလိုက်သည်။

နောက်မှပြေးလိုက်လာသည့် ယွန်ချောချောက အလောတကြီး မေးလိုက်မိသည်။

"အစ်ကို … ဘယ်လိုဖြစ်သွားသလဲဟင်၊ အစ်ကို့ကို ထိသွားသေးသလား"

ထက်ကျင်က မချိပြုံးပြုံး၍ တစ်ခွန်းချင်းပြောလေ၏။ သူ့လေသံက အသက်မပါပေ။

"တောင်ထိပ်တစ်ခုထက် ပို၍မြင့်သော အခြားတောင်ထိပ်တစ်ခုသည် မမြဲရှိ၏ဆိုတဲ့ သိုင်းလောကစကားက တကယ်ပဲ မှန်ကန်လှပါကလား"

"အစ်ကို ဘာတွေပြောနေတာလဲ"

"ဟင်း … ငါဟာ သိုင်းလောကထဲရောက်ကတည်းက အမြဲတမ်း တိုက်ပွဲနဲ့နပမ်းလုံးနေခဲ့လူပဲ ဖြစ်တယ်၊ ငါ့မှာ ငိုက်မျဉ်းနေတဲ့အချိန်ရယ်လို့ မရှိဘူး၊ တိုက်ပွဲအတွက် ကိုယ့်အန္တရာယ်အတွက် အမြဲတမ်း တက်ကြွလှုပ်ရှားနေခဲ့ရတယ်၊ အဆင့်မြင့်သိုင်းသမားတွေနဲ့ အများကြီးတွေ့ဆုံခဲ့ဖူးတယ်၊ ဒါပေမဲ့ တိုက်ခိုက်နေတုန်း အမှားကလေးတစ်ကွက်ကျူးလွန်မိလို့ ငါ့ကို ရှုံးနိမ့်သွားခဲ့ကြရတယ်"

ယွန်ချောချောမှာ ထက်ကျင် ဘာကိုရည်ရွယ်၍ ပြောနေ

မှန်း မသိဘဲရှိသည်။

"ဟင်း"

ထက်ကျင်က စိတ်ပျက်လက်ပျက် သက်ပြင်းချပြန်သည်။

"ဒီကနေ့မှာတော့ ငါ့ထက် သိုင်းပညာ တကယ်တော် တကယ်တတ်တဲ့ သိုင်းသမားတစ်ယောက်ကို မမြင်ဖူးပေမယ့် ကြုံတွေ့လိုက်ရပြီ"

"အစ်ကို ... ကျောင်းစေ့ခင်ကို ပြောတာလား"

"ဘာကျောင်းစေ့ခင်လဲ ... ကျောင်းစေ့ခင်က ငါ့ကိုရှုံးသွားပြီ"

"ဒါဖြင့် ... ဘယ်သူ့ကိုပြောနေတာလဲ"

"ဆီးနှင်းခဲလေးတစ်ခဲနဲ့ ငါ့ဓားကို လမ်းကြောင်းလွဲချော်သွားအောင် ပစ်နိုင်ခဲ့တဲ့လူကိုပြောနေတာပါ၊ ဆီးနှင်းခဲနဲ့ ဓားကို ထိမှန်အောင်ပစ်နိုင်တဲ့ ကိစ္စကတော့ သိပ်မခက်ခဲလှပါဘူး၊ ဒါပေမဲ့ အဲဒီဆီးနှင်းခဲတုံးကလေး ကြေမွမသွားအောင် ထိန်းပြီးပစ်နိုင်တဲ့စွမ်းရည်ကတော့ ကြောက်ခမန်းလိလိ အဆင့်မြင့်လှတယ်၊ ငါ့တစ်သက်မှာ ပထမဆုံးကြုံတွေ့ရတဲ့ သိုင်းပညာရှင်ပဲ"

ထက်ကျင်သည် လက်ထဲမှ ရေခဲတုံးကလေးသဖွယ် ရှိနေသည့် ဆီးနှင်းခဲကလေးကို လှမ်းပေးလိုက်သည်။

ယွန်ချောချောက လက်ခံယူပြီး ကိုင်ကြည့်သည်။



ဆီးနှင်းခဲကလေးသည် ယခုထက်ထိ ကြေကွဲခြင်းမရှိသေးပေ။ ယွန်ချောချောသည် အံ့အားသင့်သွားလေ၏။ ထက်ကျင် စိတ်ဓာတ်ကျမည်ဆိုပါက ကျစရာကောင်းသည်ဟု ယွန်ချောချော တွေးသည်။

"အစ်ကို ... သိပ်အံ့ဩစရာကောင်းတယ်နော်၊ ဒီသိုင်းပညာရှင်ဟာ ဘယ်သူဖြစ်နိုင်မလဲ"

"ဘယ်သိမလဲ"

"အစ်ကို သူ့ကို မမြင်လိုက်ဘူးလား"

ထက်ကျင်မှာ မချိပြုံးပြုံးလိုက်မိသည်။

"အရိပ်အယောင်တောင် မမြင်ခဲ့ရပါဘူးကွာ၊ ဒီလူကသာ ငါ့ခေါင်းကိုလာဖြတ်သွားရင် ငါဘာမှသိလိုက်မယ် မထင်ဘူး"

ယွန်ချောချောမှာ စကားမပြောနိုင်အောင် ဖြစ်သွားရှာသည်။

ဤမျှထက်မြက်သော သိုင်းပညာရှင်သည် အဘယ်ကြောင့် ကျောင်းစေ့ခင်ကို ကယ်တင်ရပါသနည်း။ ကယ်တင်ရန်အကြောင်းမှာ တစ်ကြောင်းတည်းသာရှိသည်ဟု ယွန်ချောချောတွက်၏။

"အစ်ကို ... ဒီသိုင်းပညာရှင် ဘယ်သူဖြစ်မယ်ဆိုတာ ညီမလေး ခန့်မှန်းမိပြီ"

ထက်ကျင် မျက်ခုံးများမြင့်တက်သွား၏။

"ဆိုစမ်းပါဦး ... ဘယ်သူဖြစ်မလဲ"

"ဒီလူဟာ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးပဲဖြစ်ရမယ်၊ ဒါကြောင့်မို့သာ ကျောင်းစေ့ခင်ကို လာကယ်တာပေါ့၊ ညီမလေးတွေးတာ ဟုတ်တယ်မဟုတ်လား"

ထက်ကျင်က ခေါင်းကို တွင်တွင်ခါယမ်းလိုက်၏။

"မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ"

"ဒီလူဟာ ငါတို့ကို သိတဲ့လူဖြစ်ရမယ်၊ ထန်ဆက်ဘွန်ဂိုဏ်းချုပ်ဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး၊ ဒါကိုတော့ ငါ အတိအကျပြောရဲပါတယ်"

ယွန်ချောချောသည် သူမအတွေးနှင့် လုံးဝဆန့်ကျင်နေသဖြင့် အလွန်တရာအံ့သြသွားသည်။

"အစ်ကိုသာ သက်သေသက္ကာရမရှိဘဲ ဒီစကားကိုပြောမှာမဟုတ်ဘူး၊ အစ်ကို ဘာသက်သေတွေ တွေ့ထားလို့လဲ"

ထက်ကျင်သည် ယွန်ချောချော၏လက်မောင်းကို ဆွဲခေါ်သွား၏။

"လာ ... လိုက်ခဲ့"

ယွန်ချောချောသည် ထက်ကျင်ခေါ်ဆောင်ရာနောက်သို့ လိုက်သွားသည်။



ရောက်သောအခါမှ ယွန်ချောချော သိရသည်။

မြောင်းကျယ်ကြီးတစ်ခု၊ မြောင်းကျယ်ကြီးအတွင်း လူခြောက်ယောက် သေဆုံးလျက်ရှိသည်။

သူတို့ဘေး၌ ဝါးပြောင်းတိုများ ပြန့်ကျဲနေသည်။

လူကခြောက်ယောက်၊ ဝါးပြောင်းတိုက ခြောက်ချောင်း၊ အဆိပ်မြားထည့်သည့် ပြောင်းမှလွဲ၍ အခြားမဖြစ်နိုင်ပေ။

ဤလူခြောက်ယောက်သည် ဤမြောင်းကျယ်ကြီးအတွင်း ပုလွေသံပြိုင်မှုတ်ရန် ဝင်ရောက်ထိုင်နေခြင်းတော့ မဟုတ်နိုင်ပေ။

ထူးဆန်းသည်မှာ ပလွေများ ပြန့်ကျဲနေသကဲ့သို့ လူခြောက်ယောက်စလုံး အတုံးအရုံး လဲကျနေခြင်းဖြစ်နေပေသည်။

"သူတို့ သေနေကြပြီလား"

ယွန်ချောချောက စိုးရိမ်ထိတ်လန့်စွာ မေးလိုက်၏။

"ဟင့်အင်း ... မသေသေးပါဘူး၊ သွေးကြောပိတ်ခံထားရတာပါ"

ထက်ကျင်သည် ထိုလူများ မသေသေးကြောင်း မြင်ရုံနှင့် သိ၏။

ယွန်ချောချောမှာမူ ထက်ကျင်ကဲ့သို့ အတွေ့အကြုံရင့်ကျက်သူမဟုတ်၍ သာမန်ကြည့်ရုံဖြင့် သေဆုံးနေခြင်းလား၊ အကြောပိတ်ခံထားရခြင်းလား ခွဲခြားမသိနိုင်ပေ။

ယွန်ချောချောက မေးငေါ့ပြရင်း မေးလေ၏။

"သူတို့က ဘာဖြစ်လို့ ဒီအခြေအနေ ရောက်နေရတာလဲ"

"သူတို့ကို ဟို … သိုင်းပညာရှင်ကြီးက အကြောပိတ်သွားတာပဲဖြစ်ရမယ်"

"ဘာလဲ … အစ်ကို့ကို ဆီးနှင်းခဲနဲ့ ပစ်တဲ့လူလား"

"သူပဲပေါ့"

"ဘာဖြစ်လို့ သူက ဒီခြောက်ယောက်ကို အကြောပိတ်ရတာလဲ၊ ဒီခြောက်ယောက်ကလည်း ဘာလို့ ဒီမြောင်းထဲရောက်နေရတာလဲ"

"ကျောင်းစေ့ခင်ကို ငါ အထင်သေးခဲ့မိတာ မှားတယ်၊ တကယ်တော့ ကျောင်းစေ့ခင်ဟာ အဆင်သင့် ထောင်ချောက်ဆင်ခဲ့တာပဲ၊ သူမတွက်မိတာ တစ်ခုပဲရှိတယ်၊ သူ့ဂေဟာကို ငါမီးရှို့လိမ့်မယ် မထင်တဲ့အချက်ပဲ"

"ဟုတ်ကဲ့ … ညီမလေးလည်း အစ်ကိုလုပ်တာကို အံ့သြခဲ့မိပါတယ်"

"သူဟာ ဒီမြောင်းထဲမှာ သူ့လူခြောက်ယောက်ကို စောင့်နိုင်းထားတယ်၊ နောက်ဆုံးအခြေအနေရောက်လို့ သူထွက်ပြေးခဲ့ရင် သူဟာ ဒီလမ်းအတိုင်းပြေးမယ်၊ ငါ့ကိုမှားခေါ်ထုတ်လာမယ်၊ ငါ နောက်ကလိုက်လာရင် ငါ့ကို အဆိပ်ပြောင်းတွေ အဆိပ်မြားတွေနဲ့



ဝိုင်းမှုတ်ကြရမယ် … ဒါဟာ ကျောင်းစေ့ခင်ရဲ့ အစီအစဉ်ပဲ"

"သူက ဘာဖြစ်လို့ အစ်ကို့ကို လှည့်ရင်ဆိုင်ရတာလဲ"

"ပြေးလွှားနေတဲ့လူကို အဆိပ်ပြောင်းနဲ့မှုတ်တာက ထိမှန်ဖို့ မလွယ်ကူဘူးလေ၊ သူက လှည့်ရင်ဆိုင်တော့ ငါကလည်း အပြေးရပ်ရတော့တာပေါ့၊ ဒါမှ သူ့လူတွေက အဆိပ်ပြောင်းနဲ့ စိမ်ပြေနပြေမှုတ်နိုင်တော့မှာပေါ့၊ ဒါပေမဲ့ …"

"သူ့တွက်ကိန်းမကိုက်ဘဲ ဖြစ်သွားရောဆိုပါတော့"

"အေးပေါ့ … ကြည့်လေ … သူစီစဉ်ထားတဲ့ လူခြောက်ယောက်ကို တစ်ယောက်ယောက်က သွေးကြောပိတ်သွားတော့ သူလည်း ဘာမှမတတ်နိုင်ဘဲဖြစ်သွားတယ်၊ သူ့အတွင်းအားဟာ ငါနဲ့ မတိမ်းမယိမ်းပါပဲ၊ ဓားလွှင့်စဉ်သွားလောက်အောင် ဖြစ်သွားရတာကတော့ သူ့စိတ်တွေပျံ့လွင့်သွားလို့ပါ၊ သူ့စိတ်ထဲမှာ ဘာဖြစ်လို့ သူ့လူတွေက အဆိပ်ပြောင်းနဲ့မမှုတ်ပါလိမ့်လို့ တွေးနေမိလို့ သူ့လက်ထဲကဓား လွတ်သွားတာပါ၊ ငါ့ဓားချက် သူ့လည်မျိုကို ထိုးမိမလိုဖြစ်တော့ ကယ်တင်ရှင်က ဝင်ကယ်သွားတယ်၊ ငါလည်း သိပ်အံ့သြပြီး ကြောင်သွားတယ်၊ သူလည်း ဒါကို အခွင့်ကောင်းယူပြီး ထွက်ပြေးသွားတော့တာပဲ"

ယွန်ချောချောက စဉ်းစဉ်းစားစားပြောလေ၏။

"အစ်ကို … အစ်ကို့ကို ဆီးနှင်းခဲနဲ့ပစ်တဲ့လူနဲ့ ဒီလူခြောက်

ယောက်ကို အကြောပိတ်တဲ့လူဟာ တစ်ယောက်တည်းဖြစ်မလား"

"တစ်ယောက်တည်းပဲဖြစ်နိုင်တယ်၊ တကယ်လို့ နှစ်ယောက်ဖြစ်နေရင် ဒီနှစ်ယောက်ဟာ ဆန့်ကျင်ဘက်လူတွေဖြစ်ရမယ်၊ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ကြမယ်၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ယောက်က ငါ့အသက်ကိုကယ်တဲ့အနေနဲ့ ဒီခြောက်ယောက်ကို အကြောပိတ်ရမယ်၊ တစ်ယောက်ကတော့ ကျောင်းစေ့ခင်အသက်ကို ကယ်တဲ့အနေနဲ့ ငါ့ဓားကို ဆီးနှင်းခဲနဲ့ပစ်ရမယ်၊ အခုတော့ ဘာတိုက်ပွဲရဲ့အရိပ်လက္ခဏာမှ မတွေ့ရဘူး၊ ဒီတော့ လူတစ်ယောက်တည်းက ငါ့ကိုမသေအောင်၊ ကျောင်းစေ့ခင်ကိုလည်း မသေအောင် ကယ်လိုက်တယ်ဆိုတာ သေချာနေတယ်"

အလွန်တရာ စဉ်းစားဉာဏ်ကောင်းသော ထက်ကျင်ပင်လျှင် ထိုလူ မည်သူဖြစ်မည်ကို စဉ်းစားမရဘဲ ရှိနေလေသည်။

သူသည် မြောင်းထဲသို့ခုန်ဆင်းကာ သွေးကြောပိတ်ခံထားရသူများကို စစ်ဆေးကြည့်သည်။

ထက်ကျင်၏အာမေဋိတ်သံကို ကြားလိုက်ရသောအခါ ယွန်ချောချောသည် မြောင်းထဲသို့ လျင်မြန်စွာခုန်ဆင်းလာတော့သည်။

"အစ်ကို ... ဘာကိုတွေ့လို့လဲ"

"ချောချော ... ဒီမှာကြည့်စမ်း ... ဒီလူတွေ ဆီးနှင်းပုလဲလက်နက်နဲ့ သွေးကြောပိတ်ခံထားရတယ်"



"ရှင် ..."

သည်တစ်ကြိမ် အာမေဋိတ်သံထွက်သွားသည်က ယွန်ချောချောသာဖြစ်သည်။ အဘယ်မှာလျှင် သူမအနေဖြင့် မအံ့သြဘဲရှိပါအံ့နည်း။ သူမ၊သိရှိထားသော သူမ၊တတ်ကျွမ်းထားသော ဆီးနှင်းပုလဲလက်နက်ပုန်း ပစ်ခတ်သည့်အတတ်ပညာသည် ရန်သူများအသက်သေသည့် ပညာရပ်သာဖြစ်၏။

ဆီးနှင်းပုလဲလက်နက်ဖြင့် အကြောပိတ်ရုံပစ်ခတ်နိုင်သည့် အတတ်ပညာကို သူမ ကြားလည်းမကြားဖူးချေ။ သင်လည်း မသင်ခဲ့ရဖူးချေ။ သူမ၏မိခင်နှင့် ဖခင်တို့လည်း ထိုလက်နက်ဖြင့် အကြောပိတ်တတ်သည်ဟု သိမထားခဲ့ချေ။

အကယ်၍ သူမ၏မိခင်နှင့် ဖခင်တို့ တတ်ကျွမ်းထားပါက သူမကိုလည်း မုချသင်ပေးကြလိမ့်မည်။ ယခု သူမ မတတ်ကျွမ်းချေ။ ယွန်ချောချောက စဉ်းစဉ်းစားစားပြောသည်။

"ဖေဖေနဲ့ မေမေတို့က ဒီလိုနည်းနဲ့ အကြောပိတ်နိုင်တယ်လို့ တစ်ခါမှတော့ မပြောဖူးဘူး။ ဖေဖေကတော့ ဒီပညာကို လုံးဝမတတ်ဘူး၊ သူက တာဝန်ဝတ္တရားတွေနဲ့ ပိနေတော့ ဒီပညာကို ဒီလောက်လည်း လေ့ကျင့်နိုင်မှာမဟုတ်ဘူး၊ မေမေကတော့ ဖြစ်နိုင်တယ်၊ ညီမ မသိအောင် လျှို့ဝှက်ထားတာဖြစ်ချင်ဖြစ်မယ်"

ထက်ကျင်က ခေါင်းခါ၏။

"မင်းမေမေတော့ မဖြစ်နိုင်ပါဘူး"

"ဘာဖြစ်လို့လဲ"

"မင်းမေမေဟာ ငါ့ထက် သိုင်းပညာအဆင့်မြင့်တာတော့ မှန်ပါတယ်၊ ဆီးနှင်းခဲကလေး မကြေမွစေဘဲနဲ့ ငါ့မားကို လမ်းကြောင်းပြောင်းစေလောက်အောင်တော့ မစွမ်းသေးဘူး"

"ကျွန်မရဲ့ဘိုးဘိုးဖြစ်မယ်ဆိုရင်ကော"

"ဒါလည်းမဖြစ်နိုင်ပါဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ဘိုးဘိုးဟာ ဆီးနှင်းပုလဲပစ်ခတ်တဲ့ အတတ်ပညာမှာ တစ်ဖက်ကမ်းခတ်တယ်၊ အစ်ကို့မားကို လမ်းကြောင်းပြောင်းအောင်လည်း ပစ်ခတ်နိုင်စွမ်းရှိတယ်၊ ဆီးနှင်းခဲလေး မကြေမွစေဘဲနဲ့ပေါ့လေ၊ နောက်ပြီး ဒီလူခြောက်ယောက်ကိုလည်း အကြောဝိတ်နိုင်စွမ်းရှိတယ်၊ ဟုတ်တယ် ဘိုးဘိုးမှ ဘိုးဘိုးအစစ်ပဲ"

"မဖြစ်နိုင်ဘူး၊ မင်းအဘိုးမှာ ဒီလိုစွမ်းရည်တွေရှိတာတော့ အမှန်ပါပဲ၊ ဒါပေမဲ့ မင်းအဘိုးဟာ သိုင်းလောကထဲက အနားယူသွားပြီ၊ ကျန်ဝူးနယ်ထဲကပြဿနာကို သူစိတ်မဝင်စားတော့ဘူး၊ အထူးသဖြင့် ကျောင်းစေ့ခင်လို ထန်ဆက်ဘွန်ဂိုဏ်းရဲ့ အကြီးအကဲတစ်ယောက်ကို ဘယ်လိုနည်းနဲ့မှ ကယ်တင်မှာမဟုတ်ဘူး"

ထက်ကျင်က သူ့အမြင်ကိုရှင်းပြသည်။ ထက်ကျင်၏အမြင်ကို ယွန်ချောချောက လက်မခံနိုင်ချေ။ လက်မခံနိုင်သည့် အကြောင်း





အချက်များ သူမ၌ရှိနေပေသည်။ ထိုအချက်များကို သူမက ထက်ကျင်အား ရှင်းပြ၏။

"ဒီလိုရှိပါတယ် အစ်ကို ... ဘိုးဘိုးဟာ မေမေ့ကို သိပ်ချစ်ပါတယ်၊ မေမေ ဒုက္ခရောက်သွားတယ်ဆိုတဲ့သတင်းသာသိရင် ဘိုးဘိုးဟာ သိုင်းလောကကို ဘယ်လောက်ပဲကျောခိုင်းတယ်ဆိုဆို ပြန်ဝင်မှာပါ၊ ဘွားဘွားသိရင် ဘွားဘွားလည်း ပါလာနိုင်တယ်"

"အဲ ... အဲ ... မင်းရဲ့အဘွားတော့ ဖြစ်ကောင်းဖြစ်နိုင်တယ်၊ သူက နဂါးစိတ်ပြောင်းအတွင်းအားပညာ တတ်ထားတယ်မဟုတ်လား"

"အစ်ကို ဒီအချက်ကိုတော့ လွယ်လွယ်လက်ခံပါကလား"

"အကြောင်းရှိတာကိုး၊ မင်းပြောတဲ့အချက်တိုင်းကို အကြောင်းအချက်မရှိရင် ငါလက်မခံဘူး၊ မင်းရဲ့အဘွားဟာ သူ့တူအပေါ် သံယောဇဉ်ရှိတယ်လို့ မင်းပဲပြောခဲ့တယ်၊ မင်းရဲ့အမေနဲ့ပေးစားဖို့ ဆန္ဒပြင်းထန်တယ်လို့ မင်းပဲပြောခဲ့တယ်၊ အခု ထန်ဆက်ဘွန်ဂိုဏ်းက မင်းရဲ့အမေကိုလည်း ပြဿနာလုပ်နေပြီ၊ မင်းရဲ့ဦးလေးချောက်တောင်လင်းကိုလည်း ပြဿနာလုပ်နေပြီ၊ ဒီတော့ ဒီပြဿနာထဲ ဝင်လာနိုင်တာကတော့ မင်းရဲ့အဘွားပဲပေါ့"

ယွန်ချောချောမှာ တွေဝေသွားသည်။ ထက်ကျင်၏ စကားများကိုလည်း စေ့စေ့စပ်စပ်လေ့လာသည်။ သေသေချာချာ စဉ်းစား

လေ ဖြစ်နိုင်ကြောင်း တွေ့ရှိလာရသည်။

"အစ်ကိုတွေးတာက သိပ်ကောင်းတာပဲ၊ ညီမလေးရဲ့ ဦးလေးတော်တဲ့ ချောက်တောင်လင်းကိစ္စကို တစ်ခါမှ ထည့်မတွေးခဲ့ဖူးဘူး"

"အေး ... အဲဒီချောက်တောင်လင်းပါလာတာကိုက မင်းရဲ့အဘွားကိုယ်တိုင် ဒီကိစ္စထဲကို ဝင်ပါစေခဲ့တာပဲလို့ ငါထင်တာပဲ"

"တစ်ခုတော့ ညီမလေး စဉ်းစားလို့မရဘူး"

"ဘာကို စဉ်းစားလို့မရတာလဲ"

"ညီမလေးရဲ့အဘွားသာဖြစ်တယ်ဆိုရင်လည်း အစ်ကို့ကို ကယ်တာ သဘာဝကျတယ်၊ အစ်ကိုက ညီမလေးကို ကူညီတာကိုး။ ကျောင်းဇေ့ခင်ကို ကယ်တာကျတော့ သဘာဝမကျဘူး၊ ထန်ဆက်ဘွန်ဂိုဏ်းဟာ ညီမလေးတို့ရဲ့ရန်သူပဲ"

မှန်သည်။

မိတ်ဆွေနှင့် မြေးဖြစ်သူအား ကူညီခြင်းမှာ သဘာဝကျသည်။ ရန်သူအား ကူညီခြင်းမှာ သဘာဝမကျပေ။

ယွန်ချောချော၏အဘွားသည် အဘယ်ကြောင့် ရန်သူအား ကူညီရသနည်း။

ထက်ကျင်အနေနှင့် ယွန်ချောချော၏ သံသယအတွေးကို ကောင်းစွာဖြေရှင်းနိုင်သည်။



"ကျောင်းဇေ့ခင်ကို ကယ်လိုက်တာ မှန်တာပေါ့၊ ဒါမှ ထန်ဆက်ဘွန်ဂိုဏ်းချုပ်ကို အမြန်ဆုံးတွေ့နိုင်မှာပေါ့"

"ညီမလေး နားမလည်ဘူး"

"ကျောင်းဇေ့ခင်ဟာ မြောက်ပိုင်းတာဝန်ခံဖြစ်တယ်၊ သူ့အခြေစိုက်စခန်းဟာ မမျှော်လင့်ဘဲ ပျက်စီးသွားပြီ၊ သူတောင် သေမလိုဖြစ်သွားခဲ့ရပြီ"

"ဒီတော့ ..."

"သူ့အခြေအနေတွေကို ထန်ဆက်ဘွန်ဂိုဏ်းချုပ်ဆီ အစီရင်ခံတင်ပြရဦးမှာပေါ့၊ မင်းရဲ့အဘွားဟာ ကျောင်းဇေ့ခင်ရဲ့နောက်ကို လိုက်သွားလိမ့်မယ်လို့ထင်တယ်"

"ဘွားဘွားသာဖြစ်ရိုးမှန်ရင် ညီမလေးက ထွက်မတွေ့သင့်ဘူးလား"

ထက်ကျင်က ဟက်ဟက်ပက်ပက် ရယ်လေ၏။

"ဟား ... ဟား ... ဟား ... ဆံဖြူနဂါးမကြီး ထွက်လာတဲ့ကိစ္စက ဆွေမျိုးတွေကို မျက်နှာပြဖို့ ထွက်လာတာမှမဟုတ်ဘဲ၊ မင်းနဲ့ တွေ့နေရင် ကျောင်းဇေ့ခင်နောက်ကို မလိုက်နိုင်ဘဲ ဖြစ်သွားမှာပေါ့"

"ရှင် ... ဆံဖြူနဂါးမကြီး ... ဟုတ်လား၊ ဒါက ကျွန်မဘွားဘွားရဲ့ နာမည်လား"

ထက်ကျင် မျက်လုံးပြူးသွားသည်။

"ဟေ ... မင်းအဖေနဲ့ အမေက ဒီလောက်ကလေးတောင်မှ မင်းကိုပြောပြမထားဘူးလား၊ သိုင်းလောကသား မပီသပါပေ့ကွာ"

ယွန်းချောချောမှာ မိဘနှစ်ပါးစလုံး ရှုတ်ချခံလိုက်ရသဖြင့် ရှက်သွေးတက်သွားသည်။ သို့သော် ထက်ကျင်၏စကားများက အမှန်ဖြစ်နေသဖြင့် ပြန်၍လည်း စောဒကမတက်နိုင်ပေ။

ယွန်းချောချောက ...

"ညီမလေးရဲ့အဘွား ပါလာပြီဆိုရင်တော့ ထန်ဆက်ဘွန်ဂိုဏ်း ပြိုကွဲဖို့နီးလာပါပြီ၊ ဘွားဘွားရဲ့ သိုင်းပညာဟာ အထွတ်အထိပ်ကို ရောက်နေပြီလို့ မေမေကပြောခဲ့ဖူးတယ်"

ယွန်းချောချောမှာ စိတ်ချလက်ချပြောသည်။ သူမပြောရလောက်အောင်လည်း ထန်တီးဂိုဏ်းသည် နာမည်ကြီးခဲ့ပေသည်။ ဆီးနှင်းပုလဲလက်နက်တစ်ခုတည်းကြောင့်ပင် အခြားအခြားသော ဂိုဏ်းများသည် ထန်တီးဂိုဏ်းကို ကြောက်ရွံ့ခဲ့ကြပေသည်။

အဘယ်ကြောင့် ထန်တီးဂိုဏ်း၏ အဆက်အနွယ်များကို ထန်ဆက်ဘွန်ဂိုဏ်းက ရန်စရဲလေသနည်း။

ထက်ကျင်က ပြုံး၍ပြော၏။

"မင်းတို့ဂိုဏ်းကိုလည်း သိပ်မထင်ကြီးမနေနဲ့၊ ထန်ဆက်ဘွန်ဂိုဏ်းဟာ အင်မတန် စေ့စပ်သေချာတဲ့ဂိုဏ်းဖြစ်တယ်၊ သူတို့က



မပိုင်ရင် လုပ်လေ့လုပ်ထမရှိဘူး"

ယွန်းချောချော လန့်သွားသည်။

"ဒါဖြင့် သူတို့က ပိုင်လို့လုပ်တာပေါ့ ... ဟုတ်လား၊ သူတို့ ဘာတွေပိုင်နေသလဲ"

"သူတို့ဟာ မင်းမိခင်နဲ့ မင်းဦးလေးကို ခြိမ်းခြောက်ဖို့ကြိုးစားကတည်းက မင်းတို့ယွန်းမိသားစုရဲ့ အတိတ်သမိုင်းကို သေသေချာချာ လေ့လာထားပြီးဖြစ်နေလိမ့်မယ်"

"သူတို့က ..."

"ထန်ဆက်ဘွန်ဂိုဏ်းရဲ့ လုပ်နည်းလုပ်ဟန်ဟာ အမြဲတမ်း သပ်ရပ်တယ်၊ မင်းရဲ့အဘွားဖြစ်တဲ့ ဆံဖြူနဂါးမကြီးကိုယ်တိုင် ထွက်လာလိမ့်မယ်ဆိုတာ သူတို့ကြိုတင်တွက်မထားဘူးလို့ မဆိုနိုင်ဘူး၊ ငါ့အတွေ့အကြုံအရ ငါ့တစ်သက် ဖြိုဖျက်ခဲ့တဲ့ ဒုစရိုက်ဂိုဏ်းတွေထဲမှာ ဒီဂိုဏ်းဟာ အဖြိုရအခက်ဆုံးပဲ၊ ငါ့သွေးသောက်အစ်ကိုကြီး နန်ကင်ကိုတောင် ဒုက္ခရောက်အောင် လုပ်နိုင်ခဲ့တဲ့ဂိုဏ်းပဲ၊ နောက်ဆုံးစကားပြောရအောင် မင်းအဘွားတောင် ဒီဂိုဏ်းကို အနိုင်ဖြိုချင်မှ ဖြိုနိုင်မှာ"

ယွန်းချောချောသည် ထက်ကျင်အား ယုံကြည်ကိုးစားရင်းရှိပြီးဖြစ်၍ သူမ၏အဘွား နိုင်ချင်မှနိုင်မည်ဆိုသည့်စကားကို သံသယမရှိပေ။

"အစ်ကို ... ဒါဖြင့် ညီမလေးတို့ ဘယ်လိုလုပ်ကြရင်ကောင်း မလဲ"

"တစ်ခုတော့ရှိတာပေါ့ ... ဆံဖြူနဂါးမကြီးတစ်ယောက် တည်းနဲ့ မအောင်မြင်ဘူးဆိုပေမယ့် ရွှေပုံလွှားနဲ့ပေါင်းရင်တော့ အောင်မြင်ကောင်း အောင်မြင်နိုင်တာပေါ့၊ နှစ်ယောက်ရဲ့အင်အား ဟာ တစ်ယောက်တည်းရဲ့အင်အားထက်တော့ ကြီးမားတာပဲ၊ တစ် ဖက်က ရွှေပုံလွှားက ဒုက္ခပေးမယ်ဆိုရင်တော့ ထန်ဆက်ဘွန်ကိုဏ်း အရှုံးမီးဝိုင်းသလို ဖြစ်နိုင်ပါတယ်"

ထက်ကျင်သည် တစ်ကိုယ်တော်သိုင်းသမားဖြစ်သော် လည်း စုပေါင်းအင်အားကို ယုံကြည်သူဖြစ်၏။ သူ့နောက်တွင် သူ့ကို ချစ်သော ဆင်းရဲသူဆင်းရဲသား၊ တောင်သူလယ်သမားများ ရှိကြပေ သည်။

ထန်ဆက်ဘွန်ကိုဏ်းကို ဖြိုဖျက်ရာ၌ ဆင်းရဲသား တောင်သူ လယ်သမားများ၏ အကူအညီနှင့် ဆံဖြူနဂါးမကြီး၏ အကူအညီကို သာရပါက မုချအောင်မြင်မည်ဖြစ်ကြောင်း ရွှေပုံလွှားထက်ကျင် အသည်းထဲမှ ယုံကြည်ထားလေ၏။

❖ ❖ ❖



## အခန်း (၄၁)
## တနှစ်ကိုယ်အချစ်

ထက်ကျင်သည် သတိလစ်နေသူများ၏ နဖူးများ၌ ထန် ဆက်ဘွန်ကိုဏ်းဟူသော စာလုံးများကို ဓားဦးဖြင့် ရေးခြစ်လိုက်သည်။

သွေးများညှိစို့လာသောအခါ အိတ်ထဲမှ ဆေးပုလင်းတစ်လုံး ထုတ်ယူပြီး ထိုဆေးဖြင့်သုတ်လိမ်းပေးလိုက်ရာ စို့နေသောသွေးများ ချက်ချင်းပျောက်သွားပြီး ထန်ဆက်ဘွန်ကိုဏ်းဟူသော စာလုံးများ ဗီသထင်ရှားစွာ ထွက်ပေါ်လာသည်။

သူသည် သတိမေ့နေသူများ၏ အကြောများကို ဖြေပေးရုံ သာမက ထိုသူတို့၏ သိုင်းပညာများကိုလည်း ဖျက်ဆီးပစ်လိုက် သည်။

မြွေ၏အစွယ်ကို ချိုးရသည်။ နွားလား၏ဦးချိုကို ချိုးရ သည်။ ဆင်ဆိုး၏ဆင်စွယ်ကို ချိုးရသည်။ ခြသေ့်၏ ခြေသည်းလက် သည်းကို ထုတ်ပယ်ရသည်။ သို့မှသာ အခြားသတ္တဝါများ ချမ်းသာ ရာရပေလိမ့်မည်။

သတိရလာသည့် သိုင်းသမားများသည် အတွင်းအားလေ့ကျင့်ကြည့်သည်နှင့် သိုင်းပညာများ အဖျက်ဆီးခံလိုက်ရပြီဖြစ်ကြောင်း နားလည်သဘောပေါက်သွားကြလေသည်။ သူတို့အားလုံး မျက်နှာငယ်ကလေးများနှင့် ဖြစ်သွားကြသည်။

ထက်ကျင်က သူတို့အား ပြတ်သားစွာပြောသည်။

"မင်းတို့တစ်တွေဟာ ပင်ကိုဗီဇကြောင့်ပဲဖြစ်ဖြစ်၊ ငါတို့နောက်မှာ ထန်ဆက်ဘွန်ဂိုဏ်းရှိတယ်၊ ငါတို့ကိုထိတဲ့လူကို ထန်ဆက်ဘွန်ဂိုဏ်းက ပြန်ပြီးလက်စားချေလိမ့်မယ်ဆိုတဲ့စိတ်နဲ့ပဲဖြစ်ဖြစ် ဆိုးသွမ်းမိုက်မဲနေကြတဲ့ လူတွေဖြစ်တယ်၊ အခု မင်းတို့ကို ငါသတ်လိုက်ရင် ရတယ် ... ဒါပေမဲ့ မသတ်ဘူး၊ သတ်လိုက်ရင် မင်းတို့ကျူးလွန်ခဲ့တဲ့အပြစ်တွေ မကျေဘဲဖြစ်နေမယ်၊ အခု မင်းတို့ကျူးလွန်ခဲ့တဲ့ အပြစ်တွေအတွက် ခံစားစေရဖို့ အသက်ချမ်းသာခွင့်ပေးလိုက်ပြီ သွားတော့"

လူခြောက်ယောက်သည် သူပုန်၏ အဆိပ်ပြောင်းများကိုသော်မှ မကောက်ယူနိုင်တော့ဘဲ ခေါင်းငိုက်စိုက်ချပြီး ထွက်သွားကြလေ၏။

ထက်ကျင်သည် ယွန်ချောချောအား ခေါ်ဆောင်လျက် သူ၏ မြင်းလှည်းထားရာ သစ်ပင်ကြီးအောက်သို့ ပြန်လျှောက်လာခဲ့သည်။



ကျောင်းစေ့ခင်မရှိတော့သဖြင့် သူတို့အား ချောင်းမြောင်းလုပ်ကြံမည့်အန္တရာယ်လည်း မရှိတော့ပေ။

မကြာမီ သူတို့၏မြင်းလှည်းရှိရာသို့ ပြန်လည်ရောက်ရှိလာကြသည်။ ယွန်ချောချောသည် သူ၏စိတ်ထဲ၌ တနုံ့နုံ့ဖြစ်နေသည့် အချက်များကို မမျိုသိပ်နိုင်ဘဲ ဖွင့်မေးတော့သည်။

"အစ်ကိုကြီး ... သူတို့ရဲ့သိုင်းပညာကို ဖျက်ဆီးပစ်လိုက်တာ အတော်လုံလောက်နေပါပြီ၊ နဖူးမှာ ထန်ဆက်ဘွန်ဂိုဏ်းလို့ ရေးလိုက်တာကတော့ သူတို့အပေါ် မညှာသလိုဖြစ်သွားတယ်၊ သူတို့ ဘယ်မှာ လူတောထဲဝင်ဆန့်ပါတော့မလဲ"

ထက်ကျင်က ရယ်မောရင်း ...

"တန်ရာတန်ဖိုးဆိုတာ ပေးကြရတာချည်းပဲ၊ သူတို့တစ်တွေ ဆင်းရဲသား တောင်သူလယ်သမားတွေကိုရော၊ သူဌေးသူကြွယ် လူကုံထံတွေကိုရော ကောင်းကောင်းကြီး ဒုက္ခပေးပြီးကြပြီ၊ ဒီတစ်ခါ သူတို့ခံစားကြရမယ့် အလှည့်ပဲ၊ သူတို့ခံစားကြပါစေ"

"အစ်ကိုပေးတဲ့တန်ဖိုးက ပိုပြီးကြီးလေးသွားတယ်လို့ ညီမထင်တယ်"

"အဲဒီလို ကြီးကြီးလေးလေး ပေးကိုပေးရမယ်၊ ထန်ဆက်ဘွန်ဂိုဏ်းသားတွေဟာ ဒီခြောက်ယောက်ကိုတွေ့သွားရင် ရွှေပျံလွှားကို ဖိမ့်ဖိမ့်တုန်အောင် ကြောက်သွားရလိမ့်မယ်၊ တရားသံဝေဂရသွား

ရင်လည်း ရသွားလိမ့်မယ်၊ ဒီလိုလုပ်တဲ့အတွက်ကတော့ အကောင်းချည်းပဲရှိပါတယ်"

"အစ်ကို့ကို အငြိုးကြီးကြီးထားမှာတော့ ထည့်မတွက်တော့ဘူးလား"

ထက်ကျော်က ရယ်ပြီး ...

"ဒါကတော့ ငါ့အဖို့ မဆန်းတော့ပါဘူးလေ၊ ဒုစရိုက်ဂိုဏ်းသားမှန်သမျှ ငါ့ကို ဘယ်သူကမှ မေတ္တာမထားကြပါဘူး၊ ထန်ဆက်ဘွန်ဂိုဏ်းဟာ ငါ့ကို သေစာရင်းသွင်းထားတာ ကြာလှပြီပဲ"

ယွန်ချောချောသည် ထက်ကျော်၏ ဖြောင့်မတ်တည်ကြည်သော စိတ်ထားနှင့် နိုင်မာပြတ်သားသော ဆုံးဖြတ်ချက်များကို အချိန်ကြာလာသည်နှင့်အမျှ ပို၍သိလာရသည်။

ထက်ကျော်သည် သူကိုယ်တိုင်က မဟုတ်မမှန်သည့် အလုပ်များကို မလုပ်သလို မဟုတ်မမှန်သည့် ဒုစရိုက်သမားများကိုလည်း ညှာတာလေ့မရှိပေ။

ထက်ကျော်၏စိတ်ထားသည် မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ခိုင်မတ်လေ၏။

"ကဲ ... လှည်းပေါ်တက်ပေတော့"

"ဘယ်ပြန်သွားကြမလဲ အစ်ကို"

"ချင်းချိန်တည်းခိုခန်းကို ပြန်သွားရမယ်၊ ငါတို့မြင်းကြီးတွေကို ပြန်ပြီးယူရမယ်"



ထက်ကျော်သည် မြင်းလှည်းကို ခပ်ကြမ်းကြမ်းမောင်း၍ ချင်းချိန်တည်းခိုခန်းသို့ ပြန်လာသည်။ လောက်ချီသည် တည်းခိုခန်း၌ အဆင်သင့်စောင့်နေ၏။

"သခင်ကြီးထက်ကျော် ... အားလုံးအဆင်ပြေပါရဲ့လား၊ ကျောင်းစေ့ခင်ကိုရော တွေ့ပါရဲ့လား"

ထက်ကျော်သည် ခေါင်းညိတ်ပြရုံပြ၏။

"ခင်ဗျား ကျုပ်အတွက် အစစအရာရာကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ခင်ဗျားလှည်းကို ဒီမှာပဲထားခဲ့တော့မယ်၊ ကျုပ်တို့မြင်းတွေယူပြီး ခရီးဆက်ရဦးမယ်"

လောက်ချီက ဦးညွတ်ဂါရဝပြုသည်။

"ဟုတ်ကဲ့ခင်ဗျာ ... သခင်ကြီးထက်ကျော်အနေနဲ့ အချိန်မရွေး လာခဲ့ပါခင်ဗျာ၊ သခင်ကြီးကို အချိန်မရွေးကူညီဖို့ အသင့်ရှိနေပါတယ်"

ထက်ကျော်သည် ယွန်ချောချောအား မြင်းဖြူကြီးပေါ်တက်ရန် အချက်ပြပြီး သူကိုယ်တိုင် မြင်းနက်ကြီးပေါ် ခုန်တက်လိုက်သည်။

"ကဲ ... ကျုပ်တို့သွားတော့မယ်"

လောက်ချီသည် မြင်းခုန်းစိုင်းစီးကာ ထွက်ခွာသွားသည့်

သူ့ကျေးဇူးရှင်အား ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့တော့သည်။

ယွန်းချောချောသည် ထက်ကျင်နောက်မှ အမီလိုက်သည်။ ခရီးအတော်ပေါက်လာပြီ ဖြစ်သော်လည်း မည်သည့်အရပ်သို့ ဦး တည်သွားနေမှန်းလည်း မသိပေ။ ညနေဆည်းဆာအချိန် မှောင်စ ပျိုးသောအခါမှ မြို့ငယ်ကလေးတစ်မြို့သို့ ရောက်ရှိလာသည်။

"အစ်ကို ... ဒီမြို့လေးကို ညီမလေး တစ်ခေါက်မှမရောက် ဖူးဘူး။ ဘာမြို့လို့ ခေါ်လဲဟင်"

"ဖောက်ထန်းမြို့လေ"

"ဒီမြို့မှာ ညီမလေးတို့ ဆုံတွေ့စရာလူများ ရှိနေလို့လား"

"မပြောတတ်ဘူးလေ၊ ကျောင်းစေ့ခင်ဟာ နေပြည်တော်ကို ပြေးတာပဲဖြစ်ရမယ်၊ ဒါကနေပြည်တော်မရောက်ခင် လမ်းခုလတ် က မြို့ငယ်ကလေးပဲ၊ ဒီမြို့ထဲမှာ ထန်ဆက်ဘွန်ဂိုဏ်းသားတွေ ရှိ ချင်ရှိနေဦးမှာပေါ့၊ ဘာပဲဖြစ်ဖြစ်လေ ... ငါတို့လည်း ကျောင်းစေ့ခင် ရဲ့ ဂေဟာကြီးထဲဝင်ပြီး တိုက်ရ ခိုက်ရ ပြေးရ လွှားရ လုပ်ခဲ့ကြရလို့ နားဖို့သင့်နေပြီ"

ယွန်းချောချော လက်ခံသည်။ သူမ ပင်ပန်းနေပြီ။ ပင်ပန်း မှုကြောင့် နွမ်းနယ်နေပြီ။ ထက်ကျင်အား အနားယူရန် စတင်မတိုက် တွန်းရဲသဖြင့် ငြိမ်၍လိုက်နေခြင်းသာ ဖြစ်နေသည်။

"ကောင်းတယ် အစ်ကို ... ညီမလည်း နားချင်ပြီ"



ထက်ကျင်သည် တည်းခိုဆောင်တစ်ခုရှေ့သို့ သူတို့မြင်းကြီး များကို ရပ်လိုက်၏။ အလုပ်သမားကလေးတစ်ယောက် ပြေးထွက် လာသောအခါ ထက်ကျင်သည် မြင်းနက်ကြီးနှင့် မြင်းဖြူကြီးကို အလုပ်သမားကလေး၏လက်ထဲသို့ ထိုးအပ်သည်။

"မြင်းတွေကို ကောင်းကောင်းအစာကျွေးပါ၊ ကောင်း ကောင်းအနားပေးပါ၊ ထိုက်သင့်တဲ့တန်ဖိုးထက် ပိုပြီးရစေရမယ်"

အလုပ်သမားကလေးက ဦးညွှတ်ပြီးပြောသည်။

"စိတ်ချပါ ... သခင်တို့စိတ်တိုင်းကျ ဖြစ်စေရပါစေ့မယ်"

"အခန်းတွေကော လွတ်ရဲ့လား"

အလုပ်သမားလေးက ရိုးသားလှသည်။

"ဒီမြို့ကငယ်တော့ ဧည့်သည်တွေ အလာနည်းပါတယ်၊ များသောအားဖြင့် အခန်းတွေ လွတ်နေတာချည်းပါပဲ"

ထက်ကျင် ပြုံးလိုက်မိသည်။ ဤစကားကိုသာ ဤတည်းခို ဆိုင်ပိုင်ရှင် ကြားသွားပါက ဤအလုပ်သမားကလေး အလုပ်ထုတ်ခံ ရမည်မှာ သေချာနေသည်ဟု တွေးမိ၏။

အလုပ်သမားလေး ပြောသည့်အတိုင်းပင် အခန်းလွတ်များ စွာ တွေ့ရသည်။ ကြိုက်သည့်အခန်းကို ရသည်။ ထက်ကျင်သည် သူ၏ ဝင်လမ်းထွက်လမ်းသာသည့် အခန်းနှစ်ခန်းကို ငှားရမ်းသည်။

"ချောချော ... မင်းအခန်းထဲ မင်းဝင်နေပေတော့၊ အစား

အသောက်ကိုလည်း ကြိုက်သလိုမှာစားပေတော့၊ ငါတော့ အပြင်ထွက်ပြီး မြို့တစ်ပတ် စနည်းနာလိုက်ဦးမယ်"

ယွန်ချောချောသည် ခေါင်းညိတ်ပြပြီး သူမ၏အခန်းထဲသို့ ဝင်သည်။ ထက်ကျင်လည်း သူ့မြင်းနက်ကြီးကို မြင်းဇောင်းမှထုတ်ကာ မြို့ထဲသို့ထွက်၍ စနည်းနာတော့သည်။

မြို့တစ်ပတ်ပတ်ပြီး စုံစမ်းမေးမြန်းသင့်သည်များကို စုံစမ်းပြီးသောအခါ တည်းခိုဆောင်သို့ ထက်ကျင်ပြန်လာသည်။ သူ့အခန်းကိုဝင်မည်အပြု ယွန်ချောချော၏အခန်းထဲမှ တဟင်းဟင်းညည်းညူသံ ကြားလိုက်ရသဖြင့် သူမ၏အခန်းတွင်းသို့ ကမန်းကတန်း တွန်းဝင်သွားမိသည်။

"ဟင် ... အခန်းတံခါးကို မင်းတုပ်လည်း ချမထားပါလား"

ထက်ကျင်သည် ခုတင်ပေါ်သို့ ကမန်းကတန်းလှမ်းကြည့်သည်။ ယွန်ချောချောသည် ခုတင်ပေါ်၌ တဟင်းဟင်းဖြင့် ညည်းညူနေသည်။ သူမ ဖျားနေလေပြီ။

ထက်ကျင် အနီးကပ်စမ်းသပ်သောအခါ အလွန်တရာအဖျားကြီးနေကြောင်းတွေ့ရ၏။ သူမတစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူလောင်လျက် ရှိနေသည်။

"ချောချော ... သတိရရဲ့လား"

"အစ်ကိုလား ... ညီမလေး ဖျားနေပြီနဲ့တူတယ်"



"ဖျားနေတယ် ... ကိစ္စမရှိဘူး၊ မကြာခင် ပျောက်သွားမှာပါ၊ တစ်သက်နဲ့တစ်ကိုယ် ပင်ပင်ပန်းပန်း ခရီးမသွားစဖူး ခရီးသွားလိုက်ရတော့ ဒီလိုဖြစ်သွားတာပါ၊ ငါ့အပြစ်ပါပဲလေ"

"အစ်ကို့အပြစ်မဟုတ်ပါဘူးလေ၊ ညီမလေးကိုယ်၌က နုလွန်းလို့ပေါ့လေ၊ မကြာခင်မှာတော့ အစ်ကိုလိုချင်သလို အကြမ်းခံရေစိမ်ခံဖြစ်လာမှာပေါ့၊ အခုလို ဖျားနာမိတဲ့အတွက်တော့ ခွင့်လွှတ်ပါနော်"

"ချောချော ... မင်းလည်းလိုတာပဲ၊ ဒီအခန်းထဲရောက်တာနဲ့ ဇွပ်ပြုတ်ရည်ပူပူလေး မှာသောက်ဖို့လိုတာပဲ၊ ဘာဖြစ်လို့ မှာမသောက်တာလဲ"

"အစ်ကို မှာနေပြီ၊ ညီမလေး မှာထားပါတယ်၊ ဇွပ်ပြုတ်ရည်ရောက်လာပေမယ့် ညီမလေး ထမသောက်နိုင်တော့ဘူး၊ ခုဆိုရင် ဇွပ်ပြုတ်ရည်တွေတောင် အေးကုန်ပြီလို့ ထင်ပါတယ်"

ထက်ကျင်သည် အတွင်းအိတ်ထဲမှ ဆေးပုလင်းတစ်လုံးကို ထုတ်ကာ ဆေးလုံးတစ်လုံးထုတ်၍ တိုက်လေ၏။ အလုပ်သမားတစ်ယောက်ကို လှမ်းခေါ်ကာ ရေနွေးကြမ်းပူပူ လှမ်းမှာသည်။

ထို့နောက် ယွန်ချောချောအား ရေနွေးကြမ်းပူပူတစ်ခွက်ကို တိုက်၏။ ထက်ကျင်သည် ယွန်ချောချော၏ခန္ဓာကိုယ်မှ ချွေးများကို ပဝါတစ်ထည်ဖြင့် သုတ်သင်ပေးပြီး ခုတင်ပေါ်၌ အသာပြန်အိပ်စေ

သည်။

"ချောချော ... အနားယူပေတော့၊ မကြာခင် အဖျားကျသွားမှာပဲ၊ ငါလည်း ဒီအခန်းထဲမှာ နေရတော့မှာပဲ"

ယွန်းချောချော မျက်လုံးကလေး ဝိုင်းသွားသည်။

ထက်ကျင်က ရယ်ပြီး..

"စိတ်အေးအေးထားစမ်းပါ၊ ဒီမြို့ထဲကို ထန်ဆက်ဘွန်ဂိုဏ်းသား သုံးယောက် ရောက်နေသတဲ့၊ ဟိုတစ်ခါတုန်းကလိုမဖြစ်အောင် ငါက တမင် ဒီအခန်းထဲမှာ နေတာပါ၊ အိပ်တော့ ဟိုခုံတန်းကလေးပေါ်မှာ အိပ်မှာပေါ့"

ထက်ကျင်သည် ပြောပြောဆိုဆို နံဘေးရှိ ခုံတန်းကလေးပေါ် သွားအိပ်သည်။ မကြာမီ ထက်ကျင်အိပ်ပျော်သွားတော့သည်။

ထက်ကျင်၏စိတ်ထဲ၌ သူ့လက်မောင်းကို တစ်စုံတစ်ဦးက လာကိုင်နေသလို ထင်မှတ်လာသဖြင့် ရုတ်တရက် နိုးလာသည်။ သူ့စိတ်ထင် မှန်ပါသည်။ ယွန်းချောချောသည် ခုံတန်းဘေး၌ ဒူးထောက်ထိုင်ရင်း ထက်ကျင်၏လက်မောင်းကို လာကိုင်နေခြင်းဖြစ်သည်။

"ချောချောလား ... နေကောင်းသွားပြီလား"

"နေကောင်းသွားပါပြီ အစ်ကို၊ အဖျားကျသွားပါပြီ"

ယွန်းချောချောသည် ထက်ကျင်၏လက်မောင်းကို မလွှတ်ဘဲ အတင်းဆုပ်ကိုင်ထားသည်။



"အစ်ကို ... အစ်ကို့ကို ညီမလေးချစ်တယ်"

ဆိုင်းမဆင့်ဗုံမဆင့် ပြောလိုက်သည့်အသံကြောင့် ထက်ကျင်မှာ ထထိုင်မိမတတ်ဖြစ်သွား၏။

"ညီမလေး ... မင်း ဖျားပြီး ကယောင်ကတမ်းတွေ ပြောနေပြီနဲ့တူတယ်"

"ဟင့်အင်း ... ညီမလေး မဖျားပါဘူး၊ ညီမလေးဟာ ဘယ်တုန်းကမှ ဟန်မဆောင်ခဲ့ပါဘူး၊ အစ်ကို့ကို ညီမလေးချစ်တယ်၊ အစ်ကိုကရောဟင် ..."

ထက်ကျင်သည် ယွန်းချောချောလိုပင် ဟန်မဆောင်တတ်သူ ဖြစ်ပါသည်။

ယွန်းချောချောအပေါ် ချစ်သံယောဇဉ်ကြီးသူဖြစ်၍ သူ့အနေဖြင့် ရေငတ်တုန်း ရေတွင်းကျသူလို ဝမ်းသာပျော်ရွှင်ဖွယ်ရာသာ ဖြစ်သွားပါသည်။ ထို့ကြောင့် ယွန်းချောချောအား အသာအယာ မွေ့ပိုက်လိုက် ၏။

"ငါက ငါ့ဂိုဏ်းတူညီမလေးဆိုတဲ့စိတ်နဲ့ စပြီးစောင့်ရှောက်ခဲ့တာပါ၊ မရိုးမသားစိတ်နဲ့ စောင့်ရှောက်ခဲ့တာတော့ မဟုတ်ပါဘူး"

ယွန်းချောချောမှာ ထက်ကျင်၏ရင်ခွင်ထဲ မျက်နှာအပ်ထားရာမှ ခေါင်းညိတ်ပြလေ၏။

"ဒါတွေ အစ်ကိုပြောဖို့ မလိုပါဘူးလေ၊ အစ်ကို့ရဲ့ မြင့်မြတ်

တဲ့စိတ်နေစိတ်ထားကို ညီမလေးလောက် ဘယ်သူကမှ သိမှာမဟုတ်ပါဘူး"

"အေးလေ ... ညီမလေးသိထားရင် ပြီးတာပါပဲ၊ အစ်ကိုဟာဘုရားရဟန္တာလည်းမဟုတ်တော့ ချစ်စရာကောင်းတဲ့ မိန်းမချောလေးကိုမြင်တော့ ချစ်မိတာပါပဲ၊ တစ်ခုပဲရှိတယ် ... အစ်ကို့ကြင်ဖော်ဟာ အစ်ကို့လိုပဲ မတရားမှုတွေကို ရွံမုန်းရမယ်၊ မတရားတာတွေကို တိုက်ဖျက်ရမယ်၊ ဒီအချက်နဲ့ပြည့်စုံရင် ပြီးတာပါပဲလေ"

"စိတ်ချပါ အစ်ကိုရယ် ... ညီမလေးဟာ အစ်ကို့စိတ်တိုင်းကျ မိန်းမအာဇာနည်ဖြစ်အောင် ကြိုးစားပါ့မယ်"

သူမသည် ထက်ကျင်အား တင်းတင်းကျပ်ကျပ်ကြီးပင် ပွေ့ဖက်ထားမိတော့သည်။

❖ ❖ ❖



## အခန်း (၄၂)
## ဒုတိယအကြိမ်ဆွေးနွေးခြင်း

နောက်တစ်နေ့နံနက် မိုးသောက်သောအခါ ထက်ကျင်သည် ခုံတန်းကလေးပေါ်၌ ထထိုင်သည်။

ယွန်းချောချောမှာမူ သူမ၏ခုတင်ပေါ်၌ နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်ပျော်နေသည်။

ထက်ကျင်သည် ခုံတန်းပေါ်မှထပြီး သူမအား အဖျားသွေးစမ်းကြည့်သည်။ အဖျားသွေး မရှိတော့။ သူမလည်း နိုးလာသည်။

"ဟာ ... မိုးတောင်တော်တော်လင်းနေမှကိုး၊ အစ်ကိုနိုးနေတာ ကြာပြီလား"

"ခုပဲနိုးတယ်၊ နေလို့ထိုင်လို့ ကောင်းရဲ့လား၊ အဖျားသွေးတော့ မရှိတော့ပါဘူး"

ထက်ကျင်က ကြင်ကြင်နာနာပင် ပြောသည်။

"ကောင်းပါတယ် အစ်ကိုရယ်၊ လန်းလန်းဆန်းဆန်းပါပဲ"

"ကဲ ... ဒါဖြင့် ထပြီး ကိုယ်လက်သန့်စင်ပေတော့"

ထက်ကျင်သည် သူ့အခန်းဘက်သို့ ကူးသွားတော့သည်။ နောက်တစ်ကြိမ် ထက်ကျင်သည် သည်ဘက်အခန်းသို့ ရောက်သောအခါ ယွန်းချောချောမှာ ကိုယ်လက်သန့်စင်ပြီးနေလေပြီ။

ထက်ကျင်သည် ယွန်းချောချော၏ခုတင်ပေါ်၌ သူမနှင့်အတူ ယှဉ်ထိုင်၏။

"ကဲ ... မင်းတစ်ခုခုမှာစားလေ၊ ငါကတော့ အရက်ကလေး ဘာလေး သောက်လိုက်ဦးမယ်"

ယွန်းချောချောသည် ဝိုင်းစက်ပြူးကျယ်သော မျက်လုံးများဖြင့် ထက်ကျင်ကို ကြည့်လိုက်မိလေ၏။ သူမနှင့် သွားနေသည့်ကာလပတ်လုံး ထက်ကျင်၏နှုတ်မှ အရက်စကားတစ်ခွန်းမှ မထွက်ခဲ့ချေ။ ယခု မကြားစဖူး ကြားလိုက်ရသဖြင့် ထိတ်လန့်တကြား ကြည့်မိခြင်းဖြစ်တော့သည်။

"အစ်ကို မဟုတ်တာတွေ မပြောပါနဲ့၊ အစ်ကို အရက်သောက်တာ ညီမလေး တစ်ခါမှမတွေ့ခဲ့ဖူးပါဘူး"

"ဒါကတော့ မင်းမတွေ့လို့ပါ၊ ကွယ်ရာမှာ သောက်ချင်သောက်မှာပေါ့"

"မဖြစ်နိုင်ပါဘူး ... လုံးဝမဖြစ်နိုင်ဘူး"

"ဖြစ်နိုင်ပါတယ်၊ ကျွန်ုပ်ဒေသထဲမှာရှိတဲ့ လူတော်တော်များများဟာ အရက်သမားတွေချည်းပဲ၊ ငါလည်း ကွမ်ဒိုက်ဒေသ



သားဆိုပေမယ့် ခုတော့ ကျွန်ုပ်နယ်ထဲရောက်နေတဲ့လူပဲ"

"အစ်ကိုရယ် ... အရင်က အရက်သောက်ခဲ့ဖူးတယ်ဆိုရင်လည်း ရှိပါစေတော့၊ အခုတော့ မသောက်ပါနဲ့တော့နော်"

"ဟေ ... ဘာဖြစ်လို့လဲ"

"အခု အစ်ကို့မှာ ချစ်ရကြင်နာရမယ့် ညီမလေးရှိနေပြီလေ"

ထက်ကျင်သည် တဟားဟားအော်ရယ်လေတော့၏။ ထက်ကျင်က ယွန်းချောချော၏နဖူးကလေးကို နမ်းသည်။ သူမ ကြည်နူးသွားသည်။

ထက်ကျင်က ခပ်တိုးတိုးပြော၏။

"မင်း တစ်ခုတော့ စဉ်းစားထားရမယ်နော် ... ငါဟာ ဟန်လူမျိုးစစ်စစ်မဟုတ်ဘူး"

"ဟန်ပဲဖြစ်ဖြစ်၊ ကျီနားပဲဖြစ်ဖြစ် ညီမလေး ဂရုမစိုက်ဘူး၊ ညီမလေးတစ်သက်မှာ ဘယ်သူ့ကိုမှ မချစ်ဖူးသေးဘူး၊ အစ်ကို့ကို ချစ်တယ်၊ အစ်ကို့နောက်ကိုပဲ လိုက်တော့မယ်"

"အေးလေ ... လိုက်တော့လိုက်တာပေါ့၊ အရက်သောက်တာကိုတော့ မတားနဲ့ပေါ့လေ"

"အစ်ကိုက တကယ်အရက်သောက်မလို့လားဟင်"

"ချောချော ... ဒီလောက်အေးတဲ့ဒေသမှာ ဘယ်သူ အရက်မသောက်ဘဲ ရှိပါ့မလား၊ အဲဒီအချက်ကိုလည်း ထည့်တွက်ဦးမှပေါ့၊

ဒါပေမဲ့ ငါဟာ အရက်ကို ဘယ်တော့မှ အလွန်အကျွံမသောက်ခဲ့ပါဘူး၊ ကိုယ့်ကိုသတ်မယ့် ရန်သူတွေ ဝိုင်းဝိုင်းလည်နေတဲ့အချိန်မှာ ကိုယ်က အရက်မူးနေရင် ကိုယ်ပဲသေမှာပေါ့"

သူမက တခစ်ခစ်ရယ်မောလေတော့၏။

"အစ်ကိုက အမူးပါးပဲ၊ ဒီလိုဆိုရင်တော့ အစ်ကို အရက်သောက်တာကို ဘယ်တားလို့ဖြစ်ပါတော့မလဲ၊ ကဲ ... အစ်ကို့အတွက် ညီမလေးပဲ အရက်မှာပေးရမှာပေါ့၊ အစ်ကို ဘာအရက်သောက်မလဲ ဟင်"

ထက်ကျော်က ခေါင်းခါယမ်းရင်း ...

"ဒီမှာသောက်လို့မဖြစ်ဘူး၊ တခြားနေရာမှာ သွားသောက်ရမယ်၊ ဒါမှအဆင်ပြေမှာ"

"ရှင် ..."

သူမ အံ့သြသွားသည်။

"ဒီလောက်မနက်အစောကြီး ဘယ်ဆိုင်က အရက်ရောင်းဦးမှာလဲ"

ထက်ကျော်က ရယ်ပြီး ...

"ဒီလိုတည်းခိုဆိုင်မှာတောင် အရက်ရသေးတာပဲကွာ၊ အရက်ဆိုင်ဆိုရင် ပိုပြီးအရက်ရတာပေါ့၊ ဟိုဘက်နှစ်လမ်းကျော်မှာ ထက်အူလူးဆိုတဲ့ အရက်ဆိုင်တစ်ဆိုင်ရှိတယ်၊ အဲဒီဆိုင်က အရက်ချို



တွေအတွက် အထူးဖွင့်ထားတဲ့ဆိုင်ပဲ"

"အထူးဖွင့်လှစ်ထားတဲ့ဆိုင် ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီဆိုင်မှာ အလုပ်သမားတွေကို နှစ်ဆိုင်းခွဲထားတယ်၊ နေ့ဆိုင်း ညဆိုင်းပေါ့၊ အရက်ဆိုင်ကို နေ့ရောညပါ ဖွင့်ထားတယ်"

"အစ်ကိုက အဲဒီဆိုင်မှာ သွားသောက်မလို့လား"

"သွားသောက်မယ်လေ၊ မင်းကိုလည်း အထူးအဆန်းပြမလို့ပေါ့"

"ရှင် ... အရက်ဆိုင်က ဘာများထူးဆန်းမှာမို့လဲ အစ်ကိုရယ်"

"ထူးဆန်းတာပေါ့၊ ဒီအရက်ဆိုင်က တခြားဆိုင်တွေကို အရက်အိုး၊ အရက်ကရား၊ ဘာတွေညာတွေ ချထားပေးတာမဟုတ်ဘူး။ ဆိုင်အလယ်က မြေကြီးထဲမှာ စဉ့်အိုးကြီးတစ်လုံး မြှုပ်ထားတယ်၊ အဲဒီအိုးကြီးထဲက အရက်ကို ကိုယ်ခွက်နဲ့ကိုယ် ခပ်သောက်ရတယ်"

"ငွေရှင်းတော့ ဘယ်လိုရှင်းမလဲ"

"ဆိုင်အလုပ်သမားတစ်ယောက်က ဘေးကနေ ထိုင်မှတ်နေတာပဲ၊ တစ်ယောက်ကို ဘယ်နှစ်ခွက်လောက် သောက်သလဲဆိုတာ သူတို့ဆီမှာ စာရင်းအတိအကျရှိပါတယ်"

"ဒီဆိုင်က အတော်အောက်တန်းကျတယ်လို့ ခေါ်ရမှာပဲ၊ ဘာဖြစ်လို့ အရက်ကို အဆင့်တန်းမြင့်မြင့် မရောင်းတာလဲ"

ထက်ကျင်က ရယ်ပြီး ...

"ဒီမြို့က မြို့ငယ်ကလေးပဲ၊ သိပ်အထက်တန်းကျနေရင်လည်း ဘယ်သူမှ လာသောက်မှာမဟုတ်ဘူး။ အခု ဒီတည်းခိုဆိုင်ကိုပဲ ကြည့်ပါဦး ... တည်းခိုတဲ့လူ ဘယ်နှစ်ယောက်ရှိလို့လဲ"

ယွန်ချောချောမှာ စောဒကမတက်နိုင်တော့ပေ။

"အဲဒီဆိုင်မှာ တခြားကောင်းတဲ့ အချက်တစ်ချက် ရှိသေးတယ်"

"ဘာများပါလိမ့်"

"ကျိုးတင့်ဆန်းလို့ခေါ်တဲ့ ငွေသိမ်းစာရေးမကလေးပဲ"

"အစ်ကိုနော်"

"ဟုတ်တယ်၊ သူ့ကိုယ်လေးဟာ အမြဲတမ်း ပန်းရနံ့သင်းနေတယ်၊ သူ့မျက်နှာကလေးကလည်း ပန်းကလေးလို သိပ်လှတာပဲ၊ ဒါကြောင့်လည်း အဲဒီဆိုင်မှာ အရက်သမားတွေ သိပ်များနေခဲ့တာပဲ"

ထက်ကျင် အတည်ပြောနေခြင်းမဟုတ်မှန်း သိသော်လည်း ယွန်ချောချောမှာ မိန်းကလေးတို့သဘာဝ အူတိုမျိုးဖြစ်သဖြင့် အလိုလို နှုတ်ခမ်းစူသွားမိသည်။

ထက်ကျင်ကမူ ခပ်ပြုံးပြုံးဆက်ပြောနေ၏။



"ဒါက လွန်ခဲ့တဲ့ဆယ့်ငါးနှစ်လောက်ကအကြောင်းကို ပြောနေတာပါ၊ အခုတော့ အဲဒီကျိုးတင့်ဆန်းဆိုတဲ့ မိန်းကလေးရဲ့မျက်နှာဟာ စပျစ်သီးခြောက်နဲ့ တူနေပါပြီ ... ရှုံ့တွလို့ပေါ့"

ယွန်ချောချောသည် နှုတ်ခမ်းမစူနိုင်တော့ဘဲ တခစ်ခစ် ရယ်မောမိတော့သည်။

ထို့နောက် ထက်ကျင်၏ ကျောပြင်ကိုလည်း တဘုံးဘုံးထုလေ၏။

"အစ်ကို စကားအကောင်းပြောမလားဆိုပြီး နားထောင်နေတာ၊ အခုမှ စကားပျက်ဖြစ်မှန်း သိရတော့တယ်"

"ဟား ... ဟား ... ဟား ... ငါက ဘယ်တော့မှ စကားပျက် မပြောဘူး၊ ငါပြောချင်တဲ့ စကားကောင်းရှိနေလို့ ထက်အူလူး အရက်ဆိုင်အကြောင်း ဒီလောက်နိဒါန်းသွယ်နေရတာ ညီမလေးရဲ့"

"ရှင် ... ဘာအကြောင်းများ ရှိနေလို့လဲ"

"စကားကောင်းပြောရမယ်ဆိုရင် အဲဒီဆိုင်မှာ ကျောင်းဇေခင်ဟာ မနေ့ကတည်းက ရောက်နေတယ်"

"ရှင် ... ဘာဖြစ်လို့ ညီမလေးကို ကြိုပြီးမပြောတာလဲဟင်"

ထက်ကျင်က တည်တည်ကြည်ကြည်ပြောသည်။

"ပြောပါတယ်လေ ... ထန်ဆက်ဘွန်ဂိုဏ်းသား နှစ်ယောက်၊သုံးယောက် ဒီမြို့ထဲကိုရောက်နေလို့ ဒီအခန်းထဲမှာ ငါအိပ်

မယ်လို့တောင် ပြောခဲ့သေးတယ် မဟုတ်လား၊ အခုပြောလို့လည်း နောက်မကျသေးပါဘူး၊ သူ ဒီဆိုင်ထဲမှာပဲ ရှိဦးမှာပါ"

"သူက တစ်ညလုံး အဲဒီဆိုင်မှာ အရက်သောက်နေမှာလား"

ထက်ကျင်က ရယ်ပြီး ...

"တစ်ညလုံး ဘယ်သောက်မလဲ၊ အဲဒီဆိုင်ရဲ့ အနောက်ဘက်မှာ တကယ့်အိပ်ခန်းကောင်းကောင်းရှိပါတယ်၊ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ မြောက်ပိုင်းတာဝန်ခံလို ပုဂ္ဂိုလ်မျိုးမှ အိပ်နိုင်ခွင့်ရမယ့် အိပ်ရာမျိုးပေါ့၊ တကယ်တော့ ကျောင်းစေ့ခင်ဟာ ခြေရာပျောက်တာပါ၊ ဒါပေမဲ့ ထက်ကျင်ကို ကူညီချင်တဲ့လူတွေကလည်း နေရာတကာမှာရှိနေတော့ ကျောင်းစေ့ခင်ဟာ သူ့စိတ်တိုင်းကျ ခြေရာမပျောက်နိုင်ဘဲ ရှိနေတော့တာပေါ့"

"သူ အခုဆိုရင် အိပ်ရာထသွားလောက်ပြီပေါ့"

"မသွားသေးပါဘူး"

"အစ်ကို့အပြောက သေချာလှချည်လား"

"သိပ်သေချာတယ်၊ သူထွက်သွားတာနဲ့ ငါ့ဆီကို တစ်ယောက်ယောက်က လာသတင်းပေးမှာပဲ၊ အဲဒီသတင်းပေးမယ့်လူလာရင်သာ မင်းမအံ့သြနဲ့"

"ဟင် ... ဘာဖြစ်လို့လဲ"

"စုတ်တီးစုတ်ပြတ်နဲ့ သူတောင်းစားတစ်ယောက် ဖြစ်ချင်



ဖြစ်မယ်၊ အဲဒါကြောင့်မို့ ကြိုတင်ပြီး ပြောထားတာပါ"

ဤအချက်ကား ရွှေပျံလွှားထက်ကျင် ဂုဏ်ယူနိုင်သည့်အချက်ပင် ဖြစ်ပါတော့သည်။

ရွှေပျံလွှားဟူသည့်နာမည်သည် ဆင်းရဲသားများ၏ အသည်းနှလုံးထဲ၌ စွဲမြဲနေသော နာမည်ဖြစ်သည်။

အချက်မသိသူများက ရွှေပျံလွှားအား မြေလျှိုးမိုးပျံနေသည့် ဝိဇ္ဇာတစ်ပါးအလား ထင်မှတ်မှားကြသည်။

အမှန်ကတော့ ရွှေပျံလွှားအား ဆင်းရဲသားပြည်သူပြည်သားများက ကူညီနေခြင်းသာ ဖြစ်သည်။

ရွှေပျံလွှားသည် နတ်ဝိဇ္ဇာတစ်ပါး မဟုတ်ပေ။

"ကဲ ... ခုချိန်ထိ ကျောင်းစေ့ခင်ထွက်သွားပြီလို့ ဘယ်သူကမှ သတင်းလာမပို့သေးဘူး၊ အခု အဲဒီဆိုင်မှာ မင်းနဲ့ငါ အရက်သွားသောက်ကြမယ်၊ ကန့်ကွက်စရာအကြောင်းအချက်များ ရှိနေသေးသလား"

ယွန်ချောချောသည် သူ့ရဲကောင်းကြီး ရွှေပျံလွှားထက်ကျင် မတ်တတ်မရပ်မီ သူမက အလျင်ဦးစွာ ထရပ်လိုက်လေ၏။

❖

'ထက်အူလူး' ...။

ပျဉ်ချပ်ပေါ်၌ရေးသားထားသည့် စာသားများမှာ သေသပ်လှပခြင်းမရှိပါ။ သို့သော် ထက်ကျင်ပြောသလို လူစည်ကားသည်ကတော့ အမှန်ပင်ဖြစ်ပါသည်။

အရက်သက်သက်ရောင်းသော ဆိုင်ဖြစ်၍ အနံ့အသက်များကလည်း ဆိုးရွားလှပါသည်။ ယွန်းချောချောမှာ နှာခေါင်းလေး တရှုံ့ရှုံ့ဖြင့် လိုက်ပါလာခဲ့ရသည်။

ဆိုင်အလုပ်သမားကလေးတစ်ယောက်သည် ချောမောလှပသော မိန်းကလေးတစ်ယောက်အား ထူးထူးခြားခြားခေါ်လာသည့် ထက်ကျင်အား အံ့ဩသလို လှမ်းကြည့်သည်။

ထက်ကျင်က ထိုအလုပ်သမားလေးအား ဘေးဘက်အခန်းဆီသို့ လက်ညှိုးထိုးပြ၏။

အလုပ်သမားကလေးက ကပျာကယာ ခေါင်းညိတ်ပြီး အခန်းတံခါးကို ဆွဲဖွင့်ပေးသည်။

ထက်ကျင်သည် ယွန်းချောချော၏လက်မောင်းကိုဆွဲကာ အတွင်းသို့ဝင်လိုက်၏။

"ဟော"



ကျောင်းစေ့ခင်သည် စားပွဲခုံတစ်လုံး၌ တစ်ယောက်တည်းထိုင်နေသည်။ ဤအခန်းထဲ၌ ကျောင်းစေ့ခင်မှတစ်ပါး မည်သူမျှရှိမနေပေ။

ထက်ကျင်နှင့် ယွန်းချောချောတို့ကို မြင်လိုက်သောအခါကျောင်းစေ့ခင် အံ့ဩသွားသည်။ အံ့ဩသည့်အမူအရာသည် တဒင်္ဂအတွင်း ပျောက်သွားသည်။ သူ၏လက်ကိုဝှေ့ယမ်းပြပြီး လွတ်နေသည့် ထိုင်ခုံများ၌ ဝင်ထိုင်ရန်အချက်ပြလေ၏။

"ဒီလူကြီးမှာ ဘာဉာဏ်နီဉာဏ်နက်တွေ ရှိနေသလဲမသိဘူး"

ယွန်းချောချောမှာ ထိုသို့တွေးမိသဖြင့် မထိုင်ဝံ့ချေ။ သို့သော်ထက်ကျင်ကမူ အေးအေးဆေးဆေးပင် ဝင်ထိုင်နေလေ၏။

"မင်းတို့နှစ်ယောက် တယ်ပြီးစောကြပါကလား"

ထက်ကျင်က အေးအေးဆေးဆေးပင် ပြောသည်။

"ဟုတ်တယ် ... ခပ်စောစောပဲ၊ စောလွန်းလို့ ခင်ဗျားအံ့ဩနေတာလား၊ ခင်ဗျားရှိနေတယ်ဆိုတာကို ကျုပ်အသိမြန်လို့ အံ့ဩတာလား"

"မင်းလိုလူမျိုးကို ဘာများဖုံးကွယ်လို့ ရမှာလဲကွာ၊ ငါ ဒီနေရာမှာရှိမယ်ဆိုတာ မင်းသိနိုင်တယ်ဆိုတာ ငါတွက်ပြီးသားပါ၊ ဒီနေရာကို ဒီလောက်စောစောရောက်လာတဲ့အတွက် အံ့ဩတာပါ"

ထက်ကျင်က ရယ်၏။

"ဂေဟာကြီး မီးရှို့နိုင်တယ်ဆိုတဲ့ အချက်တစ်ချက်ကို ထည့်မတွက်တာကလွဲရင် တခြားအချက်တွေမှာ ကျောင်းစေ့ခင်ဟာ အတွက်အချက် တော်ပါပေတယ်"

"ဟား .. ဟား .. ဟား .. ဒီလိုချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ရွှေပျံလွှားဟာ သူတစ်ပါးကို နောက်ယောင်ခံတဲ့နေရာမှာ အကွက်မြင်သလို ကျောင်းစေ့ခင်ကလည်း သူ့နောက်လိုက်တဲ့လူတွေ ဘယ်သူလဲ, ဘယ်မှာလဲ ... ဆိုတာ အမြဲတမ်းသိတာပဲ၊ ဘယ့်နှယ့်လဲ ... ညက ကောင်းကောင်းအိပ်ကြရရဲ့လား"

ထက်ကျင် ဒေါသထွက်သွားသည်။ ထက်ကျင်သည် မည်သည့်ပြဿနာကိုမဆို တွက်ချက်လုပ်ကိုင်တတ်သောကြောင်း ယွန်ချောချော သိသည်။ ယခုမှ အဘယ်ကြောင့် ဒေါသထွက်ရသည်ကို ယွန်ချောချော နားမလည်ဘဲဖြစ်နေသည်။

ကျောင်းစေ့ခင်က စားရိုးပေါ်လက်တင်နေသည့် ထက်ကျင်အား လက်ကာပြပြီး ...

"ထက်ကျင် ... မင်းအလှည့်ကျမှ ဒီလိုဒေါသထွက်တာတော့ မကောင်းပါဘူး၊ ကိုယ့်အလှည့်ကျရင်တော့ မနွဲ့စတမ်းပေါ့"

"ခင်ဗျား ကျုပ်လူတွေကို ဘာလုပ်ထားသလဲ"

"သိပ်မလောပါနဲ့၊ ဖြည်းဖြည်းပေါ့၊ မင်းဆိုရင် ငါ့ရဲ့တိုင်ဝမ်



ကျူးစခန်းကို ဖျက်ဆီးပစ်ခဲ့ပြီးပြီ၊ ငါ့လူတော်တော်များများကိုလည်း သတ်ခဲ့ပြီးပြီ၊ ရှင်းရှင်းပြောရရင် အင်အားအတော်ကြီးမားပါတယ်ဆိုတဲ့ ငါတို့ရဲ့ထန်ဆက်ဘွန်ဂိုဏ်းကြီးဟာ မင်းကြောင့် အတော်ကလေးကသောင်းကနင်းဖြစ်ခဲ့ရပြီ"

"ခင်ဗျား အပိုတွေပြောမနေနဲ့၊ ကျုပ်လူတွေ ဘယ်မှာရှိနေသလဲ"

"ကိုးယောက်စလုံး ဘေးကင်းရန်ကင်း ရှိနေပါတယ်၊ သူတို့ကို ငါဘာမှမလုပ်ပါဘူး"

သည်တစ်ခါတွေ့ဆုံပွဲတွင် ကျောင်းစေ့ခင်သည် အပေါ်စီးမှ ဆွေးနွေးနေရ၍လား မသိပေ ... ပို၍တည်ငြိမ်အေးဆေးနေသည်။ ထက်ကျင်ကမူ ထူးထူးခြားခြား စားတကိုင်ကိုင်ဖြစ်နေ၏။

ကျောင်းစေ့ခင်က သူ့ရှေ့မှ အရက်ခွက်ကို ဘေးသို့ဖယ်ပြီး ခပ်အေးအေးပြော၏။

"တစ်ခုတော့ရှိတာပေါ့ကွာ ... သူတို့ ဘယ်လောက်ကြာကြာ ဆက်ပြီးအသက်ရှင်နေနိုင်မလဲဆိုတာကတော့ ရွှေပျံလွှားထက်ကျင်က သူတို့အပေါ် သံယောဇဉ်ဘယ်လောက်ရှိသလဲဆိုတဲ့အချက်ပေါ်မှာ မူတည်နေပါတယ်"

ကျောင်းစေ့ခင်က တဟဲဟဲရယ်ရင်း ဆက်ပြောလေသည်။

"ဟေ့ ... ရွှေပျံလွှား ... ယွန်ကတော်ကြီးကတော့ မင်းချစ်

သူရဲ့ မိခင်ဖြစ်နေလို့ လိုက်ရှာတယ်ဆိုတာကတော့ ထားပါတော့ကွာ၊ ဒီလူ ကိုးယောက်ကတော့ မင်းနဲ့ သွေးမတော်သားမစပ်ပါဘူးကွာ၊ အသာတကြည်နေလိုက်စမ်းပါ၊ သူတို့ထိုက်နဲ့ သူတို့ကံရှိပါစေ"

ကျောင်းစေ့ခင်ဆိုသူမှာ နုယ်နုယ်ရရလူတစ်ယောက် မဟုတ်ပေ။ ထန်ဆက်ဘွန်ဂိုဏ်း၏ မြောက်ပိုင်းတာဝန်ခံဆိုသည့် အဆင့်မှာ မသေးလှပေ။ ထိုအဆင့်ရောက်ရှိရန် သူ့၌ အတွေ့အကြုံအများကြီးရှိခဲ့ရပေသည်။

သူသည် ထက်ကျင်၏ သဘောသဘာဝကို ကောင်းစွာသိ၏။ သို့သော် ထက်ကျင်က သူ့ထက်ပို၍ ပါးနပ်သဖြင့်လည်းကောင်း၊ တစ်ကွက်ကြို တွေးတတ်၍လည်းကောင်း သူ ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ထက်ကျင်သည် သိုင်းလောကထဲ၌ ဆွေမရှိ မျိုးမရှိ တစ်ကိုယ်တော်လှုပ်ရှားနေသူဖြစ်၏။ သူ့၌ ဆင်းရဲသူဆင်းရဲသားများ၊ အခြေအနေမဲ့များ စသည့် လူစိမ်းမိတ်ဆွေများသာ ရှိသည်။

အမှန်တရားအားဖြင့်လည်း အကျိုးစီးပွားပြုတတ်သူ၊ ကျေးဇူးရှင်းပင်းတတ်သူကို သူစိမ်းပင်ဖြစ်သော်လည်း ဆွေမျိုးဟု ခေါ်ဆိုသတ်မှတ်နိုင်သကဲ့သို့ အကျိုးစီးပွားမဲ့အောင်ပြုတတ်သူ၊ ဒုက္ခရောက်စေ၍ လျစ်လျူရှုတတ်သူကို ဆွေမျိုးပင်ဖြစ်သော်လည်း သူစိမ်းဟု ခေါ်ဆိုသမှတ်နိုင်ပေသည်။

ယခု ကျောင်းစေ့ခင်ဖမ်းထားသည့်လူများမှာ ထက်ကျင်



အား လွန်စွာကြည်ညိုသော ထက်ကျင်အတွက်ဆိုလျှင် အသက်စွန့်ပါမည်ဟုဆိုသော လူကိုးယောက်ဖြစ်နေသည်။

ထက်ကျင်သည် သူ့အား လွန်စွာယုံကြည်ကိုးစားလှသော သူ့အား လှိုက်လှဲစွာကူခဲ့သော လူကိုးယောက်ကို သူ၏ ညီရင်းအစ်ကိုများသဖွယ်သာ သဘောထားပေသည်။

တောထဲ၌ပေါက်သော ဆေးပင်ဝါးပင်များသည် ခန္ဓာကိုယ်နှင့် မည်သို့မျှမပတ်သက်သော်လည်း ခန္ဓာကိုယ်၏ အနာရောဂါများအတွက် ကောင်းစွာအကျိုးပြုတတ်သော်လည်း ခန္ဓာကိုယ်ပေါ်၌ ဖြစ်ပေါ်နေသည့် အနာရောဂါက ခန္ဓာကိုယ်ကိုသော်မှ အကျိုးမဲ့ပြုတတ်သည် မဟုတ်ပါလား။

ထက်ကျင်က ပြတ်သားစွာပြောလေ၏။

"ကျုပ်လူတွေကို ခုချက်ချင်း လွှတ်ပေးစေချင်တယ်၊ သူတို့ကိုယ်ပေါ်က မွေးညင်းတစ်ပင်ကျွတ်ပြီဆိုရင်တော့ ထန်ဆက်ဘွန်ဂိုဏ်းဟာ ဆယ်သက်တိုင်တိုင် ရန်သူဖြစ်ကြပြီလို့သာ မှတ်လိုက်ပေတော့"

ကျောင်းစေ့ခင်က ကျေနပ်အားရစွာ ရယ်မောလေတော့သည်။

"ကျောင်းစေ့ခင်ဟာ ဘာမှနားမလည်ပါးမလည်တဲ့ မြွေခွေးအိုကြီးပါ၊ ဒါပေမဲ့ အော်ဖြူအပါအဝင် လူကိုးယောက်ကိုတော့

ရွှေပျံလွှား တကယ်သံယောဇဉ်ရှိလိမ့်မယ်လို့ဆိုတော့ တွက်ဆမိပါတယ်"

"ခင်ဗျား ဝင်ပြီးအသားယူမနေစမ်းပါနဲ့"

ထက်ကျင်က စိတ်ဆိုးမာန်ဆိုး ပြောလေ၏။

ကျောင်းစေ့ခင်က ဂရုမစိုက်ချေ။ စိုက်ရန်လည်း မလိုချေ။ သူ့လက်ထဲ၌ နိုင်ဖဲကိုးချပ်တောင် ရှိနေပြီမဟုတ်ပါလား။

"အော်ဖြူတို့လူသိုက်ဟာ မင်းရဲ့လက်အောက်က မဟုတ်ပေမယ့် မင်းက သူတို့ကို ကူညီထားဖူးတော့ မင်းနဲ့ပတ်သက်လာရင် အချိန်မရွေး အကူအညီပေးနေကြတယ်ဆိုတာ ငါတို့ ကောင်းကောင်းကြီး ရိပ်မိထားပါတယ်၊ ဒါပေမဲ့ သူတို့ကို လက်ဖျားနဲ့တို့ဖို့ မပြောနဲ့ ... စကားတစ်ခွန်းတောင် မစစ်မေးခဲ့သေးပါဘူး"

"သူတို့ဘယ်မှာလဲ"

"အင်မတန်လုံခြုံတဲ့နေရာမှာ ရှိပါတယ်"

"သူတို့ကို ခုပဲလွှတ်လိုက်ပါ"

"ဒီလောက်တော့ ဘယ်လွယ်မလဲ၊ တန်ရာတန်ဖိုးတော့ ပေးရဦးမှာပေါ့"

"ခင်ဗျား ဘာလိုချင်သလဲပြော"

"မင်းတတ်နိုင်ပါတယ်"

"စကားကို ကွေ့ဝိုက်ပြောမနေပါနဲ့၊ ကျုပ်က ဘာပေးရ



မလဲ ... ရှင်းရှင်းပဲပြောပါ"

"မင်းအနေနဲ့ ခေါင်းတစ်ချက်ညိတ်ဖို့ပဲ လိုပါတယ်၊ တခြားဘာမှမလိုပါဘူး"

ထက်ကျင်၏နဖူး၌ ချွေးသီးလာသည်။ ကျောင်းစေ့ခင်တည်းဟူသော မြွေခွေးအိုကြီးသည် သူ့အား ကူညီနေသူများအားဖမ်းသီးပြီး သူ့အားအကျပ်ကိုင်နေလေပြီ။ ထက်ကျင်က ခြောက်သွေ့စွာ မေးလေ၏။

"ခေါင်းညိတ်ရုံပဲလား"

ကျေးစေ့ခင်က ရယ်မောပြီး ...

"အေးပေါ့ ... ငါတောင်းဆိုတဲ့အချက်တွေကို မင်း သဘောတူတယ်ဆိုရင်ပေါ့"

"တောက် ... ခင်ဗျားကို ကျုပ်ပြောနေတယ် ... စကားကို ရှင်းရှင်းပြောပါ၊ ကွေ့ဝိုက်မနေပါနဲ့လို့ ဆိုစမ်း ... ခင်ဗျားက ဘာတွေတောင်းဆိုမှာလဲ"

"ထက်ကျင် ... မင်း ခေါင်းအေးအေးထားပြီး စဉ်းစားစမ်းပါ၊ မင်းဟာ ငါတို့အားထားတဲ့ လူသတ်ကောင်တွေကိုလည်း သတ်ပစ်တယ်၊ မဟူရာမြစ်ထဲက မိစ္ဆာတစ်စုကိုလည်း သတ်ပစ်တယ်၊ ထိုင်ဝမ်ကျုံခန်းကိုလည်း မီးရှို့ဖျက်ဆီးတယ်၊ တကယ်တမ်းတွက်ကြည့်ရင် ငါတို့အကြွေးတွေဟာ မင်းအပေါ်မှာ မနည်းတော့ပါဘူး"

"လိုရင်းကို ခင်ဗျားမပြောနိုင်တော့ဘူးလား၊ ဒီလိုဆိုရင် ကျုပ် ထပြန်သွားမယ်"

"ဟား ... ဟား ... ဟား ... ရွှေပျံလွှား မင်း ထမပြန်နိုင်ပါဘူး၊ လူကိုးယောက်ရဲ့ မွေးညင်းတစ်ပင်တလေ ကျွတ်မှာကိုတောင်မှ မလိုလားတဲ့လူက ဘယ်နှယ် ထပြန်နိုင်မှာလဲ၊ နည်းနည်းလောက် စိတ်ရှည်ရှည်စောင့်စမ်းပါ၊ မင်းကြားချင်တဲ့စကားတွေ ကြားရတော့မှာပါ"

ထက်ကျင်မှာ မနိုင်၍သည်းခံခြင်းဖြင့် အောင့်အည်းသည်းခံနားထောင်နေရလေသည်။

"ငါက ဒီကြေးစာရင်းကို ခုပဲ ရှင်းလိုက်ချင်တယ်၊ မင်းဟာ နှိပြင်လူရဲ့ အကူအညီကိုမယူဘဲနဲ့ ငါတို့ဂိုဏ်းကို အတော်ကလေး ဒုက္ခပေးနိုင်ခဲ့ပါတယ်၊ ငါတို့ဂိုဏ်းဟာ ဘယ်လောက်ပဲ အင်အားကြီးကြီး မင်းရဲ့တိုက်ကွက်ကိုတော့ မခံနိုင်ဘဲ ဖြစ်ခဲ့ရတယ်"

ထက်ကျင်သည် ဝင်မပြောတော့ပေ။ ဝင်ပြောက ကျောင်းစေ့ခင် ပို၍လေရှည်နေမည်ကို စိုးရိမ်သည်။

"ထန်ဆက်ဘွန်ဂိုဏ်းဟာ လူသတ်တာမှန်တယ်၊ စီးပွားရေးလုပ်ငန်းအတွက် လူသတ်နေတာပဲဖြစ်တယ်၊ အခုဆိုရင် ငါတို့က မသတ်ရဘူး၊ ငါတို့လူတွေ အသတ်ခံနေရတယ်၊ ငါတို့လုပ်ငန်းတွေ ပျက်စီးရာပျက်စီးကြောင်း လုပ်နေတဲ့ မင်းလုပ်ရပ်ကို ရပ်တန်းကရပ်



ပေးပါ"

"ခင်ဗျားတို့ဂိုဏ်းဟာ ကျုပ်ကို စတင်ပြီးရန်ရှာခဲ့တာပဲ"

"မင်းက ရုပ်ဖျက်ဝိဇ္ဇာနန်ကင်အကြောင်းက စပြောမလို့လား၊ ဒီလိုသာလျှောက်ပြောနေရင် ဘယ်ဆုံးတော့မှာလဲ၊ မင်းကသာ မင်းလုပ်ငန်းတွေကို ရပ်ဆိုင်းမယ်ဆိုရင် ငါတို့ကလည်း ယွန်ကတော်ကို ရှာတဲ့ကိစ္စ၊ ချောက်တောင်လင်းကို ရှာတဲ့ကိစ္စတွေအားလုံးကို စွန့်လွှတ်လိုက်မယ်၊ ဒါဆိုရင် မင်းကျေနပ်လောက်ပါ၏"

ထက်ကျင်က စဉ်းစဉ်းစားစားပြော၏။

"ခင်ဗျားရဲ့တောင်းဆိုချက်က တရားမျှတမှုတော့ ရှိပါတယ်၊ ဒါပဲလား"

ထက်ကျင်၏စကားကြောင့် ကျောင်းစေ့ခင်မှာ အလွန်ကျေနပ်သွားသည်။

"ဟား ... ဟား ... ဟား ... ငါတို့ထန်ဆက်ဘွန်ဂိုဏ်းဟာ အလုပ်ဖြစ်နိုင်တဲ့ အချက်မှန်သမျှကို မတွန့်မဆုတ် လုပ်လေ့ရှိပါတယ်၊ ငါ့တောင်းဆိုချက်က ဒီတစ်ခုတည်းတော့ မဟုတ်ပါဘူး၊ မင်းကိုယ်တိုင် ဒီတလေပြည်နယ်အတွင်းက ထွက်ပေးရမယ်"

"ဘာ ... ဒီပြည်နယ်ထဲက ထွက်ပေးရမယ် ... ဟုတ်လား"

"ဟုတ်တယ်၊ အနည်းဆုံး ခြောက်လကြာအောင် ထွက်ပေးရမယ်၊ ခြောက်လအတွင်း ဒီပြည်နယ်ထဲ လုံးဝပြန်မဝင်ရဘူး"

"ဒီစည်းကမ်းချက်ကတော့ သိပ်မဟုတ်သေးဘူးဗျာ၊ ကျုပ်က ဒီမှာမနေလို့ ဘယ်မှာသွားနေရမှာလဲ"

ကျောင်းစေ့ခင်သည် ထက်ကျင်၏စကားကို ဂရုမစိုက်ချေ။

"ဒါကတော့ ငါတို့အလုပ်မဟုတ်ပါဘူး၊ ဒါပေမဲ့ ငါ့အနေနဲ့ကတော့ စိတ်ကောင်း စေတနာကောင်းထားပြီး အကြံပေးနိုင်တာတော့ ရှိပါတယ်"

"လုပ်စမ်းပါဦးဗျာ ... ခင်ဗျားရဲ့ အကြံဉာဏ်ကောင်းကလေးများ ကြားစမ်းပါရစေဦး"

ထက်ကျင်က ငေါ့တော့တော့ပြောလေ၏။

"မင်းနဲ့ ယွန်ရှောရှောနဲ့ လက်ထပ်ကြတော့မှာပဲဥစ္စာ၊ ဘာအခက်အခဲရှိတော့မလဲ၊ ဆန်ဆီပြည်နယ်ကို သွားချင်သလား၊ မင်းရဲ့ကွမ်မိုင်ကိုကို ခေါ်သွားမလား၊ ကြိုက်တဲ့နေရာကို ခေါ်သွားလို့ရတယ်၊ ကွမ်မိုင်ကက သူ့ရဲကောင်းဇနီးမောင်နှံဆိုပြီး ကြိုဆိုကြမယ်၊ ဆန်ဆီတပ်မှူးကြီးကလည်း ဝမ်းမြောက်ဝမ်းသာ ကြိုလိမ့်မယ်၊ နှစ်ဝက်ဆိုတာ ဘာမှကြာတာမဟုတ်ပါဘူးကွာ၊ နောက်ပြီး မင်း ဒီလိုထွက်ခွာသွားခဲ့အခါမှာ လက်ချည်းဗလာလည်း မဖြစ်စေရပါဘူး၊ မင်္ဂလာလက်ဖွဲ့ငွေအဖြစ်နဲ့ ငွေဒင်္ဂါးတစ်ထောင်ကျပ်တောင် လက်ဖွဲ့လိုက်ဦးမှာပါ"

"ဟား ... ဟား ... ဟား ..."



ထက်ကျင်သည် ထန်ဆက်ဘွန်ဂိုဏ်း၏ စေတနာရေစီးကမ်းပြိုလိုက်မှုကို သရော်လှောင်ပြောင်သည့်အလား ဟက်ဟက်ပက်ပက် ရယ်မောနေလေတော့၏။

❖ ❖ ❖

## အခန်း (၄၃)
## တန်ရာတန်ဖိုး

"ထန်ဆက်ဘွန်ဂိုဏ်းဟာ မကြုံစဖူး ထူးကဲတဲ့စေတနာတွေကို ဖော်ပြနေပါကလား"

"ရွှေပုံလွှား ... ထန်ဆက်ဘွန်ဂိုဏ်းကို မင်းလို ဘယ်သူမှ ဒုက္ခမပေးနိုင်ခဲ့ဘူး၊ ဒါကြောင့် မင်းကို အထူးလေးစားတယ်၊ ငါတို့ လေးလေးစားစား ဆက်ဆံတာကို မသရော်ပါနဲ့"

"မသရော်ပါဘူးဗျာ၊ ကျုပ်ကလည်း အံ့ဩလွန်းလို့ ရယ်မိတာပါ။ ဒါနဲ့ ကျုပ်စိတ်ထဲမှာ မရှင်းတဲ့အချက်တစ်ချက် ရှိတယ်၊ အဲဒီအချက်ကို မေးစမ်းပါရစေ"

"ငါသိတာဆို ဘာမဆိုဖြေဖို့အသင့်ပဲ၊ ငါတို့နဲ့ပူးပေါင်းချိန်မှာ ငါတို့ဟာ မဟာမိတ်ပီပီသသဖြစ်အောင် ကြိုးစားပါတယ်"

ကျောင်းစေ့ခင်က ထိုစကားကို လေးလေးနက်နက် ပြောသည်။

ထက်ကျင်ကလည်း ကျောင်းစေ့ခင် အမှန်တကယ်ဖြေဆို



မည်ဟု ယုံကြည်ပေသည်။

"ဘာဖြစ်လို့ ကျုပ်ကို တလေပြည်နယ်က နှင်ထုတ်တာလဲ"

"နှင်ထုတ်တာ မဟုတ်ပါဘူး၊ နှစ်ဝက်လောက် ထွက်ခွာပေးဖို့ မေတ္တာရပ်ခံတာပါ"

"ထားပါလေ ... ဘာကြောင့် မေတ္တာရပ်ခံရတာလဲ"

"ဘာကြောင့်လဲဆိုတော့ ငါတို့ဟာ မင်းမရှိခိုက် ငါတို့ရဲ့ ထန်ဆက်ဘွန်ဂိုဏ်းကို အားပြည့်အင်ပြည့်ဖြစ်အောင် အသစ်ပြန်ဖွဲ့စည်းမလို့ပဲ၊ မင်းရှိနေရင် ငါတို့အနေနဲ့ အများကြီးအနှောင့်အယှက်ဖြစ်တယ်'

"ဘာဖြစ်သလဲဗျာ ... ကျုပ်ဝင်မစွက်ရင် ပြီးတာပဲမဟုတ်လား"

ကျောင်းစေ့ခင်က ခြောက်ကပ်ကပ်ရယ်လိုက်လေ၏။ သူသည် ထိုစကားကို မပြောချင်ပြောချင်နှင့် ပြောချရလေသည်။

"မတူဘူး၊ ရွှေပုံလွှားဆိုတဲ့နာမည်ကို ကြားနေရရင် တော်ရုံတန်ရုံ ဆင်းရဲသားကတောင် ထန်ဆက်ဘွန်ဂိုဏ်းကို အာခံချင်သေးတယ်၊ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ အရှိန်အဝါဟာ မင်းကြောင့် အတော်ကလေး အရောင်မှိန်ခဲ့တာကတော့ အမှန်ပဲ၊ မင်းမရှိတော့ဘူးဆိုတာ သိသွားရင် ငါတို့ကိုအာခံချင်တဲ့ လူတွေရဲ့သွေးဟာ ပန်းရောင်ဖျော့သွားတော့တာပဲ"

"ကျုပ်ကို ဒီပြည်နယ်ကထွက်ခိုင်းတာ ဒီကိစ္စတစ်ခုကြောင့်ပဲလား၊ တခြားကိစ္စတွေ ရှိသေးသလား"

"ဒီကိစ္စတစ်ခုတည်းအတွက်ပဲ၊ တကယ်လို့ မင်းအနေနဲ့ စိတ်ဆန္ဒရှိမယ်ဆိုရင် ခြောက်လပြည့်ပြီးတဲ့အခါမှာ ဒီပြည်နယ်ထဲ ပြန်ဝင်လာနိုင်တယ်၊ ငါတို့ ပြန်ဖွဲ့စည်းထားတဲ့ ထန်ဆက်ဘွန်ဂိုဏ်းရဲ့အင်အားကို လာပြီးဆန်းစစ်လေ့လာနိုင်ပါတယ်"

ထက်ကျင်သည် ထိုစကားများကို ကျောင်းစေ့ခင်က ရိုးရိုးသားသား ပြောနေခြင်းဟု ယူဆလိုက်သည်။

"ကောင်းပြီ ... ကျုပ် ဒီက ခြောက်လထွက်ခွာတဲ့အတွက် ရွှေဒင်္ဂါးတစ်ထောင် ... ဟုတ်လား"

"ဟုတ်တယ် ... ရွှေဒင်္ဂါးတစ်ထောင်အပြင် ပုလဲကုံး ဆယ်ကုံးကိုပါ လက်ဖွဲ့လိုက်ဦးမယ်၊ ငါတို့ထန်ဆက်ဘွန်ဂိုဏ်းဟာ အဲဒီလောက် ရက်ရောပါတယ်"

"ကောင်းပြီ"

"မင်း သဘောတူလိမ့်မယ်လို့ ငါလည်းမျှော်လင့်ထားတာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့ပေးရတဲ့တန်ဖိုးက နည်းမှမနည်းတာဘဲကိုး"

"ဒီစကားတွေကို မပြောသင့်တော့ဘူးလို့ ကျုပ်ထင်တယ်"

"ဟုတ်တယ် ... မပြောသင့်တော့ဘူး၊ မင်းဟာ ငါတို့ကို



အများကြီး သင်ခန်းစာပေးခဲ့တယ်၊ မင်းပေးတဲ့သင်ခန်းစာတွေနဲ့ ဆန်းစစ်ပြီး ငါတို့ထန်ဆက်ဘွန်ဂိုဏ်းကို ပြန်ဖွဲ့စည်းရမှာပဲ၊ ငါတို့ ဂိုဏ်းကြီးကို အသစ်ပြင်ဆင်မွမ်းမံပြီးတဲ့အခါ မင်းအနေနဲ့ ပြန်ပြီး အားစမ်းချင်သပဆိုရင် အားစမ်းနိုင်တဲ့အကြောင်း အခုကတည်းက ကြိုတင်စိန်ခေါ်လိုက်ပါတယ်"

ထက်ကျင်က ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ ... ကျုပ် အားလုံးလက်ခံတယ်၊ ခင်ဗျားနဲ့ ကျုပ် ခုနကပြောခဲ့တဲ့ စကားတွေအတိုင်းပဲ ဆိုပါတော့"

ကျောင်းစေ့ခင်သည် ဘေးခွဲဖယ်ထားသည့် အရက်ခွက်ကို ဆွဲယူမော့သောက်လိုက်၏။

"ဒီအရက်ခွက်ကို ငါသောက်ဖို့မရည်ရွယ်ပါဘူး၊ မင်းနဲ့ ငါ ဆွေးနွေးပွဲ အောင်မြင်တဲ့အတွက် သောက်ပစ်လိုက်တာပဲ"

"ကျုပ်ကတိစကားကို ခင်ဗျား ခြွင်းချက်မရှိ ယုံကြည်တဲ့သဘောပေါ့ ... ဟုတ်လား"

ကျောင်းစေ့ခင်ရယ်ရင်း ...

"မင်းရဲ့ကတိစကားကို ဆင်းရဲသူဆင်းရဲသားတွေက ယုံကြည်ကြသလို ငါလည်း တကယ်ပဲယုံကြည်တယ်၊ မင်းရဲ့စကားတစ်ခွန်းဟာ ရွှေစင်တစ်သိန်းမက တန်ဖိုးရှိတယ်၊ ကဲ ... အခု ကိစ္စအားလုံးပြီးပြီ၊ မင်းရဲ့တည်းခိုဆောင်မှာ ပြန်စောင့်ပါတော့၊ မင်္ဂလာမောင်နှံ

ကို အခုကတည်းက နှုတ်ခွန်းဆက်သလိုက်ပါတယ်"

ထက်ကျင်က ...

"နေပါဦး ... ကျုပ်တို့က ဘာကိုပြန်စောင့်ရမှာလဲ"

"ဘာလဲ ... မင်းရဲ့ ရဲဘော်ရဲဘက်ကိုးယောက်ကို မတွေ့ဆုံတော့ဘူးလား၊ ရွှေဒင်္ဂါးတစ်ထောင်နဲ့ ပုလဲသွယ်ဆယ်ကိုးကို မလိုချင်တော့ဘူးလား၊ အော်ဖြူတို့လူသိုက်ရဲ့ လက်ထဲကို ရွှေဒင်္ဂါးနဲ့ ပုလဲသွယ်တွေအားလုံး ပေးအပ်လိုက်ပါ့မယ်"

"အခုချက်ချင်း ဘာဖြစ်လို့ ကျုပ်လူတွေကို မလွှတ်နိုင်တာလဲ"

"ဘာဖြစ်လို့လဲဆိုတော့ မောင်ရင့်လူတွေကို ဒီအနီးအနားမှာ ချုပ်ထားတာမဟုတ်လို့ဘဲ၊ သူတို့ကို ပြန်ခေါ်ပြီး ပစ္စည်းပစ္စယတွေ ပေးဖို့ပါဆိုရင် သုံး၊ လေးနာရီလောက်တော့ အချိန်ကုန်မှာသေချာပါတယ်၊ ဒါကြောင့် တည်းခိုခန်းကိုပြန်စောင့်ဖို့ ပြောတာပါ"

"ကောင်းပြီ ... ကျုပ်ပြန်စောင့်မယ်၊ ဒီနှစ်ဝက်အတွင်းမှာတော့ ခင်ဗျားတို့ဂိုဏ်းသားတွေ အနှောင့်အယှက်မပေးကြပါစေနဲ့၊ နှောင့်ယှက်ကြရင်တော့ ကျုပ်လည်း ကတိပျက်ရပါလိမ့်မယ်"

ကျောင်းစေ့ခင်က တဟားဟားရယ်ရင်း ...

"ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဘာမှ စိတ်ထဲမှာမထားပါနဲ့၊ မောင်ရင်သာ တလေပြည်နယ်က ထွက်ဖြစ်အောင်ထွက်ပါ၊ မောင်ရင့်ကို ပက်ပင်းတွေ့တာတောင် ထန်ဆက်ဘွန်ဂိုဏ်းသားတွေ ရှောင်ထွက်သွားရပါစေ့မယ်"



သူသည် စကားကို ခေတ္တရပ်တန့်လိုက်၏။

ပြီးမှ ဆက်ပြောသည်။

"ငါတို့ထန်ဆက်ဘွန်ဂိုဏ်းက မင်းကို အမျိုးမျိုးလုပ်ကြံခဲ့တာပဲ၊ လုပ်ကြံတိုင်း ငါတို့ပဲ ဆုံးရှုံးနစ်နာခဲ့တယ်၊ ဒီအတွက်တော့ မင်းပူမနေသင့်ဘူးလို့ ထင်တာပဲကွာ"

ထက်ကျင်သည် မတ်တတ်ထရပ်လိုက်၏။

"ကဲ ... ကျုပ်တို့သွားတော့မယ်"

ထက်ကျင်သည် သူတို့နှစ်ယောက်၏ ဆွေးနွေးပွဲပြီးပြတ်သွားသည့်တိုင် ထိုင်ခုံ၌ လုံးဝမထိုင်သေးသည့် ယွန်ရှောချော၏လက်မောင်းကလေးကိုကိုင်ဆွဲ၍ စားပွဲမှခွာရန်ဟန်ပြင်သည်။

"နေပါဦး ရွှေပုံလွှား၊ ဒီပြည်နယ်ထဲကထွက်ရင် ဘယ်ဘက်ကို ခရီးထွက်မယ်လို့ စိတ်ကူးထားသလဲ"

ထက်ကျင်က ရယ်ရင်း ...

"ဟား ... ဟား ... ဟား ... ကျုပ်ဘယ်သွားမယ်ဆိုတာကို ဖွင့်ပြောထားရမယ်ဆိုတဲ့ စည်းကမ်းချက်တော့ မပါဘူးနဲ့တူတယ်ဗျ"

ကျောင်းစေ့ခင်က ပြုံးပြီး ...

"မပါပါဘူး၊ လုံးဝ မပါပါဘူး၊ ဒါပေမဲ့ ဘယ်ရက်မှာ ထွက်

ခွာမယ်ဆိုတာတော့ ငါတို့သိဖို့လိုပါတယ်၊ မင်းထွက်မသွားသေးရင် ငါတို့ရဲ့လုပ်ငန်းတွေ ဘာမှစီမံနိုင်မှာမဟုတ်ဘူး"

"ဒီလိုဆိုရင်တော့ ဖြစ်ပါတယ်၊ ဒီမြို့ကနေ ငါးရက်အတွင်း ကျုပ်ထွက်မယ်၊ ဒါဆိုရင် လုံလောက်မယ်ထင်တယ်"

ကျောင်းစေ့ခင်က ကျေကျေနပ်နပ် ခေါင်းညိတ်၏။

"ကဲ ... စိတ်ချလက်ချသာ သွားကြပါတော့၊ မကြာခင် အော် ဖြူတို့ ရောက်လာရပါစေ့မယ်"

ထက်ကျင်နှင့် ယွန်ချောချောတို့သည် ကျောင်းစေ့ခင်ကို ကျောခိုင်း၍ ထွက်လာခဲ့ကြ၏။

အရက်ဆိုင်ထဲမှ မျက်လုံးများစွာတို့သည် အလွန်တရာ ချောမောလှပပြီး အရက်ဆိုင်နှင့် လုံးဝမပတ်သက်သည့် မိန်းမချော လေး ယွန်ချောချောအား ငေးကြည့်ရင်း ကျန်ရစ်ခဲ့ကြလေ၏။

တည်းခိုခန်းသို့ ပြန်ရောက်သောအခါ ထက်ကျင်က ယွန်ချောချောအား သတိပေးသည်။

"ညီမလေး ... အော်ဖြူတို့ရောက်လာပြီးရင်တော့ ငါတို့ ဒီက ထွက်ကြရလိမ့်မယ်"

ယွန်ချောချောက အံ့အားသင့်သလို မေးသည်။

"အစ်ကိုကျောင်းစေ့ခင်ရဲ့ စေ့စပ်ချက်ကို အစ်ကို တကယ် လက်ခံလိုက်ပြီလား"



"လက်မခံလို့ဘယ်ဖြစ်မလဲ၊ လက်မခံရင် သူတို့က အော်ဖြူ တို့ကို သတ်ပစ်ကြလိမ့်မယ်"

"အော်ဖြူတို့က ..."

"အော်ဖြူတို့က ကျောင်းစေ့ခင်ကို ခြေရာခံနေကြတာလေ၊ ငါ့အတွက် ခြေရာခံပေးတဲ့လူတွေကို သေရင်ပြီးရောလို့ ဘယ်ပစ်ထား သင့်မလဲ၊ ညီမလေးသာ ငါ့နေရာရောက်ရင် ဒီလိုပဲပစ်ထားမလား"

ယွန်ချောချောက ခေါင်းခါလိုက်၏။

"မထားပါဘူး၊ ဒါဆိုရင် ညီမတို့နဲ့ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ ရန်ငြိုးရန်စဟာ စခန်းသိမ်းပြီလို့ ဆိုရမှာပေါ့နော်"

ထက်ကျင်က ခေါင်းခါ၏။

"ဘယ်လိုစခန်းသိမ်းမှာလဲ၊ သူတို့က ခြောက်လပဲ စစ်ပြေ ငြိမ်းတာပါ၊ ခြောက်လကြာသွားရင် စစ်ပွဲက ပြန်စရဦးမှာပေါ့၊ ငါက လည်း အော်ဖြူတို့အတွက် ငဲ့ညှာပြီး သူ့စေ့စပ်ချက်ကို လက်ခံလိုက် ရတာပါ"

ယွန်ချောချောသည် ထက်ကျင်အပေါ်၌ လေးစားသည်ထက် လေးစား၊ ချစ်ကြည်ညိုသည်ထက် ချစ်ကြည်ညိုလာခဲ့ရသည်။

ရွှေပျံလွှားဟူသော သူ့ရဲကောင်းသည် သူရသတ္တိရှိရုံမျှမက ရဲဘော်ရဲဘက်များ အပေါ်၌လည်း လွန်စွာသစ္စာရှိလှသည် မဟုတ်ပါ လား။

ထက်ကျင်သည် အလုပ်သမားကလေးတစ်ယောက်ကို လှမ်းခေါ်ပြီး စားသောက်ဖွယ်ရာများကို မှာကြားသည်။

အငွေ့တထောင်းထောင်းထနေသည့် ဟင်းလျာများ ရောက်လာသည့်အခါ ယွန်းချောချောရှေ့သို့ စားပွဲကိုပါတွန်းပေးရင်း မုတ်သားဖွယ်ရာ မှာကြားလေ၏။

"ညီမလေး တောထဲက ကျား၊ ကျားသစ်၊ ခြင်္သေ့ အစရှိတဲ့ တောရဲဘုရင်တွေဟာ သူတို့အတွက် တစ်နေ့တာရိက္ခာရဖို့ အထူးပဲ ဂရုစိုက်ကြတယ်၊ တစ်နေ့တာရိက္ခာပြီးရင် နောက်တစ်ကြိမ်ရိက္ခာရဖို့ ကောင်းကောင်းအနားယူကြတယ်၊ အခုလည်း ငါတို့ဟာ သူတို့ထုံးကို နှလုံးမူရမယ်၊ နောက်တိုက်ပွဲပြင်ဆင်ဖို့ အခုကတည်းက ဝမ်းဖြည့်ထားရမယ်၊ အားရပါးရစားထားရင် ဘယ်တော့မှ မမှားပါဘူး"

ယွန်းချောချောသည် သူ့ထက် တတ်သိနားလည်သည့် ထက်ကျင်၏စကားကို စောဒကမတက်တော့ချေ။

စားရင်းသောက်ရင်း အော်ဖြူတို့အလာကို စောင့်ဆိုင်းနေမိကြပေသည်။

ထိုမှ အလုပ်သမားကလေးက သူတို့စားသောက်ထားသည့် ပန်းကန်ခွက်ယောက်များကို သိမ်းသွားပြီး၍ အတန်ကြာသည့်တိုင် အော်ဖြူတို့ ရောက်မလာကြသေးပေ။

"အစ်ကို ... သူတို့ကြာလှချည်လား"





"ကျောင်းစေ့ခင်က ကြာမယ်ပြောထားတာပဲ"

ထိုစဉ် တံခါးခေါက်သံကြားလိုက်ရသည်။

"အော်ဖြူလားဟေ့ ... တံခါးစေ့ရုံစေ့ထားတယ်၊ ဝိတ် မထားပါဘူး ... တွန်းဖွင့်ဝင်ခဲ့ပါ"

အစိမ်းရောင်ဝတ်စုံ ဝတ်ဆင်ထားသည့် လူတစ်ယောက်သည် ထက်ကျင်ရှေ့သို့ရောက်ရှိလာပြီး ဦးညွှတ်ဂါရဝပြုသည်။

"သခင်ကြီးထက်ကျင် ... ကျွန် ... ကျွန်တော့်ကို ခွင့်လွှတ်ပါခင်ဗျာ၊ ကျွန် ... ကျွန်တော် သိပ်ပြီးညံ့ဖျင်းခဲ့ပါတယ်"

ထိုသူကား ထက်ကျင်စောင့်နေသည့် အော်ဖြူပင်ဖြစ်တော့သည်။

အော်ဖြူသည် ရှက်ရွံ့အားနာစွာ တုန့်တုန့်ယင်ယင် တောင်းပန်နေလေ၏။

ထက်ကျင်က အော်ဖြူ၏ပခုံးကို လှမ်းပုတ်လိုက်ပြီး ...

"အော်ဖြူ ဘာမှစိတ်မကောင်းဖြစ်မနေနဲ့၊ တကယ်တော့ ထန်ဆက်ဘွန်ဂိုဏ်းဟာ ငါတို့ထက် လက်တံပိုရှည်တယ်ကွ၊ ဘယ်လိုဖြစ်ပြီး အဖမ်းခံလိုက်ကြရတာလဲ"

အော်ဖြူက ရှင်းပြသည်။

"ကျွန်တော်တို့ကိုးယောက်ဟာ အရက်ဆိုင်တွေရှေ့မှာ တစ်ယောက်စီ တစ်ယောက်စီ အလှည့်ကျ လှည့်စောင့်ကြပါတယ်၊

တစ်ခါတလေလည်း အရက်ဝင်သောက်ကြပါတယ်၊ ထက်အူလူးဆိုင်မှာ ကျွန်တော်စောင့်နေတုန်း အရပ်ရှည်ရှည်လူတစ်ယောက် ဝင်လာတယ်၊ လက်မောင်းမှာလည်း ဒဏ်ရာရထားပုံပေါ်တော့ သခင်ကြီးထက်ကျင် မှာထားတဲ့လူပဲ ဖြစ်မယ်ဆိုတာ ရိပ်မိလိုက်ကြတယ်၊ ကျွန်တော့်လူအားလုံးကို ထက်အူလူးမှာဆုံကြဖို့ အမိန့်ပေးလိုက်တယ်၊ ရည်ရွယ်ချက်ကတော့ တစ်ယောက်ပြီးတစ်ယောက် ဆက်တိုက် ခြေရာမပြတ်ခံနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်ပါပဲ၊ ဒါပေမဲ့ ဒီဆိုင်ထဲမှာ ထန်ဆက်ဘွန်ဂိုဏ်းထဲက လူတစ်ယောက်ယောက် ရှိနေမယ်ဆိုတာ ကျွန်တော် လုံးဝမရိပ်မိခဲ့ဘူး"

"ဘယ်တော့မှရိပ်မိသလဲ"

"ကျွန်တော်တို့ဟာ ငါးယောက်တစ်ဝိုင်း၊ လေးယောက်တစ်ဝိုင်းဝိုင်းပြီး အရက်သောက်နေကြတယ်၊ အရက်လည်းသောက်ပြီးရော အားလုံး သတိလစ်ကုန်ကြတာပဲ၊ ကျွန်တော်တို့ကိုးယောက်ဟာ သခင်ကြီးထက်ကျင်ရဲ့လူတွေဖြစ်တယ်လို့ ကြိုတင်သိနေတာဟာ သိပ်အံ့ဩစရာကောင်းတာပဲ"

"မင်းတို့သတိရတော့ ဘယ်နေရာကို ရောက်နေကြသလဲ"

"မြေတိုက်ခန်းတစ်ခုထဲမှာပါ"

"နှိပ်စက်သေးသလား"

"မနှိပ်စက်ပါဘူး၊ အခုခေါ်လာတော့လည်း အားလုံးကို မျက်နှာအဝတ်စည်းပြီး ခေါ်လာတယ်၊ ထက်အူလူးဆိုင်ရောက်တော့မှပဲ မျက်နှာမှာစည်းထားတဲ့အဝတ်ကို ဖြေပေးတယ်"



အော်ဖြူသည် သူဆွဲယူလာသည့် အထုပ်တစ်ထုပ်ကို ထက်ကျင်ရှေ့သို့ ချပေးလေ၏။

"သခင်ကြီးထက်ကျင် ... ဒီအထုပ်ကတော့ အရပ်ရှည်ရှည်ပုဂ္ဂိုလ်ကြီးက သခင်ကြီးထက်ကျင်ရဲ့လက်ထဲ အပ်လိုက်ဖို့မှာလိုက်တဲ့ အထုပ်ကြီးပါပဲ၊ အထဲမှာ ဘာပါတယ်ဆိုတာတော့ ကျွန်တော်လည်းမသိပါဘူး"

ထက်ကျင်သည် အထုပ်ကို ဂရုမစိုက်ပေ။

"ကိုးယောက်စလုံး အခြေအနေကောင်းတယ် မဟုတ်လား"

"ကောင်းပါတယ်၊ လောင်လီတစ်ယောက်ပဲ ခြေထောက်နည်းနည်းနာသွားတယ်၊ မြေတိုက်ခန်းထဲ ပစ်ချတုန်းက နာသွားတာပါ၊ ဒါပေမဲ့ ဆိုးဆိုးရွားရွားကြီးမဟုတ်ပါဘူး၊ နှစ်ရက်လောက်ဆိုရင် ပျောက်သွားမှာပါ"

ထက်ကျင်သည် အထုပ်ကြီးကို သူ့ရှေ့သို့ဆွဲယူလိုက်သည်။

"အော်ဖြူ ... မင်းတို့ ဒီမြို့မှာ လှုပ်ရှားလို့မကောင်းတော့ဘူး၊ အကျိုးထက် အဆိုးဖြစ်ဖို့များတယ်၊ မင်းတို့ကိုးယောက်စလုံး အသိုက်ပြောင်းကြပေတော့၊ အကောင်းဆုံးကတော့ နေပြည်တော်ကို ပြောင်းကြ၊ နောင်နှစ်ရက်သုံးရက်ကြာရင် ကောင်းဟင်ချန်တည်း

နိုခန်းကို လိုက်လာခဲ့ ... ငါရှိနေမယ်"

ထက်ကျင်သည် အထုပ်ကိုဆွဲဖြဲလိုက်၏။ အထဲ၌ စက္ကူဖြင့် ထုပ်ထားသည့် ငွေလွှဲလက်မှတ်များကို တွေ့ရသည်။ ရွှေဒင်္ဂါးတစ်ထောင်ကို ဝယ်နိုင်သည့် ငွေလွှဲလက်မှတ်များဖြစ်၍ လွန်စွာများပြားသော တန်ဖိုးပင်ဖြစ်သည်။

ထို့နောက် ဘူးကလေးတစ်ဘူး ထွက်လာလေသည်။ ဘူးကို ဖွင့်လိုက်သောအခါ ပုလဲသွယ်ဆယ်ကုံး ထွက်လာသည်။ ထက်ကျင်သည် ပုလဲသွယ်တစ်ကုံးနှင့် ငွေလွှဲလက်မှတ်ထဲမှ အနည်းငယ်ကို ခွဲယူလိုက်ပြီး ကျန်သည့်ပစ္စည်းအားလုံးကို အောင်ဖြူရှေ့သို့ တွန်းပို့လိုက်၏။ အောင်ဖြူက အဓိပ္ပာယ်နားမလည်သည့် မျက်လုံးများဖြင့် မော့ကြည့်သည်။

"အောင်ဖြူ ... ဒီငွေတွေကို မင်းတို့ကိုးယောက် ခွဲယူကြ ပုလဲသွယ်ကိုးကုံးရှိတော့ ခွဲဝေရတာ လွယ်ပါတယ်၊ တစ်ယောက်တစ်ကုံး ယူကြပေါ့"

အောင်ဖြူက တုန်တုန်ယင်ယင်ပြောလေ၏။

"သ ... သခင်ကြီးထက်ကျင် ... ငွေလွှဲလက်မှတ်တွေက များလွန်းလှပါတယ်၊ နောက်ပြီး ဒီပုလဲသွယ်က ..."

ထက်ကျင် ငေါက်ဆတ်ဆတ်ပြောလိုက်၏။

"ဘာဖြစ်လဲ၊ ဘာမှမဆန်းဘူး၊ မင်းတို့အတွက် အသုံးမဝင်



ပေမယ့် မင်းတို့အိမ်ထောင်စုအတွက် အသုံးဝင်လိမ့်မယ်၊ ကဲ ...ယူသွားတော့၊ နှစ်ရက်အတွင်း နေပြည်တော်ကို ပြောင်းရွှေ့ကြတော့၊ ဒီမှာဆက်နေရင် ထန်ဆက်ဘွန်ဂိုဏ်းက မင်းတို့ကိုဒုက္ခပေးလိမ့်မယ်"

အောင်ဖြူသည် ငွေလွှဲလက်မှတ်များနှင့် ပုလဲသွယ်များကို အထုပ်ကြီးထဲပြန်ထည့်ပြီး ထက်ကျင်အား ဦးညွှတ်ဂါရဝပြု၍ ပြန်လည်ထွက်သွားပေတော့၏။

ထက်ကျင်သည် ပုလဲသွယ်ကို ယွန်ချောချော၏လည်ဝင်း၌ ဆွဲပေးလိုက်သည်။ ယွန်ချောချောက ...

"အစ်ကိုရယ် ... ဒီပစ္စည်းက သန့်ရှင်းတဲ့ပစ္စည်းမှ မဟုတ်တာ"

"ဟား .. ဟား .. ဟား .. ငါလည်းသိတာပဲ၊ ဒါပေမဲ့ ခဏတော့ဆွဲထားပါ၊ ထန်ဆက်ဘွန်ဂိုဏ်းကို ဖြိုဖျက်တဲ့နေရာမှာ ဒါတွေဟာ ပြန်အသုံးဝင်တတ်ပါတယ်"

ယွန်ချောချော သဘောပေါက်သွားသည်။

ဤလည်ဆွဲပုလဲသွယ်ကလေးသည် အလှအတွက် တန်ဖိုးမရှိသော်လည်း ဘဝအတွက် တန်ဖိုးရှိသည်ဟု သူမ သိရှိသွားခဲ့လေပြီ။

❖ ❖ ❖

## အခန်း (၄၄)
## ဉာဏ်များတဲ့ ပျံလွှား

"အစ်ကိုကြီး ... စောစောက အော်ဖြူကိုပြောလိုက်တယ် ... နေပြည်တော်က ကောင်းဟင်ချန်စားသောက်ဆိုင်မှာ ဆုံကြမယ်လို့ ညီမလေး နားကြားမှားသွားသလား"

"မမှားပါဘူး ... လုံးဝမမှားပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မကြာခင်ပဲ ငါတို့ နေပြည်တော်ကို သွားကြတော့မှာမို့လို့ပဲ"

"အစ်ကို မေ့သွားပြီနဲ့တူတယ်၊ ကျောင်းစေ့ခင်ကို တလေပြည်နယ်ထဲက ထွက်သွားပါ့မယ်လို့ အစ်ကို ကတိပေးခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒါကြောင့် နေပြည်တော်ကိုသွားဖို့ ဆုံးဖြတ်လိုက်တာပေါ့၊ ဝီကင်းနေပြည်တော်ဟာ တလေပြည်နယ်ထဲမှာ ရှိတာတော့မှန်တယ်၊ ဒါပေမဲ့ နေပြည်တော်ကတော့ ခြင်းချက်နဲ့ ကိုးတံခါးနယ်စားကြီးရဲ့ လက်အောက်ခံဖြစ်နေတယ်၊ ဝီကင်းကို တကယ်တမ်းအုပ်ချုပ်ပိုင်ခွင့်ရှိတဲ့သူကလည်း ကိုးတံခါးနယ်စားကြီးပဲ၊



အမတ်ချုပ်ကြီးဟိုကွန် ဘယ်လောက်ပဲ ဓားထက်ထက် ကိုးတံခါးနယ်စားကြီးနဲ့တော့ ထိပ်တိုက်မတွေ့ရဲဘူးလေ၊ ဒီတော့ ငါဟာ ကျောင်းစေ့ခင်ကို ကတိဖျက်ရာမကျပါဘူး"

သူမသည် ထက်ကျင်၏ လက်တစ်လုံးခြားလှည့်ပတ်ပုံကို စဉ်းစားမိပြီး ပြုံးမိလေ၏။

"အစ်ကို ... ရှင်ဟာ တော်တော်ကလေး ကောက်ကျစ်တာပဲ၊ အစ်ကို့ကို ဘယ်မှာယုံရဲစရာ ရှိတော့လို့လဲ"

"မင်းယုံရင် မှားမှာပေါ့၊ ငါ့မှာ မိန်းမဆယ်ယောက် ရှိချင်ရှိနေမှာ ... အဲဒါကိုလည်း တစ်ချက်စဉ်းစားဦး"

ယွန်ချောချောက ထက်ကျင်၏ကျောပြင်ကို တဘုံးဘုံးထုရင်း ...

"အဲဒီလိုသာဖြစ်ခဲ့ရင်တော့ အစ်ကို့ကို မိုးမဆုံးမြေမဆုံးလိုက်သတ်မှာပဲ ... သိလား"

ထက်ကျင်က တဟားဟားရယ်နေလေ၏။

"အစ်ကို ... ဝီကင်းနေပြည်တော်ဟာ တလေပြည်နယ်ထဲက ဆိုတာ လူတိုင်းသိကြတယ်၊ ကျောင်းစေ့ခင်က ဆင်ခြေကို လက်ခံမယ်မထင်ဘူး"

"လူတိုင်းလက်ခံထားတဲ့ကိစ္စကို ကျောင်းစေ့ခင်လိုလူမျိုးက လက်မခံသင့်ဘူး"

"ရှင် ..."

ယွန်းချောချော နှုတ်ခမ်းကလေး ဝိုင်းသွားသည်။

"ဟုတ်တယ်လေ၊ ကျောင်းစေ့ခင်လိုပုဂ္ဂိုလ်မျိုးဟာ လူတိုင်းထဲက လူမျိုး မဖြစ်သင့်ဘူး၊ သူဟာ ငါ့အကြောင်း တခြားလူတွေထက် ပိုသိပါတယ်၊ ပိုသိလို့လည်း ငါ့စကားကို ပိုစဉ်းစားသင့်တယ်၊ နောက်ဆုံး ငါက ကောင်းပြီလို့သဘောတူတုန်းက အခုပြောခဲ့တဲ့ စကားတွေအတိုင်းလို့တောင် သူ့ကို ထပ်ပြီးအတည်ပြုခဲ့သေးတယ်"

ယွန်းချောချောက နှုတ်ခမ်းကလေးစူ၍ ပြောလေ၏။

"အစ်ကို့စကားကို သူ အင်မတန်လေးစားတာပဲ၊ အခုလည်း သူ့ကတိအတိုင်း အားလုံးလုပ်ခဲ့တာပဲ"

"အေးလေ ... ငါကလည်း ငါ့စကားအတိုင်း တိတိကျကျ လုပ်ရမှာပါပဲ၊ တလေပြည်နယ်ထဲ့မှာ ပီကင်းနေပြည်တော်ပါတယ် လို့ လူတွေကထင်မှတ်နေကြတာပါ၊ တကယ့်တရားဝင်မှတ်တမ်း မှတ်ရာနဲ့ကျတော့ ပီကင်းဟာ တလေနယ်ထဲကမှ မဟုတ်ဘဲ"

"ဒါက အစ်ကိုက ကတ်သတ်ပြီးပြောတာပဲ"

"မကတ်သတ်ပါဘူး၊ စာချုပ်စာတမ်း ချုပ်ဆိုတဲ့အခါပဲဖြစ်ဖြစ်၊ ကတိတောင်း ကတိယူပြုတဲ့အခါပဲဖြစ်ဖြစ် စကားကို ပြီးပြည့်စုံအောင် ရေးထားရတယ်၊ ပြောကြားရတယ်၊ အဲဒီလို မပြောမိ၊ မရေးမိရင် မပြောမိ မရေးမိတဲ့လူရဲ့ တာဝန်ပဲ"



"အစ်ကို ... အစ်ကိုပြောပုံကိုကြည့်ရင် အရင်က ဒီလို စာတစ်လုံး၊ စကားတစ်လုံးတည်းနဲ့ ကတ်သက်ပြီး တစ်ခုခုကို အနိုင်ယူခဲ့တဲ့ ပုံစံမျိုးပဲ"

ထက်ကျင်သည် တဟားဟား အော်ဟစ်ရယ်မောလေတော့၏။

"ချောချော ... မင်းတော်လာပြီ၊ အဲဒီလို စဉ်းစားတတ်ရမယ်၊ ဒီအတိုင်းဆိုရင်တော့ ငါနဲ့လက်တွဲပြီး ထန်ဆက်ဘွန်ဂိုဏ်းကို ဖြုတ်နိုင်လိမ့်မယ်နဲ့ တူတယ်"

ထက်ကျင်၏ ချီးကျူးစကားကြောင့် ယွန်းချောချောမှာ ရှက်သွေးကလေး ဖြန်းသွားရသည်။

"ကဲပါ ... အစ်ကို့အကြောင်းကို ပြောပြစမ်းပါဦး ... ညီမလေးလည်း ပညာယူရတာပေါ့"

"ကောင်းပြီ ... ပြောပြမယ်၊ အဖြစ်ကတော့ လွန်ခဲ့တဲ့ သုံးနှစ်က အဖြစ်အပျက်ပဲ"

"ဟုတ်ကဲ့ ... ကြားချင်လို့ နားဆင်နေပါတယ် အစ်ကိုရယ်"

"ပီကင်းမှာဆို သိပ်ပြီးဆိုးသွမ်းတဲ့ အရာရှိကြီးတစ်ယောက် ရှိတယ်၊ လာဘ်လည်း သိပ်စားတယ်၊ ဆင်းရဲသူဆင်းရဲသားတွေကို လည်း မညှာဘူး၊ သူဟာ ဘုရင့်အမှုတော်ထမ်းတယ်ဆိုပြီး လိပ်လို သူ့ဘက်သူ ယက်တာချည်းပဲ၊ အဲဒီတော့ အဲဒီအရာရှိကြီး အနားယူတဲ့

အခါမှာ ဝိုက်ဆံအရမ်းချမ်းသာနေတော့တာပဲ"

ယွန်းချောချောမှာ ပါးစပ်ကလေး မဲ့သွားသည်။

"ဟင် ... ဒါဆိုရင် ဖေဖေနဲ့တော့ တခြားစီပဲ၊ ဖေဖေက သူ့အိတ်ထဲက စိုက်ကုန်ဖို့ပဲ စဉ်းစားတယ်"

"လူချင်းတူပေမယ့် အသက်ရှူချင်းကွဲတယ်ဆိုတာ ဒါမျိုးပဲပေါ့၊ အဲဒီအငြိမ်းစားအရာရှိဟောင်းကြီး သူ့မွေးရပ်မြေကို ပြန်နေမယ်ဆိုပြီး ဗီကင်းနေပြည်တော်က ထွက်တယ်၊ သူက ရိုးရိုးမထွက်ဘူး၊ သူ့မွေးရပ်မြေမှာ ကိုးကွယ်ဖို့ဆိုပြီး တစ်သိန်းငါးထောင်တန် မြဘုရား တစ်ဆူကို ဝယ်သတဲ့"

ယွန်းချောချောက ဝင်မစွက်ဘဲ နားထောင်နေသည်။

"မြဘုရားကို ကိုးကွယ်တဲ့အတွက်ကတော့ အပြစ်မရှိပါဘူး၊ ဒါပေမဲ့ အဲဒီဘုရားကို ဝယ်တဲ့ငွေတွေကတော့ သူ့ ဆင်းရဲသား တိုင်းသူပြည်သားတွေဆီက မတရားရရှိထားတဲ့ ငွေတွေပဲဖြစ်တယ်၊ မသန့်ရှင်းတဲ့ငွေတွေပေါ့"

"မသန့်ရှင်းခဲ့တဲ့အပြစ်တွေကျေအောင် ဒီဘုရားကို ဝယ်ကိုးကွယ်တာလားမှ မသိတာ"

ထက်ကျော် မထီတရီရယ်လိုက်၏။

"သူ အဲဒီမြဘုရားဝယ်ခါနီးမှာ ငါက ပုံလွှားစက္ကူရုပ်ကလေးနဲ့ စာတစ်စောင်ပို့လိုက်တယ်၊ ဆန်တုံပြည်နယ်မှာ ရေတွေကြီးပြီး



လူတွေသိန်းချီပြီး ဒုက္ခရောက်နေပါတယ်၊ အဲဒီမြဘုရားဝယ်တဲ့ငွေတွေနဲ့ ရေဘေးဒုက္ခသည်တွေရဲ့ဒုက္ခကို ကူညီပါလို့ မေတ္တာရပ်ခံခဲ့တယ်၊ မေတ္တာရပ်ခံခဲ့တာနော် ... ခြိမ်းခြောက်တာမဟုတ်ဘူး"

ထက်ကျော်က နောက်ဆုံးစကားကို လေးနက်အောင် ထပ်ဆင့်ပြောပြနေ၏။

ယွန်းချောချောက ...

"သူက သဘောတူသလား"

"ဘယ်သဘောတူမလဲ၊ မြဘုရားကို ဝယ်ဖြစ်အောင်ဝယ်လိုက်တယ်"

"သူက မြဘုရားဝယ်ပြီးကိုးကွယ်ရင် သူ့အပြစ်တွေကျေမယ်လို့ ယူဆထားလို့ပဲဖြစ်ရမယ်၊ ရေဘေးဒုက္ခသည်တွေကို ကူညီလို့ သူ့အပြစ်တွေကျေမယ်လို့ ထင်ပုံမရဘူး"

ညစ်ပတ်ပေကျံနေသော အညစ်အကြေးကိုကိုင်ပြီးမှ ရေဆေးသန့်စင်ခြင်းထက် ထိုအညစ်အကြေးကိုမကိုင်ဘဲ သန့်ရှင်းစွာနေထိုင်ခြင်းက ပို၍ကောင်းမြတ်ပေသည်။

အညစ်အကြေးမကိုင်သောလက်သည် ရေဆေးသန့်စင်ခြင်းပြုရန်လည်း မလိုအပ်ပေ။

ထက်ကျော်သည် လူတို့၏ တလွဲတချော်ပြုတတ်သည့် အကျင့်စရိုက်များကို ယွန်းချောချောအား သိမြင်လာစေရန် စိတ်ထက်

ထက်သန်သန်ဖြင့် ရှင်းလင်းပြောပြနေသည်။

"ဒါနဲ့ ငါက သူ့ကို စက္ကူရွှေပုံလွှားတစ်ကောင်နဲ့ ရာဇသံပေးလိုက်တယ်၊ ဆန်တုံပြည်နယ်က ရေဘေးဒုက္ခသည်တွေအတွက် ငွေတစ်သိန်းမလှူဘူးဆိုရင် မြဘုရားကို သူ့မွေးရပ်မြေအထိ ပင့်ဆောင်ခွင့်မပေးနိုင်ဘူးလို့ ရာဇသံပေးလိုက်တယ်၊ သူလည်း အင်မတန် ဗျာများသွားတာပေါ့"

ယွန်ချောချောက စောဒကတက်လိုက်၏။

"သူလည်း အရာရှိပောင်းပဲ၊ ဘုရင့်တပ်သားတွေရဲ့ အကူအညီနဲ့ ဒီမြဘုရားကို ပင့်ဆောင်လို့မရဘူးလား"

"ဟား .. ဟား .. ဟား .. သူ ဘယ်ပင့်ဆောင်ရဲမလဲ၊ ဒီဘုရင့်တပ်သားတွေမှာ ရွှေပုံလွှားထက်ကျင်ပါလာကောင်း ပါလာလိမ့်မယ်လို့ သူက ယူဆထားချင်ထားမှာပေါ့"

"ဒါကတော့ သူ အကြောက်လွန်တာပဲ"

"မတရားလုပ်ထားတဲ့ အရာရှိတိုင်း ရွှေပုံလွှားကို ကြောက်ကြပါတယ်၊ သူတစ်ယောက်တည်း မဟုတ်ပါဘူး ... ဘယ်သူမဆို မတရားလုပ်ထားတဲ့လူတိုင်း ကိုယ့်လိပ်ပြာကိုယ်မလုံဘူး၊ ဒါပေမဲ့ သူဟာ ကျန်ဝူးနယ်မှာ သိုင်းပညာအစွမ်းထက်တဲ့ သိုင်းဆရာကြီးသုံးဦးကို ငှားရမ်းပြီး သူ့မြဘုရားကို စောင့်ရှောက်ခိုင်းတယ်"

"အဲဒီသိုင်းဆရာတွေဟာ စောင့်ရှောက်နိုင်ကြသလား"



"ဟား .. ဟား .. ဟား .. အဲဒီသိုင်းဆရာတွေရဲ့လက်ထဲကို မြဘုရားထည့်ထားတဲ့ သေတ္တာကလေး မပေးအပ်ခင်မှာပဲ ငါ အဲဒီသေတ္တာကလေးကို အလစ်သုတ်လာခဲ့တယ်"

"ဪ ... အစ်ကိုက သိပ်လျင်တာပဲနော်"

"အစ်ကို မလျင်ပါဘူး၊ ဒါပေမဲ့ အဲဒီအရာရှိဆိုးကြီးရဲ့အိမ်မှာ ငါ့ကိုကြည်ညိုတဲ့လူတွေရှိနေလို့ ဒီလိုအလစ်သုတ်နိုင်ခဲ့တာပါ"

"နောက်တော့ ဘယ်လိုဖြစ်သွားလဲဟင်"

"ငါက မြဘုရားသေတ္တာကို မြင်းလှည်းပေါ်တင်ပြီး အလစ်သုတ်လာတာဆိုတော့ သိုင်းဆရာကြီးသုံးဦးဟာ ငါ့နောက်ကို အမီလိုက်နိုင်ကြတယ်၊ သူတို့က မြင်းလှည်းပေါ်မှာပါတဲ့ သေတ္တာကိုပဲ ပေးအပ်မလား၊ ဒါမှမဟုတ် သူတို့နဲ့ပဲ သိုင်းပညာပြိုင်မလားဆိုပြီး ငါ့ကို စကားဆိုတယ်၊ အဲဒီသိုင်းဆရာကြီးတစ်ယောက်စီဟာ ငါ့ထက်သိုင်းပညာအရည်အချင်း မြင့်တဲ့သူတွေချည်းပဲဖြစ်တယ်"

"အစ်ကို သူတို့က အဲဒီအရာရှိဆိုးကြီးအကြောင်း မသိဘူးလား၊ ဘာဖြစ်လို့ သူတို့က အဲဒီအရာရှိဆိုးကြီးကို ကူညီရတာလဲ"

"အဲဒါလည်း ဘုရားမှ သိတော့မှာပေါ့၊ အမှန်အတိုင်းပြောရရင်တော့ ဒီဆရာကြီးသုံးယောက်ဟာ သစ္စာတရားကို ဦးထိပ်ထားခဲ့တဲ့လူတွေပါပဲ၊ အရင့်အရင်က နာမည်ပျက်ဆိုတာ လုံးဝမရှိခဲ့ဘူး၊ အခုမှ ဘယ့်နှယ်ဖြစ်သွားရတယ်ဆိုတာ ငါလည်းမသိတော့ဘူး"

"အဲဒီတော့ အစ်ကိုဘာလုပ်သလဲ"

"ဘာလုပ်ရမှာလဲ၊ သူတို့တောင်းတဲ့သေတ္တာကို ပြန်ပေးလိုက်တာပေါ့"

"ဟင် ... ဒါဆို အစ်ကိုရှုံးနိမ့်သွားတာပေါ့၊ မအောင်မြင်တော့ဘူးဆိုတဲ့ သဘောပေါ့"

"ဒီလိုလည်းမဟုတ်ပါဘူး၊ အောင်မြင်ပါတယ်၊ မြဘုရားကို တစ်သိန်းသုံးသောင်းနဲ့ရောင်းပြီး ဆန်တုံပြည်နယ်က ရေဘေးဒုက္ခသည်တွေကို ကူညီလိုက်ပါတယ်"

"အစ်ကို့စကားက အပြီးအမောက်မတည့်ဘူး၊ မြဘုရားထည့်တဲ့သေတ္တာကို ပြန်ပေးလိုက်သေးတယ်လို့ ဆိုသေးရဲ့၊ မြဘုရားကိုလည်း ရောင်းပစ်တယ်လို့လည်း ဆိုသေးရဲ့"

ထက်ကျင်က ဟက်ဟက်ပက်ပက် ရယ်မောရင်း ...

"ငါပြောချင်တာ ဒါပဲလေ၊ သိုင်းဆရာကြီးသုံးယောက်က မြဘုရားနဲ့ မြဘုရားထည့်တဲ့သေတ္တာကို ပြန်ပေးပါလို့ဆိုရင်တော့ တစ်မျိုးပေါ့၊ မြင်းလှည်းပေါ်မှာပါတဲ့ သေတ္တာကိုပေးအပ်ပါလို့ ဆိုတာက တစ်မျိုးလေ၊ သူတို့တောင်းတာက သေတ္တာပဲ၊ ဘုရားပါတဲ့ သေတ္တာမှမဟုတ်တာ"

"ဒါလည်း အစ်ကိုကတ်တာပဲ"

"ဟင်း .. ဟင်း .. မကတ်ပါဘူး၊ အဲဒီပြဿနာဟာ အတော်



ကလေး ကြီးကျယ်တယ်၊ ကျန်ဝူးနယ်တစ်နယ်လုံးက သိုင်းလောကမှာ အကြီးအကျယ် ဂယက်ရိုက်တယ်၊ ငါကလည်း သိုင်းသမားအားလုံးကို ဖိတ်ခေါ်ပြီး သိုင်းဆရာကြီးသုံးယောက်ပြောတဲ့ စကားနဲ့ ငါ့လုပ်ရပ်ကို ရှင်းပြတယ်"

"အဲဒီတော့ သိုင်းလောကသားတွေက ဘယ်လိုဆုံးဖြတ်သလဲ"

"ဘာဆုံးဖြတ်ရမလဲ ... အားလုံး ပြုံးစိပြုံးစိ ဖြစ်ကုန်တော့တာပေါ့၊ ငါ့ကိုလည်း ဉာဏ်များတဲ့ပျံလွှားလို့ ခေါ်ကြတယ်၊ သိုင်းဆရာကြီးသုံးယောက်ကတော့ တောက်တခေါက်ခေါက်နဲ့ပေါ့ကွာ၊ ဒါပေမဲ့ အများက ငါမှန်တယ်လို့ဆုံးဖြတ်လိုက်တော့ သူတို့လည်း မတတ်နိုင်ပါဘူး၊ မြဘုရားကိုရောင်းရတဲ့ ငွေတစ်သိန်းသုံးသောင်းကိုလည်း သူတို့ရှေ့မှာပဲ ဆန်တုံနယ်က ဆင်းရဲသားခေါင်းဆောင်တွေရဲ့ လက်ထဲ ပေးအပ်လိုက်တယ်"

ယွန်ချောချောက ပြုံး၍ပြော၏။

"ဘာပဲပြောပြော အစ်ကိုညစ်တာတော့ အမှန်ပဲ၊ ဒါပေမဲ့ အမှန်တရားအတွက် ညစ်တာဆိုတော့ တော်သေးတာပေါ့"

ထက်ကျင်က ဟက်ဟက်ပက်ပက် ရယ်လေ၏။

"ရွှေပျံလွှားဟာ ဘယ်တော့မှ ကိုယ်ကျိုးအတွက် မလုပ်ခဲ့ဘူး၊ အမှန်တရားအတွက် ညစ်တယ်လို့လည်း ငါကမသတ်မှတ်ဘူး၊

လုပ်သင့်လုပ်ထိုက်တာကို 'လုပ်တာပဲ"

"နေပါဦး ... အစ်ကိုက မြဘုရားကို ဘယ်လိုထုတ်ယူလိုက်တာလဲ"

"ဟ ... ငါက မြင်းလှည်းနဲ့သုတ်လာပြီးကတည်းက သေတ္တာထဲက မြဘုရားကိုထုတ်၊ အဝတ်ဟောင်းတစ်ခုနဲ့ပတ်၊ သေတ္တာထဲကိုတော့ မြဘုရားနဲ့ အလေးချိန်အတူတူရှိလောက်တဲ့ ကျောက်ခဲတစ်တုံး ထည့်ထားလိုက်တာပဲ"

"ဟင်း ... အစ်ကို့ကို သူတို့ပေးတဲ့နာမည်က သိပ်မှန်တာပဲ၊ ဉာဏ်များတဲ့ပျံလွှားဆိုတာ အစ်ကိုနဲ့ သိပ်လိုက်တယ်"

"ဉာဏ်များတာမဟုတ်ပါဘူး ညီမလေးရယ်၊ အန္တရာယ်ကို ကြိုတင်ကာကွယ်ထားတာပါ၊ ဘာအလုပ်မဆို အသေးအဖွဲ့ကလေးတွေကစပြီး ကြိုတင်ပြင်ဆင်ထားရင် အမှားမရှိနိုင်ပါဘူး၊ ကိုယ့်အတွက်လည်း တစ်ချိန်ချိန်မှာ လာပြီးအကျိုးပြုတတ်ပါတယ်"

"အစ်ကို့လုပ်ရပ်တွေက ဆင်းရဲသား တောင်သူလယ်သမားတွေဘက်ကကြည့်ရင်တော့ မှန်ပါတယ်၊ ဒါပေမဲ့ လူမုန်းတော့များတာပဲ"

ထက်ကျင်သည် ဟက်ဟက်ပက်ပက် ရယ်မောလေတော့သည်။

"အမှောင်လောကသားတွေ၊ ဒုစရိုက်သမားတွေက ရွှေပျံ





လွှားထက်ကျင်ကို အမုန်းချေချင်ကြတယ်၊ အရိုးကိုတောင် စိစိညက်ညက် ထောင်းချင်ကြတယ်၊ အလင်းရောင်အောက်မှာရှိတဲ့ အရာရှိဆိုးတွေနဲ့ အကျင့်ယုတ်တဲ့ အမှုထမ်းတွေကလည်း ရွှေပျံလွှားထက်ကျင်ကို သေစေချင်ကြပါတယ်၊ ဒါပေမဲ့ ..."

"အစ်ကို့ကို ချစ်တဲ့လူရော ရှိသေးရဲ့လား"

"ဟား .. ဟား .. ဟား .. ရွှေပျံလွှားကို မုန်းတဲ့လူက တစ်ယောက်ဆိုရင် ရွှေပျံလွှားကိုချစ်တဲ့လူက တစ်ထောင်မကဘူး ရှိတယ်၊ ငါ့မှာ ရန်သူထက် မိတ်ဆွေပိုများပါတယ်၊ အော်ဖြူတို့လူစုကိုကြည့်ပါလား၊ ရွှေပျံလွှားကို ကူညီမယ့်လူတွေက နေရာတကာမှာ ရှိနေတယ်"

အလင်းနှင့်အမှောင်၊ အမှန်နှင့်အမှား ဆန့်ကျင်ဘက်တရားနှစ်ခုရှိသည့်အနက် အလင်းသည်လည်းကောင်း၊ အမှန်သည်လည်းကောင်း လောကကြီးကို နောက်ဆုံး ကြီးစိုးရမည်သာဖြစ်သည်။

အမှောင် မည်မျှကြီးစိုးစေ နောက်ဆုံး၌ အလင်းရောင်အောက်၌ ပြိုကွဲရပေမည်။ အမှားများ မည်မျှအုပ်စိုးနေစေ အမှန်တရားက နောက်ဆုံး အနိုင်ရရှိရပေမည်။

ရွှေပျံလွှားထက်ကျင်သည် ဟန်တရုတ်မဟုတ်ချေ။

သို့သော် ဟန်တရုတ်များအတွင်း အကျင့်ပျက်မှုများ၊ နိုင်ထက်စီးနင်း ပြုလုပ်မှုများ၊ မတရားမှုများကို သူစွမ်းသလောက် သူ

မိတ်ဆွေများ၏ အကူအညီဖြင့် ဖြိုဖျက်ခဲ့လေသည်။

ထို့အတွက် ဆုလာဘ်မှာမူ ဆင်းရဲသူ၊ ဆင်းရဲသားများ၏ ချစ်ခင်မှုတည်းဟူသော အချက်တစ်ချက်သာ ရရှိသည်။

ထိုစဉ် ယွန်းချောချောက မေးမြန်းလေသည်။

"အစ်ကို ညီမလေးတို့ နေပြည်တော်ကိုသွားရင် ကျောင်းစေ့ခင်ကို အဲဒီမှာတွေ့နိုင်မလားဟင်"

"တွေ့ချင်မှတွေ့မယ်၊ ရှိဖို့တော့များတယ်"

"ဒါဆိုရင် ညီမလေးတို့ အဲဒီမှာ အလုပ်ရှိနေဦးမှာလား"

ထက်ကျင်က ရယ်ရင်း ...

"အလုပ်ကတော့ အမြဲတမ်းရှိနေမှာပဲ၊ ငါက ထန်ဆက်ဘွန်ဂိုဏ်းနဲ့ စစ်ပြေငြိမ်းထားတာမှ မဟုတ်ဘဲ၊ တကယ်လို့ ခေတ္တပြေငြိမ်းထားရတယ်ဆိုရင်လည်း ညီမလေးနဲ့ လျှောက်လည်ကြတာပေါ့ကွာ"

ယွန်းချောချော၏မျက်နှာလေးမှာ ရွှက်သွေးတက်သွားသည်။

သို့သော် ပီတိဖြစ်သွားသည်ကတော့ အမှန်ပင်။

"အစ်ကို မေမေ့ကိုရှာဖို့အတွက် ..."

ယွန်းချောချော၏ စကားမဆုံးမီမှာပင် ထက်ကျင်က ဖြတ်ပြောလေ၏။



"လောလောဆယ် ခြောက်လအတွင်းမှာတော့ မင်းမေမေဘာမှ အန္တရာယ်မဖြစ်နိုင်ပါဘူး၊ ကျောင်းစေ့ခင်တို့က ဒုက္ခမပေးသေးပါဘူးလေ၊ ပေးလည်း လွယ်တော့မလွယ်ပါဘူးလေ"

ထက်ကျင်ကသာ သူ့လုည့်ကွက်နှင့်သူ ပီကင်း၌နိမည်ဟု ပြောဆိုခြင်းဖြစ်ပေသည်။

ထက်ကျင်၏လုပ်ရပ်ကို ကျောင်းဇေခင်သိသွားပါက ပြဿနာ မည်သို့တက်မည်ကို မည်သူမျှ အတိအကျမပြောနိုင်သေးပေ။

ယွန်ကတော်ကြီးကို ဘေးရန်မပြုတော့ဟု ကတိပြုခဲ့ခြင်းမှာလည်း ထက်ကျင်တစ်ယောက် တလေပြည်နယ်မှ ထွက်ခွာသွားမှသာ အတည်ဖြစ်ပေလိမ့်မည်။

ယွန်းချောချောသည် ထိုအချက်ကို သတိမလစ်ချေ။

သို့သော် သူမအတွက် တစ်ခုစိတ်အေးနေရသည်မှာ သူမ၏မိခင်သည် သိုင်းပညာထက်မြက်နေခြင်းပင်တည်း။

ကျောင်းစေ့ခင်တို့သည် သူမ၏မိခင်ကြီးကို လွယ်လွယ်ကလေးနှင့် ဘေးအန္တရာယ်ပြုနိုင်မည်မဟုတ်ပေ။

သို့သော် ထက်ကျင်နှင့်သွားနေစဉ် အချိန်ကာလတစ်လျှောက်၌ ထန်ဆက်ဘွန်ဂိုဏ်း၏ အန္တရာယ်ကို အချိန်မလပ်သတိပြုနေရမည်ဖြစ်သည်ကိုမူ ယွန်းချောချောသတိရှိလေသည်။

ထက်ကျင်သည် ထန်ဆက်ဘွန်ဂိုဏ်းကို အမြစ်ဖြုတ်ရန်

ရည်ရွယ်ချက်ရှိကြောင်း ယွန်ချောချော အလိုလိုသိရှိနေလေ၏။

မည်သို့ပင်ဖြစ်စေ သူမသည် သူမ၏ချစ်သူဘေး၌ သေအတူ ရှင်မကွာ လိုက်ပါတော့မည်ဟု ဆုံးဖြတ်ပြီးဖြစ်လေရာ ဖြစ်ပျက်လာသမျှအကြောင်း အကောင်းချည်းပဲဟု သူမ သဘောပိုက်ထားနိုင်ခဲ့လေပြီ။ ထက်ကျင်သည် ငေးမောရင်း တွေဝေနေသည့် ယွန်ချောချောကို ပြုံး၍သတိပေးလိုက်၏။

"ချောချော ... ဘာတွေတွေးနေတာလဲ၊ အော်ဖြူလည်းလာ ပြီးပြီ၊ ငါတို့လည်း စကားတော်တော်ပြောပြီးပြီ၊ ကျန်တဲ့အပိုင်းက အလုပ်လုပ်ဖို့ပဲ ရှိတော့တယ်၊ ခရီးထွက်ဖို့ အားလုံးအဆင်သင့်ဖြစ်ပြီမဟုတ်လား"

ယွန်ချောချောက ထက်ကျင်အား ပြုံးကြည့်၍ ပြန်ဖြေ၏။

"အစ်ကိုလည်း အဆန်းလုပ်ပြီး မေးနေပြန်ပြီ၊ ကွမ်ဒိုက်ဒေသ, ကျန်ဝူးဒေသနဲ့ တိုင်းပြည်အနှံ့အပြားသွားနေတဲ့ ရွှေပျံလွှားထက်ကျင်ရဲ့ ချစ်သူဟာ ခရီးထွက်ဖို့ ဘာတွေအထူးအဆန်းပြင်ဆင်နေရမှာလဲ၊ အစ်ကိုသွားမယ်ဆိုတဲ့အချိန်မှာ ညီမလေးဟာ အမြဲတမ်းအဆင်သင့်ဖြစ်နေတာပဲ"

"ဟား .. ဟား .. ဟား .. ကြိုက်ပြီဟေ့"

❖ ❖ ❖



အခန်း (၄၅)

ရွှေပျံလွှား၏ ထိုးစစ်တစ်ရပ်

မြင်းနက်ကြီးနှင့် မြင်းဖြူကြီးနှစ်ကောင်တို့သည် လည်ဆံမွေးတဖွားဖွားနှင့် ခရီးနှင်လျက်ရှိကြ၏။

ထက်ကျင်သည် သူ၏မြင်းကြီးကို အားကုန်နှင်နေခြင်းမဟုတ်ပေ။

ထန်ဆက်ဘွန်ဂိုဏ်း၏ ဘေးအန္တရာယ်မရှိတော့သဖြင့် ခပ်အေးအေး ခပ်မှန်မှန်သာ ခရီးနှင်နေခြင်းဖြစ်သည်။ သူသည် ယွန်ချောချော သိသင့်သိထိုက်သည့် နယ်မြေဒေသန္တရ ဗဟုသုတများကို ရှင်းပြလာခဲ့သည်။ ယွန်ချောချောလည်း ထက်ကျင်၏စကားများကို အထင်ကြီးလေးစားစွာ နားထောင်လာခဲ့သည်။

ထက်ကျင်က ...

"သိုင်းလောကထဲဝင်တော့မယ်ဆိုရင် သိုင်းပညာတော်ရုံ ကွင်မကဘူး၊ ဒေသန္တရဗဟုသုတလည်း ကျွမ်းကျင်ဖို့လိုတယ်၊ ဒါမှ သိုင်းသမားဟာ အသက်ရှည်ရှည်နေရတယ်၊ ဒေသန္တရဗဟုသုတရှိ

ဖို့ ဆိုတာကလည်း အပျင်းကြီးနေလို့မရဘူး၊ အမြဲတမ်း မျက်လုံးဖွင့်ပြီး စပ်စုနေရတယ်၊ တောင်ကမူကလေးတစ်လုံး၊ လိုဏ်ဂူကလေးတစ်လုံးလို ဘာမှအရေးမကြီးတဲ့ မြေအနေအထားကလေးတစ်ခုဟာ တစ်ခါတရံ ကိုယ့်အတွက် သေရေးရှင်ရေး ပုန်းခိုစရာတစ်မျိုး ဖြစ်လာတတ်တယ်"

"သိုင်းလောကသားဖြစ်ရတာလည်း မလွယ်လှဘူးနော်"

"ဘယ်လွယ်မလဲ၊ သိုင်းလောကရဲ့ ထိပ်သီးဖြစ်ချင်တဲ့လူဟာ ဝိရိယကြိုးစားရတယ်၊ သာမန် အောက်တန်းစား သိုင်းသမားကလေးတွေအတွက်တော့ ဘာမှကြိုးစားဖို့မလိုပါဘူး"

ထက်ကျင်နှင့် ယွန်ချောချောတို့နှစ်ဦး ခရီးနှင်လာကြရာ မွန်းလွဲပိုင်းတွင် ကျန်ဆင်ကျန်မြို့သို့ ရောက်ရှိလာကြလေသည်။

ထိုမြို့သည် မငယ်လှပေ။ ဈေးဆိုင်ကန္တားများဖြင့် အတော်ကလေး စည်ကားသောမြို့ဖြစ်သဖြင့် တည်းခိုဆိုင်များကလည်း ဆယ်ဆိုင်ခန့်မျှ ရှိနေသည်။

ထက်ကျင်သည် တည်းခိုဆိုင်တစ်ဆိုင်ရှေ့၌ သူတို့၏မြင်းကြီးများကို ရပ်တန့်လိုက်၏။ အလုပ်သမားတစ်ယောက်၏ လက်ထဲသို့ မြင်းကြီးများကိုပေးအပ်ပြီး တည်းခိုဆိုင်ထဲသို့ ဝင်သည်။

အခန်းတစ်ခန်းငှားပြီး ယွန်ချောချောကို နေရာချထားပေးသည်။



သူကတော့ သူမအား တီးတိုးမှာကြားခဲ့ပြီး ပြန်လည်ထွက်ခွာသွားလေ၏။

နာရီဝက်ခန့်ကြာသောအခါ ထက်ကျင် ပြန်လည်ရောက်ရှိလာ၏။

အထုပ်တစ်ထုပ်လည်း ပါလာသည်။ သူသည် အထုပ်ကို ခုတင်ပေါ်၌ အသာအယာတင်ပေးရင်း လှမ်းမေးလိုက်၏။

"ချောချော ... မင်းသီချင်းဆိုတတ်လား"

ဆိုင်းမဆင့်ဗုံမဆင့် မေးလိုက်သောမေးခွန်းကြောင့် ယွန်ချောချောမှာ အံ့အားသင့်သွားသည်။

ကွမ်ငိုက်နယ် တပ်မှူးကြီး၏သမီး၊ ဆန်ဆီပြည် နယ်စားကြီး၏ တတိယသမီးတော်ကလေးသည် အဘယ်မှာလျှင် သီချင်းဆိုတတ်ပါမည်နည်း။

သို့သော် မိန်းကလေးတို့သဘာဝ အနည်းငယ်တော့ ဆိုရေးဆိုစရှိပါသည်။

ထို့ကြောင့် ထက်ကျင်အား မယုတ်မလွန် ပြန်လည်မေးခွန်းထုတ်လိုက်မိလေ၏။

"အစ်ကိုကြီးက ဘာလုပ်မလို့လဲဟင်"

"အကြောင်းစုံကိုတော့ ရှင်းပြလို့မဖြစ်သေးဘူး၊ သီချင်းမဆိုတတ်ဘူးဆိုရင်တော့ တစ်မျိုးတစ်ဖုံ ထပ်စဉ်းစားရဦးမယ်"

"ညီမ နည်းနည်းပါးပါးတော့ ဆိုတတ်ပါတယ်"

"အေး ... ဒီလိုမှပေါ့၊ ကိုယ်ရေးကြုံရင် သက်လုံကောင်းရမယ်၊ နည်းနည်းပါးပါးဆိုတတ်ရင် များများဆိုတတ်အောင် လေ့ကျင့်လို့ရပါတယ်"

ယွန်းချောချောမှာ မျက်လုံးကလေးဝိုင်းသွား၏။

"အစ်ကို ... ညီမက သီချင်းဆိုပြီး ဘာလုပ်ရမှာလဲဟင်၊ ကပွဲ တစ်ခုခုမှာ ဝင်ပြီးသီချင်းဆိုရမှာလား။ ဒါမှမဟုတ် သီချင်းဆိုပြီး ပိုက် ဆံတောင်းရမှာလား"

"ဟုတ်တယ် ... သီချင်းဆိုပြီး ပိုက်ဆံတောင်းရမယ်"

"ရှင် ..."

"မအံ့သြနဲ့၊ တကယ့်ကို သီချင်းဆိုပြီး ပိုက်ဆံတောင်းရမှာ၊ သီချင်းစာအုပ်လည်း အခုဝယ်လာတယ်၊ လေ့ကျင့်ရင်းနဲ့ တဖြည်းဖြည်း ဖြစ်လာမှာပေါ့"

ယွန်းချောချောက တွန့်ဆုတ်တွန့်ဆုတ် ပြော၏။ ထက်ကျင်က တဟားဟားရယ်ရင်း ...

"ညီမလေးချောချော ... ရွှေပုံလွှားထက်ကျင်ဟာ အထက်တန်းစား မင်းမျိုးမင်းနွယ်မဟုတ်ဘူး၊ ရွှေပုံလွှားကိုချစ်ရင် ရွှေပုံလွှားနေသလိုပဲ နေတတ်ရလိမ့်မယ်၊ အခု ငါ့အတွက် ဖျပ်စောင်းတစ်လက် ဝယ်လာတယ်၊ ငါကတော့ ငယ်ငယ်လေးကတည်းက ဖျပ်



စောင်းတီးတတ်တဲ့သူမို့လို့ ဘာမှမခက်အခဲမရှိဘူး၊ ငါက ဖျပ်စောင်းတီးတဲ့နောက် မင်းက သီချင်းမဆိုရဲဘူးတဲ့လား"

ယွန်းချောချောမျက်နှာ၌ ဝိုင်းဖြတ်သောအမူအရာများ ပေါ်လာသည်။

"အို ... အစ်ကို ဖျပ်စောင်းတီးဖို့မလိုပါဘူး၊ ညီမလေးတစ်ယောက်တည်း သီချင်းဆိုဆိုရင်လည်း ညီမလေး ဖြစ်အောင်ကြိုးစားပါ့မယ်"

ထက်ကျင်က ယွန်းချောချော၏ပါးကလေးကို လိမ်ဆွဲလိုက်သည်။

"အဲဒီလိုမှပေါ့၊ ဒါမှ ကလေကချေ ရွှေပုံလွှားနဲ့ တပ်မှူးကြီးသမီးရဲ့ဘဝဟာ ပေါင်းစပ်လို့ရလိမ့်မယ်၊ ဒီမှာ ညီမလေး ... ရွှေပုံလွှားအပေါ် ယုံကြည်မှုရှိရင် ဘာမဆို စိတ်ချလက်ချ ဆောင်ရွက်ပါ၊ ရွှေပုံလွှားဟာ သူချစ်သူအပေါ်တောင် မဆိုထားနဲ့၊ သူစိမ်းတစ်ယောက်အပေါ်မှာတောင် ဘယ်တော့မှ ဒုက္ခရောက်အောင် မလုပ်ပါဘူး"

ယွန်းချောချောက စိတ်မကောင်းဖြစ်သွားသည်။

"အစ်ကိုရယ် ... ညီမလေးက အစ်ကို့ကို ယုံကြည်ပါတယ်၊ ဒါပေမဲ့ ကိုယ်နဲ့မအပ်စပ်တဲ့အလုပ်မို့ ခဏ ရှဲ့သွားမိတာပါ၊ အစ်ကို ခိုင်းတဲ့အလုပ်ဆိုရင် ညီမလေး လုပ်ဖို့အသင့်ပါ"

"ကောင်းပါလေရဲ့ကွာ၊ ဟိုအထုပ်ကို ဖွင့်ကြည့်စမ်းပါဦး"

"အခြေအနေလေးကိုတောင် နည်းနည်းပါးပါး ဖွင့်ပြောလို့ မဖြစ်ဘူးလား"

"မင်းဒီလောက်သိချင်ရင်လည်း ပြောရတာပေါ့ကွာ၊ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ အခြေစိုက်စခန်းကို စုံစမ်းဖို့ပါပဲ၊ မင်းရော ငါရော ရုပ်ဖျက်ပြီး စုံစမ်းကြမယ်လေ"

"အစ်ကိုရယ် ... ဒါများ ဖွင့်ပြောလိုက်ရောပေါ့၊ ညီမလေး လုပ်နိုင်ပါတယ်"

ယွန်ချောချောသည် ခုတင်ပေါ်မှအထုပ်ကို လှမ်းယူပြီး ဖြေကြည့်လိုက်၏။ ပစ္စည်းများကို တစ်ခုပြီးတစ်ခု ထုတ်ယူကြည့်သည်။

ပြဇာတ်များထဲ၌ ယောကျ်ားများ ဝတ်လေ့ဝတ်ထရှိသော ဝတ်စုံတစ်စုံ။

ပြဇာတ်မင်းသမီးများ သို့မဟုတ် သီချင်းသည်များ ဝတ်လေ့ရှိသည့် ဝတ်စုံတစ်စုံ။

ရွှေရည်စိမ် လက်ဝတ်လက်စားများ၊ အလှပြင်ပစ္စည်းများ၊ သီချင်းစာအုပ်တစ်အုပ်။

ဗျပ်စောင်းတစ်လက်။

ထိုပစ္စည်းများအနက် ပထမဆုံးအသုံးဝင်သော ပစ္စည်းများမှာ သီချင်းစာအုပ်နှင့် ဗျပ်စောင်းတို့ပင်ဖြစ်သည်။



ယွန်ချောချောအား သီချင်းဆိုပုံဆိုနည်း၊ အသံဆွဲပုံဆွဲနည်းများကို ထက်ကျင်က ဗျပ်စောင်းတီးရင်း သင်ပြပေးသည်။

သြော် ... ရွှေပျံလွှားထက်ကျင် မတတ်သည့်ပညာ ရှိမှရှိသေးရဲ့လား။

သူတို့သည် တည်းခိုဆိုင်မှ ခုနစ်ရက်လုံးလုံး အပြင်သို့မထွက်ဘဲ သီချင်းတိုက်ကြသည်။ ယွန်ချောချော၏ ကြိုးစားမှုကြောင့် ထက်ကျင်မှန်းဆထားသည့် အချိန်ထက်စော၍ ယွန်ချောချောတစ်ယောက် သီချင်းသည်မလေးတစ်ယောက်နှင့် တူလာလေ၏။

တစ်ပတ်ပြည့်မြောက် အဌမမြောက်နေ့တွင် ထက်ကျင်နှင့် ယွန်ချောချောတို့သည် မြင်းရထားတစ်စီးငှား၍ နေပြည်တော်သို့ ခရီးထွက်ခဲ့ကြပြန်လေ၏။

သည်တစ်ကြိမ် နေပြည်တော်သို့ရောက်သည့်အခါတွင်မူ ကောင်ဟင်းချန်တည်းခိုဆိုင်၌ မတည်းတော့ပေ။ သူတို့ဦးတည်သွားသည့် ရပ်ကွက်မှာ ထန်ချောင်ရပ်ကွက်ဖြစ်တော့သည်။

ထန်ချောင်ရပ်ကွက် ... ။

သည်ရပ်ကွက်က နေပြည်တော်၏ စီးပွားရေးရပ်ကွက်ဖြစ်သည်။ ဈေးဆိုင်ကန့်လန့်များဖြင့် စည်ကား၏။ နဂါးများ၊ ကျားများကျက်စားရာ ရပ်ကွက်ဖြစ်၏။ မြေအောက်ဒုစရိုက်သမားများ၊ အောက်လမ်းသိုင်းလောကသားများသည် ဤရပ်ကွက်၌ အလွန်

တရာ ပျော်မြူးကြသည်။

သည်ရပ်ကွက် ငြိမ်သက်သည့်အချိန် တစ်ချိန်ရှိ၏။ ဧကရာဇ်မင်းမြတ်သည် ဤရပ်ကွက်ရှေ့မှ ဖြတ်သန်းသွားသည့်အချိန် တစ်ချိန်၌သာ သည်ရပ်ကွက် တိတ်ဆိတ်ငြိမ်သက်သည်။ အခြားအချိန်များ၌ နေ့ညမဟူ ဆူညံနေတတ်ပေသည်။

သည်ရပ်ကွက်အတွင်းသို့ မှူးကြီးမတ်ရာ သေနာပတိများ၏ သားသမီးများ၊ သူဌေးသူကြွယ် လူကုံထံများ၏ သားသမီးများ မသွားကြပေ။ သို့သော် အပျော်ကြူးသည့် လူကုံထံသားသမီးများကမူ သည်ရပ်ကွက်ကို သဘောကျကြသည်။

ယွန်ချောချောသည် သည်ရပ်ကွက်၌ ဆန်ဆီပြည်နယ် နယ်စားကြီး၏ သမီးတော်တစ်ယောက်အဖြစ် မဟုတ်မူဘဲ သီချင်းသည်မတစ်ယောက်အဖြစ် သီဆိုဖျော်ဖြေရန် ရောက်ရှိလာခဲ့လေပြီ။ ဇာတ်ဆရာက ထက်ကျင်တည်း။

ထက်ကျင်၏အစီအမံ ချောမောအောင်မြင်မည်၊ မအောင်မြင်မည်ကိုမူ ယွန်ချောချော အတတ်မသိပေ။ သူတို့ဇာတ်တိုက်ထားသည့် အခြေအနေ ကောင်းနေသည်ကိုမူ သူမ သိသည်။

မကြာမီ ထက်ကျင်နှင့် ယွန်ချောချောတို့ ထန်ချောင်ရပ်ကွက်ဆီသို့ ရောက်လာခဲ့ကြသည်။ ထက်ကျင်သည် ဝှန်လုံတန်အမည်ရှိသော တည်းခိုခန်းဆိုင်၌ တည်းခိုသည်။ ခမောက်ဆောင်းထား



သည့် ထက်ကျင်နှင့် သီချင်းသည်မ၏ အရပ်ဝတ်အရပ်စား ဝတ်ဆင်ထားသည့် ယွန်ချောချောတို့သည် ဝှန်လုံတန်၌ အခန်းငှားနေထိုင်ကြတော့၏။ သူတို့နှစ်ယောက်ကို ထက်ကျင်မှန်း၊ ယွန်ချောချောမှန်းမည်သူမျှ မသိကြပေ။

ဤထန်ချောင်ရပ်ကွက်၌ သီချင်းသည်မတစ်ဦးနှင့် ဗျပ်စောင်းပညာရှင်တစ်ဦးတို့ လာရောက်ဖျော်ဖြေကြသည်အတွက် အံ့ဩရန်အကြောင်း မရှိပါချေ။ အဘယ်ကြောင့်ဆိုသော် ဤရပ်ကွက်အတွင်းသို့ မျောက်ပွဲပြသည့်လူ၊ ဆေးမြစ်ရောင်းသည့်လူ၊ မျက်လှည့်ပြသည့်လူ၊ တစ်ကိုယ်တော်အဆိုသမား၊ တစ်ကိုယ်တော်အတီးသမား၊ စုံတွဲသီဆိုဖျော်ဖြေ သီဆိုသူများ မရပ်မနား လာရောက်ဖျော်ဖြေလေ့ ရှိကြသောကြောင့်တည်း။

ထက်ကျင်သည် ယွန်ချောချောအား အခန်းထဲ၌ထားရစ်ခဲ့ပြီး ထွက်ခွာသွား၏။ သူထွက်သွားသည်မှာ မကြာမြင့်လှပါ။ အရုပ်ဆိုးဆိုး၊ အသားမည်းမည်း၊ အရပ်ထောင်ထောင်မောင်းမောင်း လူကြီးတစ်ယောက်နှင့် ထက်ကျင် ပြန်လည်ရောက်ရှိလာပါသည်။

ထိုလူကြီးသည် ယွန်ချောချော ယခင်ကတွေ့ခဲ့ဖူးသည့် လောက်ချိုတို့၊ အော်ဖြူတို့နည်းတူ ထက်ကျင်အား ရိုသေလေးစားမှု ဆက်ဆံကြောင်း တွေ့ရှိရသည်။

ထက်ကျင်သည် ထိုလူကြီးအား တီးတိုးတီးတိုးပြောနေ၏။

ထက်ကျော်၏အမူအရာအရ တစ်စုံတစ်ခုကို ညွှန်ကြားနေခြင်းဖြစ်ကြောင်း ယွန်းချောချောရိပ်မိသည်။

တစ်နာရီခန့် အပြန်အလှန် ပြောကြားကြပြီးနောက် ထိုလူကြီးသည် ထက်ကျော်နှင့် ယွန်းချောချောတို့ကို ဦးညွှတ် ဂါရဝပြုကာ အခန်းအပြင်သို့ ပြန်လည်ထွက်ခွာသွားလေသည်။

"အစ်ကိုတို့ ဘာတွေပြောနေတာလဲ"

"မနက်ဖြန်ကျရင်တော့ ညီမလေးတွေ့ရမှာပါ၊ တစ်ခုတော့ရှိတယ် ... ညီမလေးနာမည်ဟာ ယွန်းချောချောမဟုတ်တော့ဘူး ကျင်ရန်ရှာလို့ မှတ်ထား ... ကြားရဲ့လား"

"ရှင် ... ဘာကြောင့် ကျင်ရန်ရှာဖြစ်သွားရတာလဲ"

"ဟ ... ဆန်ဆီနယ်စားကြီးရဲ့သမီးက ယွန်းချောချောပေါ့ အခုဟာက နယ်စားကြီးရဲ့သမီးမှ မဟုတ်တော့ဘဲ၊ သီချင်းသည်မတစ်ယောက်ဆိုတာလည်း ကိုယ့်ကိုယ်ကိုယ် သတိထားစမ်းပါဦး"

"ဟုတ် ... ဟုတ်ကဲ့၊ ညီမလေး နားလည်ပါပြီ"

"အေး ... နားလည်ရင် အမူအကျင့်တွေ၊ ဟန်ပန်တွေကို သီချင်းသည်မတစ်ယောက်နဲ့တူအောင် သတိထားပြီး ပြင်ဆင်ထားပေတော့၊ တကယ့်ပွဲဝင်ရင် အမှားအယွင်းမဖြစ်စေနဲ့"

ယွန်းချောချော ခေါင်းညိတ်၏။

"အို ... ဘာဖြစ်သလဲ၊ အစ်ကိုကြီးရော ညီမလေးပါ ဇာတ်နဲ့



ပေါ် တက်ကြရမှာပဲ၊ ဘာမှမှားယွင်းစရာ မရှိပါဘူး"

"အေးလေ ... မမှားလေ ကောင်းလေပါပဲ"

ဤသို့ဖြင့် တစ်ညတာ ကုန်ဆုံးသွားခဲ့သည်။ ထက်ကျော်သည် သစ္စာရှိသူဖြစ်၍ လက်မထပ်မီအချိန်အတွင်း ယွန်းချောချောအား အခွင့်အရေးယူဆက်ဆံခြင်း မရှိပေ။ ထို့အတွက် ယွန်းချောချောကလည်း ထက်ကျော်ကို ပို၍ယုံကြည်ကိုးစားလာရသည်။

ဤသို့ဖြင့် တစ်ညတာကုန်ဆုံးကာ နောက်တစ်နေ့သို့ ကူးပြောင်းလာခဲ့ရပေ၏။ ညနေစောင်းသောအခါ သူတို့လိုအပ်သည့် အထုပ်ကြီးတစ်ထုပ်ကိုထမ်းကာ ဝှန်လုံတန်တည်းခိုခန်းအပြင်သို့ ထွက်လာခဲ့သည်။

မထင်မရှား ခပ်ကုပ်ကုပ်ထွက်ခွာသွားသည့် လင်မယားနှစ်ယောက်ပုံစံရှိသည့် စုံတွဲတစ်တွဲကို မည်သူကမျှ ဂရုမပြုမိကြပေ။

မကြာမီ သူတို့သည် ကပွဲရုံတစ်ခုသို့ ရောက်ရှိလာကြလေ၏။

ကပွဲရုံဆိုသော်လည်း ကြီးကျယ်ခမ်းနားသော ကပွဲရုံမဟုတ်ပါချေ။ ကျူပျာများကို ဝန်းရံကာထားသည့် ယာယီကပွဲရုံသာဖြစ်ပါသည်။

ကပွဲရုံအတွင်းသို့ ဝင်လိုက်သည်နှင့် မနေ့က ဝှန်လုံတန်သို့ ရောက်လာသည့် လူကြီးကို ကြို့ဆိုလျက်သား တွေ့နေရသည်။

"သခင်တန်နဲ့ လုံမလေးကျင်တို့ ရောက်လာကြပြီလား"

ယွန်ချောချော ကြောင်သွားသည်။ ထို့နောက် ထက်ကျင်မနေ့ကပြောခဲ့သည့် စကားများကို သတိရသည်။

သူမသည် ယွန်ချောချောမဟုတ်တော့။ သီချင်းသည်မလေး ကျင်ရန်ရှာဖြစ်နေပြီတည်း။

ထက်ကျင်သည် ထိုလူကြီးအား ခေါင်းညိတ်ပြပြီးနောက် ယွန်ချောချောအား ကျူဖျာတစ်ချပ်၌ကပ်ထားသည့် ကြော်ငြာစာရွက်ကြီးကို လက်ညှိုးထိုးပြသည်။

*'သီချင်းသည် ကျင်ရန်ရှာ၏ ညဥ့်ဦးယံသီဆိုပွဲ'*

နောက်ထပ် ကျူဖျာတစ်ချပ်၌ ရေးထားသည့်စာများကားအောက်ပါအတိုင်းဖြစ်သည်။

*'ကွမ်ငိုက်၏ ဗျပ်စောင်းပညာရှင်ကလည်း အထူးတေးသံသာများဖြင့် ဖျော်ဖြေပါမည်။'*

ယွန်ချောချော မေးခွန်းထုတ်လိုက်၏။

"အစ်ကို မနေ့က ညွှန်ကြားနေတာ ဒီအချက်တွေပဲလား"

"ဒါတွေပေါ့၊ ဒီကပွဲရုံကို ယူလီခွန်က စီမံထားတာပဲ"

"ယူလီခွန်ဆိုတာ ဟိုလူကြီးလား"

"ဟုတ်တယ်၊ ငါ့ရဲ့လူရင်းတစ်ယောက်ပဲ၊ ဒါပေမဲ့ သူ့ဘာသာ အသက်မွေးဝမ်းကျောင်းပြုတာပါ"



"အစ်ကို့ကို ဘာဖြစ်လို့ သခင်ထန်လို့ ခေါ်ရတာလဲ"

"ဟာ ... ယွန်ချောချောကနေ ကျင်ရန်ရှာဖြစ်တဲ့နောက် ထက်ကျင်ဟာ ဘာဖြစ်လို့ သခင်ထန်မဖြစ်ရမှာလဲ၊ သခင်ထန်ရဲ့ နာမည်အပြည့်အစုံက ထန်လီအူပါ၊ အသွင်ပြောင်းမှတော့ အားလုံးပြောင်းမှ ဖြစ်တော့မှာပေါ့"

"ယူလီခွန်က ဒီမှာ တော်တော်အာဏာရှိသလား"

"ဒီမှာ အာဏာသိပ်ရှိဖို့မလိုပါဘူး၊ လုပ်တတ်ကိုင်တတ်ဖို့ပဲလိုတယ်၊ ယူလီခွန်က စိတ်ချရတယ်"

"သူက ဒီနယ်သားလား"

"ဟား .. ဟား .. ဟား .. သူ့ကို ထန်ချောင်ရဲ့ကြွက်ကြီးလို့ခေါ်တယ်၊ ထန်ချောင်မှာ သူမသိတာ မရှိဘူး၊ ထန်ချောင်တစ်ရပ်ကွက်လုံး သူက မြေတွင်းလိုက်တူးသလို လျှောက်ပြီးမွှေနှောက်နေတာကိုး"

ထက်ကျင်သည် ယူလီခွန်ဆောက်လုပ်ထားသည့် ကပွဲရုံသို့ လှည့်လည်စစ်ဆေး၏။

"သခင်ကြီးကျေနပ်ရင် ကျွန်တော်ဝမ်းသာလှပါပြီ၊ ဒီနေရာဟာ နေရာကောင်းပါ၊ သခင်ကြီး သဘောပေါက်လိမ့်မယ်လို့ ထင်ပါတယ်"

"ယူလီခွန် ... မင်းရဲ့အစွမ်းအစကို မယုံကြည်ဘဲနဲ့ ဒီလို

အကူအညီမျိုး ငါမတောင်းပါဘူး။ ကပွဲရုံကို လာမယ့်ပရိသတ်တွေအတွက်ကော စိတ်ချရရဲ့လား"

ယွန်ချောချောက ဝင်ပြော၏။

"ဒီလိုညနေစောင်းတဲ့အချိန်မှာတောင် ပရိသတ်တစ်ယောက်မှမရှိရင် ညကျရင် ပြဿနာတက်မှာပဲ၊ ကျွန်မတို့ရဲ့သီဆိုပွဲကို ကျွန်မတို့ ပြန်ကြည့်ရလိမ့်မယ်နဲ့တူတယ်"

ယူလီခွန်က ရယ်ရင်း ...

"လုံမလေး ကျင်ရန်ရှာ ... ဒီအတွက်တော့ စိတ်ချပါ၊ လုံမလေး ကျင်ရန်ရှာရဲ့ သီဆိုပွဲကို မနက်ကတည်းက ကြော်ငြာပြီးပါပြီ၊ ပထမပွဲကို ရုံပြည့်ဖို့ဟော့ ကျွန်တော့်တာဝန်ပါ၊ နောက်ပွဲတွေ ရုံဆက်ပြည့်ဖို့ကတော့ လုံမလေးရဲ့တာဝန်ပါ"

ယူလီခွန်၏ပြောဆိုချက်မှာ လွန်စွာသဘာဝကျ၏။ ပထမတစ်ပွဲအတွက် ရုံသို့လူဝင်စေရန် သူ့ဩဇာအာဏာအရ သူဆောင်ရွက်နိုင်ပါသည်။

ယွန်ချောချောနှင့် ထက်ကျင်တို့၏ အဆိုအတီးညှိဖျင်း၍ လာကြည့်သူများ စိတ်ပျက်သွားလျှင်မူ နောက်တစ်ပွဲအတွက် လူဝင်စေရန် သူ့အနေဖြင့် မည်သို့မျှတတ်နိုင်တော့မည်မဟုတ်ပေ။

ထက်ကျင်က ရယ်ရင်း ...

"ယူလီခွန် ... ပထမတစ်ပွဲအတွက်ပဲ ရုံပြည့်လူဝင်ဖို့ လိုတယ်ကွ၊ နောက်ကပွဲတွေအတွက်ကတော့ ငါတို့တာဝန်ထားပါ"



ယူလီခွန်က ဦးညွှတ်ဂါရဝပြုပြီးနောက် ထက်ကျင်နှင့် ယွန်ချောချောတို့အား ကပွဲရုံအနောက်ဘက်သို့ ခေါ်ဆောင်လာ၏။

ယူလီခွန်က ...

"ကျွန်တော့်အမြင်အရတော့ ဒီက လုံမလေးကျင်ရန်ရှာဟာ ဟောဟိုဘက်က ကပွဲရုံထဲ ကျိုဇွန်ဝါကို အနိုင်တိုက်နိုင်လိမ့်မယ်လို့ ယုံကြည်နေမိပါတယ်ခင်ဗျာ"

ထက်ကျင်က ...

"မင်း တကယ်ယုံကြည်တာဟုတ်ရဲ့လား၊ ကျိုဇွန်ဝါက အတွေ့အကြုံရင့်ကျက်နေပြီ၊ ငါတို့က ခုမှပေါ်တဲ့ ရွှေကြာပင်တွေပဲ"

ယူလီခွန်က ရယ်ပြီး ...

"ယူလီခွန်ကို ထန်ချောင်ရဲ့မြေကြွက်ကြီးလို့ အလကားခေါ်တာ မဟုတ်ပါဘူး သခင်ကြီး၊ ယူလီခွန်ဟာ သခင်ကြီးတို့မလာခင်ကတည်းက တချို့ကြည့်ချင်ပွဲတွေကို ဒီလိုရုံသွင်းပြခဲ့တာပါပဲ၊ အမွေးမြင် အပင်သိ၊ အသွေးမြင်ရင် အသွင်သိဆိုတာ ယူလီခွန်ရဲ့စွမ်းရည်ပါပဲ"

ယွန်ချောချောသည် ဤမျှ ခပ်ကြွားကြွားပြောတတ်သည့် ထက်ကျင်၏မိတ်ဆွေများကို မတွေ့ခဲ့ဖူးပေ။ ထက်ကျင်ကတော့ ရယ်နေသည်။

"အေး မင်းတဲ့အတိုင်းပဲဖြစ်ပါစေလို့ ငါဆုတောင်းပါတယ်"

ယူလီခွန်က ...

"စိတ်ချပါ၊ ပထမတစ်ပိုင်းမှာ ကျွန်တော် ကြိုးစားမယ်၊ ဒုတိယတစ်ပိုင်းမှာ လုံမလေးကျင်ရန်ရှာနဲ့ သခင်ကြီးတို့ ကြိုးစားကြပါ၊ ကျိုဇုန်ဝါ ရှုံးနိမ်းသွားရပါစေ့မယ်၊ ကဲ ... ကျွန်တော့်ကို ခဏခွင့်ပြုပါဦး"

ယူလီခွန်က ထက်ကျင်ကို ဦးညွတ်ဂါရဝပြုပြီး ထွက်ခွာသွားလေ၏။

❖ ❖ ❖



## အခန်း (၄၆)

## ရွှေပုံလွှား၏ အနုပညာ

"ကဲ ... ငါတို့လည်း အခုကတည်းက ပြင်ဆင်ထားမှ တော်လိမ့်မယ်နဲ့တူတယ်"

ထက်ကျင်သည် သီချင်းသီဆိုမည့်သူ၊ တီးခတ်မည့်သူများအတွက် ကာရံပေးထားသည့် လိုက်ကာခန်းဆီးပတ်အခန်းထဲသို့ဝင်ရင်း ပြောလိုက်လေ၏။

အခန်းထဲ၌ အလှပြင်ရန် စားပွဲတစ်လုံး ကုလားထိုင်တစ်လုံး ရှိသည်။ ထိုစားပွဲကိုပင် အမျိုးသမီးရော အမျိုးသားပါ အသုံးပြုရမည် ဖြစ်သည်။

ထက်ကျင်က ...

"ချောချော ... မင်းရဲ့မျက်နှာကို အလှဆုံးပြင်ပေတော့၊ မှုရင်းရုပ်လည်း ပျောက်ပါစေနော်၊ ယွန်ချောချောဆိုတာတော့ ဘယ်သူမှ သိလို့မဖြစ်ဘူး"

ယွန်ချောချောသည် စားပွဲခုံပေါ်မှ အညှိစားအမွှေးနံ့သာ

မှန်များကိုကြည့်၍ နှာခေါင်းရှုံ့လေ၏။

"ညီမလေးက ဒါတွေကိုလိမ်းရမှာလား"

"ဒါတွေပဲလိမ်းရမှာပဲ ... ဘာဖြစ်လို့လဲ"

"ဒီနံ့သာမှုန့်တွေက သိပ်ညံ့တာပဲ"

"ညံ့တာ,မညံ့တာက အဓိကမဟုတ်ပါဘူး၊ မင်းရဲ့ရုပ်ကို သူတို့မမှတ်မိစေဖို့က အဓိကပါ"

"အစ်ကိုက ပြင်ဆင်ပေးဦးမှာလား"

"ပြင်ဆင်ပေးရဦးမှာပေါ့၊ ယွန်ချောချောနဲ့မတူအောင်လည်း ပြင်ရမယ်၊ ရွှေပျံလွှားထက်ကျင်နဲ့ မတူအောင်လည်း ပြင်ရမယ်"

တကယ်အမှန် ပြင်ဆင်ကြသောအခါ ရွှေပျံလွှားထက်ကျင်ကိုယ်တိုင် ဝင်ရောက်ပြင်ဆင်ပေးခြင်းမရှိပါ။ အနီးမှထိုင်ပြီး အနည်းငယ်ညွှန်ကြားပေးရုံမျှ ညွှန်ကြားလေသည်။

ထက်ကျင်က ခပ်တိုးတိုးပြောလေ၏။

"နဂိုရှိမှ နဂိုင်းထွက်တယ်ဆိုတာ ဒါမျိုးပဲ၊ ဘယ်လောက်ပဲရုပ်ဖျက်ဖျက်, ဘယ်လောက်ပဲပြင်ပြင် ချောတဲ့ရုပ်ရည်ကတော့ ချောတာပါပဲ"

ယွန်ချောချောသည် သူမအား ပြောကြားသည့်စကားဖြစ်မှန်းသိ၍ နားထဲသို့ ပျားရည်လောင်းထည့်လိုက်သလို ချိုမြသွားသည်။ ကိုယ့်ချစ်သူက ကိုယ့်အား ချောသည်ဟုပြောလျှင် မည်သူက



မနှစ်သိမ့်မကျေနပ်ဘဲ ရှိပါအံ့နည်း။

များမကြာမီ ထက်ကျင်ရော ယွန်ချောချောပါ အလှပြင်၍ ပြီးစီးသွားလေ၏။ ယွန်ချောချော၏ မူလရုပ်သွင်ကို ထက်ကျင်မမှတ်မိတော့သလို ထက်ကျင်၏ မူလရုပ်သွင်ကိုလည်း သူမ မမှတ်မိတော့ပေ။

သူတို့သည် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်မောမိကြလေ၏။

"ထန်ဆက်ဘွန်ဂိုဏ်းကို ဒီတစ်ခါ ထင်ပြီးအရှုးလုပ်ရဦးမယ်"

ထက်ကျင်၏ စကားအဆုံးတွင် ယွန်ချောချောက လှမ်းမေးလေ၏။

"အစ်ကို ... စောစောကစကားထဲမှာ ကျိဝှန်ဝါဆိုတာ ကျွန်မ ကြားလိုက်မိတယ်၊ သူက ဘယ်သူလဲဟင်"

"သူက သီချင်းသည်မတစ်ယောက်လေ၊ ဒီထန်ချောင်မှာ သီချင်းဆိုစားနေတဲ့ အမျိုးသမီးတစ်ယောက်ပေါ့၊ ထန်ချောင်မှာ သူသီချင်းဆိုနေတာ ခြောက်လတောင်ရှိနေပြီ၊ လူတွေလည်း တော်တော်သဘောကျကြတယ်"

"ဒါဖြင့် သူ့အစွမ်းက မသေးဘူးပေါ့"

"ဘယ်သေးလိမ့်မလဲ၊ ရုပ်လည်းချောတယ်၊ ယောကျ်ားတွေ

ကို ဆွဲဆောင်နိုင်တဲ့ ကြာမူကြာဟန်လည်း အပြည့်ရှိတယ်၊ အသံလည်း ကောင်းတယ်၊ ဒါကြောင့်မို့ နေပြည်တော်မှာ ကျော်ကြားလာတာပေါ့"

"ဟင် ... ညီမလေးက သူ့ကိုပြိုင်ရမှာလား၊ အသံချင်းပြိုင်ရမှာတော့ မကြောက်ပါဘူး၊ ဟိုဟာကတော့ ..."

ထက်ကျင်က ဟက်ဟက်ပက်ပက်ရယ်လေ၏။

"ယောကျ်ားတွေကို ကြာမူကြာဟန်နဲ့ ဆွဲဆောင်ဖို့ကိစ္စလား ဒါက မလိုပါဘူး၊ ငါကလည်း ကိုယ့်ချစ်ကို အဲဒီလိုလုပ်နိုင်းပါ့မလဲ မိန်းကလေးရဲ့"

ယွန်ချောချောသည် ထက်ကျင်၏ရင်ခွင်ထဲသို့ ပြေးဝင်မိသည်။ ထက်ကျင်က အသာပွေ့ဖက်ထားလိုက်လေသည်။

"အစ်ကို ညီမလေးကို တကယ်ချစ်တာပါနော်"

"ဟား .. ဟား .. ဟား... ပျက်ကယ်ပျက်ကယ် ချစ်တယ်ဆိုတာများ ရှိသေးလို့လား"

"မဟုတ်ဘူးလေ ... အစ်ကိုဟာ တရုတ်ပြည်အနှံ့အပြားလျှောက်သွားနေတဲ့လူဆိုတော့ မိန်းကလေးအမျိုးမျိုးနဲ့ တွေ့ရမှာပဲ၊ အစ်ကို့မှာ ချစ်သူတွေ ရှိခဲ့ဖူးမှာပေါ့၊ နောက်ပြီး အစ်ကို့နာမည်က တကယ်ကျော်ကြားနေတာပဲဥစ္စာ"

"မရှိပါဘူး မိန်းကလေးရယ်၊ ငါက ခြေထောက်မှာ ဗွေပါ





နေတဲ့လူမျိုးပဲ၊ အခု တရုတ်ပြည်မြောက်ပိုင်းမှာရှိပေမယ့် နောက်တစ်နေ့မှာ တောင်ပိုင်းရောက်ချင်ရောက်နေတတ်တဲ့ လူမျိုးပါ၊ ဘယ်မှာ ချစ်သူတွေဘာတွေ ရှိခဲ့ဖူးမှာလဲ၊ အခုလည်း မင်းကို ငါ ဘာများကျူးကျူးလွန်လွန် လုပ်ခဲ့ဖူးသလဲ"

သူမသည် ထက်ကျင်အား တိုး၍တင်းကျပ်စွာ ပွေ့ဖက်လိုက်သည်။

ထက်ကျင်က ယွန်ချောချော၏ နဖူးပြင်ကလေးကို နမ်းလေသည်။

ထက်ကျင်အချစ်သည် လွန်စွာမြင့်မြတ်ကြောင်း သူမ သိပေသည်။

ရှေးခေတ်ကာလ တရုတ်ပြည်၌ ယောကျ်ားကလေးများက တန်ဖိုးရှိပြီး မိန်းကလေးများက ယောကျ်ားကဲ့သို့ တန်ဖိုးမရှိလှပေ။

ထက်ကျင်သည် ယွန်ချောချောအား အမှန်တကယ်ပင် မြတ်မြတ်နိုးနိုး ချစ်ခင်မိသည်ဖြစ်ရာ တော်ရုံတန်ရုံကိစ္စများ၌ပင် သူမ ဘေးအန္တရာယ်ကျရောက်မည်ဖြစ်၍ တစ်ယောက်တည်း ထားပစ်ခြင်းမရှိခဲ့ပေ။

သူမက ခပ်တိုးတိုးမေးလေ၏။

"အစ်ကို ... အဲဒီ ကျိုဝှန်ဝါဆိုတဲ့ သီချင်းသည်မ သီချင်းဆိုတာကို အစ်ကိုကြားဖူးရဲ့လားဟင်"

"ကြားဖူးတာပေါ့၊ မကြားဖူးဘဲနဲ့ ငါက ဘာဖြစ်လို့ ချီးကျူးရမှာလဲ၊ ရုပ်လည်းချောတယ်၊ ဒါပေမဲ့ မင်းကိုတော့ မမီပါဘူး"

ယွန်းချောချောက ခေါင်းညိတ်၏။

"အစ်ကိုချီးကျူးရင်တော့ အဲဒီမိန်းမ တကယ်ချောပြီး တကယ်အသံကောင်းမှာ သေချာပါတယ်"

"သေချာပါတယ်၊ ငါက တကယ်မတော် တကယ်မတတ်ဘဲနဲ့ ဘယ်တော့မှမချီးကျူးဘူး။ ဒီမိန်းကလေးဟာ ဒီမှာ ရှေ့ဆက်ပြီး ဖြေဖျော်နေရင် မကြာခင် နေပြည်တော်တစ်ခုလုံးက ယောကျ်ားတွေ ဒီထန်းချောင်ကိုရောက်လာမှာ သေချာတယ်"

သူမ အံ့သြသလိုမေးသည်။

"အစ်ကို ... သူက ဒီလောက်ကျော်ကြားနေတာ ညီမလေးတို့က သူနဲ့ပြိုင်ဦးမလို့လား၊ ဒါဆိုရင် ညီမလေးတို့ သွားမယ်နဲ့တူတယ်၊ ညီမလေး သူ့ကို သွားပြီးလေ့လာချင်သေးတယ်"

"ဟင့်အင်း ... လေ့လာလို့မရဘူး၊ ငါတို့ပွဲထွက်မယ့်အချိန်နဲ့ သူ့ပွဲထွက်မယ့်အချိန်ကို တမင်ညှိထားတာ၊ တမင်ထိပ်တိုက်ပြိုင်ထားတာပဲ"

ယွန်းချောချောသည် ကျိဝှန်ဝါနှင့် ယှဉ်ပြိုင်ရမည့်ကိစ္စကို ဆက်မမေးတော့ပေ။ အတွင်းရေးကိစ္စကိုသာ ဆက်မေးလေတော့၏။



"အစ်ကို ... အစ်ကို့စိတ်ထဲမှာ ဒီကျိဝှန်ဝါဟာ ထန်ဆက်ဘွန်ဂိုဏ်းနဲ့ အမှန်တကယ် ပတ်သက်နေမယ်လို့ ထင်သလား"

"ထင်တယ်၊ ငါစုံစမ်းကြည့်တော့ ငါ့လက်ချက်နဲ့သေခဲ့တဲ့ လူသတ်ကောင်သုံးယောက်ဟာ ဒီကပွဲကို အမြဲတစေလာကြည့်ခဲ့ကြသတဲ့၊ အဲဒီလူတွေဟာ သူ့ရဲ့ အထူးဧည့်သည်တွေလို့လည်း ပြောကြတယ်"

"ဒါက သူတို့ချင်း ရင်းနှီးခင်မင်လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ တရားသေတော့ မှတ်ထားလို့ဘယ်ဖြစ်ပါ့မလဲ"

"ဒီအချက်ကို ငါမမေ့ပါဘူး၊ ဒါပေမဲ့ သူ့အနေနဲ့ သီချင်းသည်မ အလုပ်လုပ်ရင်း ထန်ဆက်ဘွန်ဂိုဏ်းရဲ့ အဆက်အသွယ်အဖြစ် လုပ်ကိုင်ဆောင်ရွက်ပေးနေတယ်ဆိုရင် ဥပဒေဘက်တော်သားတွေ ဘယ်လိုမှ သိမြင်ကြမှာမဟုတ်ဘူး။ ငါကတော့ သူ့ကပွဲမှာ လူမရှိအောင် လုပ်ရမှာပဲ၊ အဲဒါတောင်မှ လူကျန်နေသေးတယ်ဆိုရင် အဲဒီလူတွေဟာ ထန်ဆက်ဘွန်ဂိုဏ်းသားတွေပဲ ဖြစ်ရမယ်"

"ကျန်ရုံနဲ့ အဲဒီလိုဆုံးဖြတ်ရင်တော့ အစ်ကိုမှားမှာပဲ"

"ဟား ... ဟား ... ဟား ... မမှားပါဘူး၊ မမှားအောင်လုပ်ရမှာပေါ့၊ ယူလီခွန်ဆီမှာ တပည့်ကောင်းတွေ ရှိပါတယ်၊ ထန်ဆက်ဘွန်ဂိုဏ်းသားလို့ ထင်ရတဲ့လူတွေနောက်ကို အရိပ်တွေထည့်လွှတ်လိုက်မှာပေါ့"

"အစ်ကို ... ကျွန်မတို့က ကျိုဟန်ဝါသီကလူတွေ ဒီကိုရောက်လာအောင် တကယ်လုပ်နိုင်ပါ့မလား"

"ငါတော့ အတပ်မပြောနိုင်ဘူး၊ ကြိုးစားရမှာပဲ၊ ငါတို့သီချင်းဆိုထွက်နေတုန်း တစ်ဝက်တစ်ပျက်နဲ့ လူတွေပြန်ထွက်ကုန်ရင်တော့ ဒီတစ်ကြိမ်ကြိုးပမ်းချက်ဟာ အချည်းနှီးဖြစ်ပြီလို့သာ မှတ်ပေတော့"

ယွန်ချောချောသည် ထက်ကျင်၏ရင်ခွင်ထဲမှ အသာအယာထွက်လိုက်ပြီး မှန်တင်ခုံစားပွဲ၌ပြန်ထိုင်ရင်း သူမ၏မျက်နှာကို ထပ်မံပြုပြင်သည်။ ထက်ကျင်၏ နောက်ဆုံးစကားကို ကြားလိုက်ရသဖြင့် ယွန်ချောချော၏စိတ်ထဲ၌ မာနပေါ်လာသည်။

ကျိုဟန်ဝါအား အနိုင်ရအောင်လုပ်မည်။ ထန်ဆက်ဘွန်ဂိုဏ်း၏ ခြေရာကို ရအောင်လိုက်မည်ဟူသော ဆုံးဖြတ်ချက် ပေါ်ပေါက်လာလေ၏။

ထက်ကျင်နှင့် ယွန်ချောချောတို့ ကျိတ်၍ပြင်ဆင်နေစဉ်မှာပင် လူထွားကြီးယူလီခွန် ရောက်ရှိလာ၏။

"သခင်ကြီးထန် ... ဇာတ်စင်မှာ မီးအလင်းရောင်ရအောင် ပြင်ဆင်ပြီးပါပြီ၊ အခုအချိန်ကစပြီး သခင်ကြီးထန်တို့ အပြင်ထွက်ဖို့ အချိန်တန်ပါပြီ"

ထက်ကျင်က ရုတ်တရက်မေးလိုက်လေ၏။





"အပြင်ဘက်မှာ လူဘယ်နှစ်ယောက်လောက် ဝင်နေပြီလဲ၊ အပြင်မှာဆိုတာက ငါတို့ပွဲရုံထဲကိုပြောတာ"

ယူလီခွန်က အောင်နိုင်သူတစ်ယောက်ကဲ့သို့ အားရပါးရရယ်မောလေ၏။

"ထိုင်ခုံတွေအားလုံး လူပြည့်နေပါပြီ၊ ရုံပြင်မှာစောင့်နေတဲ့လူတွေကလည်း မနည်းဘူး၊ အားလုံး လူတစ်ရာ့ငါးဆယ်လောက်ရှိလိမ့်မယ်၊ အပြင်ကလူတွေလည်း ထိုင်ခုံမရပေမယ့် ဝင်လာမှာ သေချာပါတယ်"

"ကျိုဟန်ဝါရဲ့လူတွေအားလုံးကို ခေါ်ထုတ်လာနိုင်တယ် ဆိုပါတော့"

ယူလီခွန်က ခေါင်းခါ၏။

"ဒီလိုတော့ ဘယ်ဟုတ်မလဲ၊ ကျိုဟန်ဝါရဲ့လူတွေအားလုံးကို ခေါ်ထုတ်လာနိုင်ရင် ကျွန်တော့်ရုံပွင့်သွားမှာပေ့ါ၊ ကျွန်တော်က ရုံကို ခပ်သေးသေးလုပ်ထားတာ၊ တမင်လူပြည့်အောင်လို့ ဒီလိုစီစဉ်ခဲ့တာပါ"

ထက်ကျင်က စဉ်းစဉ်းစားစားပြောသည်။

"ငါက ကျိုဟန်ဝါရဲ့ကပွဲရုံထဲက လူတွေအားလုံးကို ခေါ်ထုတ်ပစ်ချင်တာ၊ ဒါမှ နဂါးနဲ့ဖား ကွဲသွားမယ်၊ ဘယ်သူတွေကျန်သလဲဆိုတာ ငါသိချင်တယ်"

ယူလီခွန်မှာ မျက်နှာမသာမယာဖြစ်သွား၏။ သူ့အနေဖြင့် ညှိမှုသာ တတ်စွမ်းနိုင်ပေသည်။ သူက အကျိုးနှင့်အကြောင်းနှင့် ရှင်းပြလေ၏။

"သခင်ကြီးထန် ... ဒီလူတွေဟာ ကျွန်တော်တို့နဲ့ တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေတဲ့လူတွေမို့လို့ ဒီကိုခေါ် ထုတ်လာနိုင်တာပါ။ ဟိုဘက်ကလူတွေအားလုံး ဒီကိုရောက်လာဖို့ကိစ္စကတော့ လုံမလေးကျင်ရန်ရှာရဲ့ အစွမ်းနဲ့ သက်ဆိုင်ပါတယ်"

ယူလီခွန်သည် ထက်ကျင်စိတ်ဆိုးမည်ကိုလည်း စိုးရိမ်ဟန်တူသည်။

"သခင်ကြီးထန် ... ဒီလူတွေပြုထွက်မသွားဖို့ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်၊ ဟိုဘက်ကလူတွေ ထပ်ရအောင်လည်း ..."

ထက်ကျင်က လက်ကာပြပြီး ...

"တော်လောက်ပါပြီ၊ မင်းလုပ်နိုင်သမျှ အကုန်လုပ်ပေးထားပြီပဲ၊ မင်းမလုပ်နိုင်တဲ့ အလုပ်တွေကို ငါကခိုင်းနေရင် မင်းပဲစိတ်ပင်ပန်းရုံပဲရှိမယ်၊ ကဲ ... ငါတို့ပွဲထွက်တော့မယ်၊ အပြင်က ကြည့်ပြီးထိန်းပေတော့"

ယူလီခွန် ကပျာကယာ ဦးညွှတ်ဂါရဝပြုကာ အလျင်အမြန် ပြန်ထွက်သွားလေ၏။



ထက်ကျင်သည် ယွန်ချောချောအား လှည့်ပြောသည်။

"ကဲ ... ပထမတစ်ကြော့ ငါအရင်ထွက်မယ်၊ ဗျပ်စောင်းနဲ့ ပထမဖျော်ဖြေလိုက်မယ်၊ ငါ သီချင်းတစ်ပုဒ်တီးတာနဲ့ မင်းထွက်လာခဲ့ပေတော့"

ယွန်ချောချောက ခေါင်းညိတ်ပြရုံပြသည်။ ထက်ကျင်သည် စားပွဲပေါ်မှ သူ့ဗျပ်စောင်းကိုဆွဲ၍ စင်ပေါ်သို့ ကူးသွားလေတော့၏။ ယွန်ချောချောသည် ထက်ကျင် မည်မျှစွမ်းဆောင်နိုင်၊မနိုင်ကို လိုက်ကာကြားမှ ချောင်းမြောင်းကြည့်ရှုနေလေ၏။

ထက်ကျင်အနေနှင့် မည်သို့စိတ်လှုပ်ရှားနေမည်ကိုတော့ မသိပေ။ ယွန်ချောချောအနေဖြင့်မူ ဇာတ်စင်အောက်ဘက် ပရိသတ်၏ ဦးခေါင်းမည်းမည်းကလေးများကို တွေ့ရုံမျှဖြင့် ရင်တုန်နှလုံးတုန်ဖြစ်သွားမိလေ၏။

စင်မြင့်ပေါ်တက်ရသည့်အလုပ်မှာ မလွယ်ကူလှပေ။ လူစုလူအုပ်ကြီးအား စကားပြောရခြင်း၊ သီဆိုဖျော်ဖြေရခြင်းအလုပ်မှာ အတွေ့အကြုံရှိပြီးသားသူများအဖို့ ခက်ခဲသည့် အလုပ်ကြီးမဟုတ်သော်လည်း လုံးဝ အတွေ့အကြုံမရှိသူများအဖို့ ရင်တုန်ပန်းတုန်ဖြစ်စရာ အလုပ်ကြီးဖြစ်ပေသည်။

ယွန်ချောချော၏ မျက်လုံးများသည် ပရိသတ်များထံမှ ထက်ကျင်ထံသို့ ရောက်ရှိသွားပြန်သည်။

ထက်ကျင်သည် ဗျပ်စောင်းကိုပိုက်ပြီး ပွဲကြည့်ပရိသတ်ကြီးအား ဦးညွတ်ဂါရဝပြုနေ၏။ ပရိသတ်ကြီးက ထက်ကျင်အား မမှိတ်မသုန် စောင့်ကြည့်နေကြ၏။

"ပွဲကြည့်ပရိသတ်များခင်ဗျား ... ကျွန်တော်တို့ရဲ့ သီဆိုဖျော်ဖြေပွဲဟာ အခုမှ နေပြည်တော်ကို တက်ရောက်လာတဲ့ အဖွဲ့ဖြစ်သော်လည်း တောင်ပိုင်း၊ မြောက်ပိုင်းအနှံ့အပြား လှည့်လည်ဖျော်ဖြေခဲ့ပြီးဖြစ်တဲ့အဖွဲ့ ဖြစ်ပါတယ်"

ပွဲကြည့်ပရိသတ်များသည် တစ်ဦးနှင့်တစ်ဦး ထွတ်ထိုးနေကြသဖြင့် ပရိတ်သတ်ထဲမှ ကျွက်စီကျွက်စီနှင့် အသံများ ထွက်ပေါ်လာသည်။

ထိုစဉ် ထက်ကျင်၏ ဟန်နှင့်မာန်နှင့်ပြောလိုက်သည့် စကားသံက ထွက်ပေါ်လာပြန်သည်။

"ဒါပေမဲ့ ကျွန်တော်တို့ရဲ့ သီဆိုတီးမှုတ်တဲ့အဖွဲ့ဟာ ညံ့ဖျင်းတဲ့အဖွဲ့ မဟုတ်ပါဘူး။ ဒါကြောင့်မို့လည်း ကျွန်တော်တို့ရဲ့အရည်အချင်းကို မှတ်ကျောက်အတင်ခံဖို့ နေပြည်တော်ရဲ့ တိန်ချောင်ရပ်ကွက်ကို တက်ရောက်လာခြင်းဖြစ်ပါတယ်၊ ကဲ ... ကျွန်တော်တို့ရဲ့ အရည်အချင်း ဘယ်လောက်ရှိတယ်ဆိုတာ ဟောဒီက ရွှေပွဲလာပရိသတ်ကြီးကိုယ်တိုင်ပဲ ဆုံးဖြတ်တော်မူကြပါတော့"

ယွန်ချောချောမှာ ထက်ကျင်၏ အပြုအမူ အပြောအဆိုတို့





ကို ပါးစပ်အဟောင်းသားနှင့် ငေးမောကြည့်ရှုနေမိလေသည်။

"ဟင်း ... ဟုတ်မှဟုတ်ရဲ့လား၊ အစ်ကိုဟာ ဇာတ်အဖွဲ့တွေထဲမှာ လိုက်ဖူးခဲ့သလားမသိဘူး၊ သူ မလုပ်တတ်တာဆို ဘာဆိုဘာမှ မရှိတာဘဲ"

ယွန်ချောချော၏ရင်ထဲ၌ အတွေးများဝေနေမိသည်။

ထိုအချိန်တွင် ထက်ကျင်သည် ကပွဲ၏ကြမ်းပြင်ပေါ်သို့ ထိုင်ချပြီး ဗျပ်စောင်းကို တီးခတ်ရန်ပြင်ဆင်လိုက်၏။

စောင်းကြိုးလက်ခတ်သံ တစ်ချက်နှစ်ချက်မျှ ကြားရပြီးနောက် သီချင်းတေးသွား ထွက်ပေါ်လာတော့သည်။

သီချင်းတေးသွား ထွက်ပေါ်လာစဉ်က ပရိသတ်ထဲမှ ကျွက်စီကျွက်စီအသံများကို ကြားနေကြရသေးသည်။

သို့သော် သီချင်းတေးသွား အရှိန်ရလာသည်နှင့်အမျှ ကျွက်စီကျွက်စီအသံများ တိတ်ဆိတ်သွားလေတော့၏။

ပွဲခင်းထဲရှိ ပရိသတ်များ၏အသံ လုံးဝတိတ်ဆိတ်သွားသောအခါ ကပွဲရုံတစ်ခုလုံးကို ထက်ကျင်၏စောင်းသံကသာ မင်းမူစိုးမိုးနေတော့သည်။

ဤသို့တိတ်ဆိတ်နေခြင်းအတွက် အံ့ဩဖွယ်ရာအကြောင်းမရှိပေ။

အဘယ်ကြောင့်ဆိုသော် ထက်ကျင်၏ ဗျပ်စောင်းလက်သံ

သည် အုံ့ဖွယ်ကောင်းလောက်အောင် အလွန်တရာ သာယာနာပျော်ဖွယ် ရှိနေသောကြောင့်တည်း။

ဤကဲ့သို့သော လက်သံမျိုးကို ဝါရင့်သဘာရင့် စောင်းဆရာကြီးများကသာ တီးခတ်နိုင်စွမ်းရှိပေသည်။

ပွဲသို့ရောက်လာသည့် ပရိသတ်အများအပြားသည် သူတို့၏ စိတ်နှလုံးကို ဤသို့ ဆွဲကျုံးညို့မြူနိုင်သော စောင်းသံမျိုးကို တစ်ကြိမ်တစ်ခါမျှ နားမဆင်ခဲ့ဖူးသဖြင့် မှင်တက်ငေးမောရင်း နားထောင်နေမိကြတော့သည်။

ပွဲကြည့်ပရိသတ်များသာ မဟုတ် ... ဇာတ်စင်နောက်မှ လိုက်ကာကိုမ၍ ချောင်းမြောင်းကြည့်ရှုနေသည့် ယွန်းချောချောပင် ဂီတရေယာဉ်ကြော နစ်မြောနေမိသည်။

သူမအား သီချင်းဆိုတတ်စေရန် လေ့ကျင့်သင်ကြားပေးစဉ်အခါက ထက်ကျင်သည် သူ မည်မျှ လက်စွမ်းကုန်တီးခတ်နိုင်ကြောင်း ထုတ်ဖော်မပြသခဲ့ပေ။ ယခုမှသာ ထက်ကျင်၏ စောင်းပညာ စွမ်းပကားကို သိရှိရတော့၏။

ယွန်းချောချော မည်မျှငေးမောနေမိသည်မသိ။ တစ်ခဲနက်တီးခတ်လိုက်သော လက်ခုပ်သြဘာသံ တဖြောင်းဖြောင်းကြောင့် ယွန်းချောချောမှာ အတွေးကမ္ဘာမှ လန့်နိုးသွားခဲ့ရပေတော့သည်။

လက်ခုပ်သံကား တော်တော်နှင့် မရပ်နိုင်ခဲ့ပေ။ ပရိသတ်



သည် ထက်ကျင်၏လက်စွမ်းကို သဘောကျ ကျေနပ်သွားခဲ့လေပြီ။

ထိုသို့ သဘောကျကျေနပ်သွားခြင်းသည် သူတို့၏ ရည်ရွယ်ချက် တစ်ဝက်အောင်မြင်ခြင်းဖြစ်ကြောင်း ယွန်းချောချော နားလည်သဘောပေါက်ပါ၏။

နောက်တစ်ဝက်အောင်မြင်အောင် လုပ်ရမည့်တာဝန်ဝတ္တရားကြီးသည် သူမ၏ပခုံးပေါ်သို့ ကျရောက်လာပြီဖြစ်ကြောင်းကိုလည်း ယွန်းချောချော သဘောပေါက်လာမိလေ၏။

ထိုစဉ် ထက်ကျင်သည် မတ်တတ်ထကာ ပွဲကြည့်ပရိတ်သတ်များအား ဦးညွတ်ဂါရဝပြုနေ၏။

ထက်ကျင်က ချောင်းတစ်ချက်ဟန့်ပြီး ...

"ကျွန်တော့်ရဲ့လက်သံကို ချီးကျူးသြဘာပေးတဲ့အတွက် အလွန်ပဲ ကျေးဇူးတင် ဝမ်းမြောက်ပါတယ်ခင်ဗျာ၊ ဒီထန်ချောင်က ပရိသတ်တွေဟာ အနုပညာစွမ်းပကားနဲ့ ပတ်သက်ရင် အလွန်တရာ ခံစားတတ်လွန်းတဲ့ ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် ကျွန်တော့်လက်ကွက်များ မှားယွင်းခဲ့ရင် ခွင့်လွှတ်ကြပါလို့ အနူးအညွတ် တောင်းပန်အပ်ပါတယ်"

ထက်ကျင်သည် စကားကို ခေတ္တရပ်ပြီး ပရိသတ်ကို အကဲခတ်လိုက်၏။ ပရိသတ်သည် ထက်ကျင်၏စကားကို လွန်စွာ စိတ်ဝင်စားနေကြသည်။

"အခု ကျွန်တော်တို့ ပထမတင်ဆက်မှု ပြီးစီးသွားတဲ့အခါမှာ ဒီပွဲရဲ့ အဓိကတင်ဆက်မှုဖြစ်တဲ့ သီချင်းသည်မလေး ကျင်ရန်ရှာရဲ့ သီချင်းများနဲ့ စတင်ဖြေဖျော်ပါတော့မယ်၊ လုံမလေးကျင်ရန်ရှာရဲ့ တေးသံဟာ ဧည့်ပရိသတ်ကြီး၏ စိတ်နှလုံးကို ကျွန်တော့်စောင်းသံ လိုပဲ ညှို့ယူနိုင်စွမ်းရှိလိမ့်မယ်လို့ မျှော်လင့်မိပါတယ်၊ သီချင်းသည် မလေး ကျင်ရန်ရှာရဲ့ တေးသံကို စတင်နားဆင်ကြပါတော့ ခင်ဗျာ"

ထက်ကျင်၏စကားဆုံးသည်နှင့် ယွန်ချောချောသည် လှပ်လီလှပ်လဲ့ဖြင့် ခန်းဆီးစကိုဆွဲဖယ်ပြီး ဇာတ်စင်၏အလယ်သို့ ထွက် လာခဲ့လေတော့၏။

❖ ❖ ❖



## အခန်း (၄၇)
## ရေပန်းစားသော သီချင်းသည်မလေး

ယွန်ချောချောသည် လိပ်ပြာမယ်ကလေးကဲ့သို့ ဇာတ်စင် အလယ်သို့ ရောက်ရှိလာ၏။

ထက်ကျင်သည် ယွန်ချောချောကို ပရိသတ်ကြီးက ပိုမို၍စိတ် ဝင်စားလာစေရန် ဇာတ်စင်အစွန်နား၌ သွား၍ရပ်လိုက်သည်။

"ဟာ … တယ်ချောတဲ့ သီချင်းသည်မလေးပဲ"

"ဟုတ်သဟေ့ … နိပ်သဟေ့"

"ကျိုဝှန်ဝါထက်တောင် ချောသဟေ့၊ အသံတော့ မပြော တတ်ဘူး"

"ဟ … ရုပ်ရည်တောင် ကျိုဝှန်ဝါထက်ချောမှတော့ အသံ လည်း ကျိုဝှန်ဝါထက် ကောင်းမှာပေါ့ကွ"

ပရိသတ်ထဲမှ ဝေဖန်သံများသည် ဇာတ်စင်ပေါ်အထိ လွင့် ပျံတက်လာ၏။

ထက်ကျင်သည် သူတို့၏စွမ်းဆောင်ချက် အောင်မြင်ပြီဖြစ်

ကြောင်း သိလိုက်တော့သည်။

ထက်ကျင်သည် ဗျပ်စောင်းကို စတင်တီးခတ်လိုက်သည်နှင့် ယွန်းချောချောသည် သီချင်းကို စတင်သီဆိုလေတော့၏။ သူမ၏ အသံမှာ လွန်စွာကောင်းလှရကား ပရိသတ်ကြီးမှာ တေးသီချင်း၏ ဒုတိယအကြိမ်ဖမ်းစားခြင်းကို ခံလိုက်ရပြန်တော့သည်။

သူမ၏တေးသံဆုံးသွားသည်နှင့် ထက်ကျင်တုန်းကလိုပင် လက်ခုပ်ဩဘာသံများ တဖြောင်းဖြောင်း ကြားလာရပြန်သည်။

"နောက်တစ်ကြိမ် ထပ်ဆိုပါဦး"

"နောက်တစ်ပုဒ် ... နောက်တစ်ပုဒ်"

ဤသို့ဖြင့် ယွန်းချောချောသည် နောက်တစ်ပုဒ် ထပ်ဆိုရပြန်လေသည်။ ပရိသတ်ကြီးမှာ လွန်စွာကျေနပ်သဘောကျကြသဖြင့် ထိုတစ်ပုဒ်ပြီးသည်နှင့် နောက်တစ်ပုဒ်ကိုပွဲတောင်းပြန်တော့သည်။ ဤသို့ဖြင့် တစ်ပုဒ်ပြီးတစ်ပုဒ်သီဆိုခဲ့ရာ သီချင်းခုနစ်ပုဒ်အထိ ရောက်ရှိသွားတော့သည်။

သို့တိုင် ပရိသတ်ကြီးမှာ ကြား၍မငြီးနိုင်အောင် ရှိနေသဖြင့် ထပ်မံပွဲတောင်းကြပြန်သည်။

စင်စစ် ယွန်းချောချော၏ အသံကောင်းခြင်း၊ ထက်ကျင်၏ ဗျပ်စောင်းသံ သာယာခြင်းတို့ကြောင့် ပရိသတ်တို့ကို ညှို့ငင်နိုင်ခြင်းမှာ အမှန်ဖြစ်သော်လည်း ယူလီခွန်၏ အစီအမံအချို့ကြောင့်လည်း



ပရိသတ် ဤမျှပွဲတောင်းကြခြင်းဖြစ်ပေသည်။

ယူလီခွန်သည် သူ၏လူရင်းအချို့ကို ပရိသတ်အလယ်၌ ထည့်သွင်းထားပြီး ထက်ကျင်နှင့် ယွန်းချောချောတို့ အတီးအခတ်နှင့် သီဆိုမှုကို အူလှိုက်သည်းလှိုက် ပွဲတောင်းစေရန် အမိန့်ပေးခိုင်းထားပြီး ဖြစ်သည်။

ယူလီခွန်၏ တပည့်ဒလံများက ထိန်းမနိုင်သိမ်းမရ ပွဲတောင်းကြသောအခါ ပရိသတ်များထုံးစံ ရောယောင်နောက်လိုက်ပြီး အချို့လူများကလည်း ပွဲတောင်းကြတော့သည်။

ဤသို့ဖြင့် ထက်ကျင်၏တီးခတ်မှု၊ သီဆိုမှုသဘင်သည် လုံးဝအောင်မြင် ထမြောက်သွားလေတော့၏။

သီချင်းခုနစ်ပုဒ် သီဆိုပြီးသည့်တိုင် ပရိသတ်များက ထပ်မံပွဲတောင်းပြန်သောအခါ ထက်ကျင် မျက်လုံးပြူးသွားတော့သည်။

အဘယ်ကြောင့်ဆိုသော် သူသည် ယွန်းချောချောအား ထိုသီချင်းခုနစ်ပုဒ်သာ တက်ပေးထားသောကြောင့်တည်း။

မတတ်သာတော့သဖြင့် ထက်ကျင်က ဇာတ်စင်အလယ်သို့ ဝင်လာရသည်။

"ပရိသတ်ကြီးခင်ဗျား ... သီချင်းသည်မလေး လုံမလေး ကျင်ရန်ရှာဟာ သီချင်းခုနစ်ပုဒ်ကို ဆက်တိုက်သီဆိုလိုက်ရတဲ့အတွက် အလွန်ပဲ ပင်ပန်းသွားပါပြီ၊ ဒီနေ့အဖို့တော့ သီချင်းသည်မလေး

ကျင်ရန်ရှာရဲ့ ဖြေဖျော်မှုကို ဒီမျှနဲ့ပဲ ကျေနပ်ပါတော့လို့ တောင်းပန်ပါတယ်ခင်ဗျာ"

ထက်ကျင်၏တောင်းပန်သံအဆုံးတွင် စင်အောက်မှ မကျေမနပ်အော်သံများကို ကြားရတော့သည်။

"မလိုချင်ဘူး ... နောက်တစ်ပုဒ်ထပ်ဆိုပါ"

"လုံမလေး ကျင်ရန်ရှာ ... နောက်တစ်ပုဒ် ထပ်ဆိုပါဗျို့"

ထက်ကျင်သည် အောက်မှ ဆူသံပူသံများ အဆက်မပြတ်ကြားလာရသောအခါ ဆက်၍မတောင်းပန်တော့ဘဲ သူ၏ဗျပ်စောင်းကို စတင်တီးခတ်တော့သည်။ ပရိသတ်ကြီး၏ ဆူသံပူသံများသည် တဖြည်းဖြည်း တစ်စစ ငြိမ်သက်လာပြီး နောက်ဆုံး လုံးဝတိတ်ဆိတ်သွားတော့သည်။

ထက်ကျင်သည် စောင်းပညာကို သိုင်းပညာကဲ့သို့ တစ်ဖက်ကမ်းခပ်မျှ သင်ယူတတ်မြောက်ခဲ့သဖြင့် တီးကွက်တီးလုံး၏ အဖြတ်အတောက်၊ အညို့အငင်များကို အံ့မခန်း လက်စွမ်းပြတီးခတ်နိုင်ခဲ့သည်။

ပရိသတ်ထုကြီးသည် ထက်ကျင်၏စောင်းသံ၌ နစ်မျောသွားပြီးနောက် လုံးဝငြိမ်သက်သွားတော့သည်။ လုံမလေးကျန်ရန်ရှာ နောက်တစ်ကြိမ်ထပ်ဆိုပါဦးဟုလည်း မတောင်းဆိုကြတော့ပေ။

ထက်ကျင်၏စောင်းလက်သံကား အံ့ဖွယ်သူရဲ ညို့မြူနိုင်



စွမ်း ရှိပါပေ၏။

သီချင်းတီးခတ်မှု ပြီးဆုံးသွားသောအခါ ထက်ကျင်သည် မည်သည့်စကားမျှ မပြောတော့ဘဲ ဗျပ်စောင်းကိုအသာပွေ့ရင်း ပရိသတ်ထုကြီးကို ဦးညွှတ်ဂါရဝပြု၏။

ထို့နောက် ဇာတ်စင်နောက်ဘက်သို့ ဝင်သွားတော့၏။ ယွန်ချောချောလည်း ထက်ကျင်၏အပြုအမူအတိုင်းပြုမူပြီး ထက်ကျင်နောက်မှ ဇာတ်စင်နောက်ဘက်သို့ ဝင်လိုက်သွားရသည်။

ပရိသတ်ကြီး၏မြင်ကွင်းမှ ထက်ကျင်ရော ယွန်ချောချောပါ ပျောက်ကွယ်သွားသည်နှင့် ပရိသတ်ထုကြီးသည် လက်ခုပ်လက်ဝါးတီးပြီး တစ်ခဲနက်သြဘာသံကြီးဖြင့် ကောင်းချီးပေးကြလေတော့သည်။

ပရိသတ်ထုကြီးသည် ထက်ကျင်တီးခတ်နေစဉ် အသက်မရှူနိုင်ဘဲ စိတ်ဝင်စားနေခြင်းဖြစ်သည်။ ထက်ကျင်၏တီးခတ်မှု ပြီးဆုံးသောအခါမှ အသက်ရှူရန်သတိရပြီး ယခုကဲ့သို့ သြဘာပေးကြခြင်းဖြစ်ပေသည်။

သီချင်းသည်မလေး ကျင်ရန်ရှာ၏ နာမည်သည်လည်းကောင်း၊ စောင်းဆရာကြီး ထန်လီအူ၏ နာမည်သည်လည်းကောင်း ထန်ချောင်ပရိသတ်၏နှုတ်ဖျား၌ တစ်ခဏချင်း ရေပန်းစားသွားတော့သည်။

"ဒီသီချင်းသည်မလေးရဲ့အသံက တယ်ပြီးသာယာတာကိုး၊ သီချင်းသည်မတွေရဲ့ သီချင်းတော်တော်များများကို ငါနားထောင်ခဲ့တာကြာပြီ၊ သူ့လောက်ကောင်းတဲ့ သီချင်းသည်မကို ငါမတွေ့ဖူးသေးဘူး၊ သူ့အရင်ကတော့ ကျီဇုန်ဝါ ကောင်းလှချည်ရဲ့လို့ အောက်မေ့နေတာ၊ ဒီသီချင်းသည်မလေးရဲ့ အသံကို ကြားလိုက်ရမှ ကျီဇုန်ဝါဟာ ဖွဲဖြစ်မှန်းသိရတော့တယ်"

ဤကား ပွဲကြည့်ပရိသတ်တစ်ယောက် ဝေဖန်သံဖြစ်ချေ၏။

သို့သော် လူတိုင်းက ကျင်ရန်ရှာခေါ် ယွန်ချောချောအား ခြွင်းချက်မရှိ နှစ်မြို့က်ကြသည်မဟုတ်ပေ။ တချို့ပရိသတ်၏ရင်ထဲ၌ ကျီဇုန်ဝါရှိနေသေးသည်ကတော့ အမှန်ပင်။ အဘယ်ကြောင့်ဆိုသော် စောစောကလူ၏ ဝေဖန်ချက်ကို ကျီဇုန်ဝါအား စွဲလမ်းနေသူက ချက်ချင်းပင် ပြန်လည်ချေပနေသောကြောင့်ပေတည်း။

"အာ ... ဒီလိုတော့ လှေနံဓားထစ် မပြောပါနဲ့ဗျာ၊ ဒီလုံမလေးရဲ့ သီချင်းဆိုကောင်းတယ်၊ ရုပ်ချောတယ်ဆိုတာကို ကျုပ်လက်ခံပါတယ်၊ ဒါပေမဲ့ ကျီဇုန်ဝါကို ဟောဒီလုံမလေး မမီသေးပါဘူး"

သို့သော် တခြားပရိသတ်ကမူ ထိုလူ၏အဆိုကို လက်မခံချေ။

"ဒါတော့ ခင်ဗျားမှားပြီဗျ၊ ကျီဇုန်ဝါ အသံကောင်းတယ်ဆိုတာ ကျုပ်လက်ခံတယ်၊ ဒါပေမဲ့ ဒီကျင်ရန်ရှာဆိုတဲ့ မိန်းကလေးနဲ့ယှဉ်လိုက်ရင်တော့ ဆန်သားနဲ့ စပါးခွံပဲဗျ၊ ကျီဇုန်ဝါရဲ့အသံက ဗူးတယ်၊ ကျင်ရန်ရှာရဲ့အသံက အေးမြကြည်လင်တယ် ... ဘယ်မှာတူလို့လဲ၊ ရုပ်ရည်ကျတော့လည်း ကြည့်ပါဦးဗျာ ... ဒီလုံမလေးသာ ကာလသားတွေကို ကြာပစ်လိုက်ရင် ထန်ချောင်တစ်ရပ်ကွက်လုံး မပြောနဲ့ ... နေပြည်တော်တစ်ခုလုံးတောင် တအုံးအုံးဖြစ်သွားလိမ့်မယ်လို့ ကျုပ်ထင်တယ်၊ အခု သူက ရိုးရိုးပဲ သီချင်းဆိုသွားတာဗျ"



ကျီဇုန်ဝါအား အလွန်အကျွံနှစ်မြို့က်သော ပရိသတ် တစ်ဦးစနှစ်ဦးစရှိကြသော်လည်း ယွန်ချောချောခေါ် ကျင်ရန်ရှာအား နှစ်မြို့က်သူ ပရိသတ်က ရာချီနေသဖြင့် ကျီဇုန်ဝါ၏ တစ်ဦးစနှစ်ဦးစသော ပရိသတ်မှာ ဆက်၍မငြင်းခုံရဲကြတော့ပေ။

"အေးဗျာ ... ဒီသီချင်းသည်မကလေးက အသံလည်းကောင်း၊ ရုပ်လည်း ချော၊ ကိုယ်လုံးကလေးကလည်း လှနဲ့ တကယ်ကို မင်းကြိုက်စိုးကြိုက် ကာလသားများနဲ့ လုံးလုံးမျှမထိုက်တဲ့ အနိပ်ကလေးပဲဗျာ၊ ဒါထက် အံ့ဩစရာကောင်းတာက ဟိုဗျပ်စောင်းဆရာကြီးရဲ့ လက်သံဗျ၊ အံ့ရောဗျာ ... ဒီလိုစောင်းသမားမျိုး ရွှေနန်းတော်ကြီးထဲတောင် ရောက်နေဖို့ကောင်းတာ၊ ဘယ့်နှယ် လမ်းဘေးရောက်နေရသလဲ မသိပါဘူး"

"ဒါကို ခင်ဗျား ဘယ်လိုအတပ်ပြောနိုင်မလဲ၊ အခုဆိုရင်

ထန်တစ်ရပ်ကွက်လုံး သိပြီ၊ နောက်တစ်ပတ်ဆိုရင် နေပြည်တော်တစ်ခုလုံး သိပြီ၊ နောက်တစ်လမှာ ဒီဆရာကြီးဟာ နန်းတွင်းရောက်ချင် ရောက်နေမှာပေါ့ဗျာ"

ပရိသတ်များသည် တစ်ယောက်နှင့်တစ်ယောက် အချင်းချင်းငြင်းခုံကြရင်းက ပွဲရုံအတွင်းက တဖြည်းဖြည်း တစ်စစ ထွက်ခွာနေကြတော့သည်။ သူတို့၏နှုတ်များ၌ 'ကျင်ရန်ရှာ ... ကျင်ရန်ရှာ' ဟူ၍ တသသဖြင့် ဖြစ်နေကြလေပြီ။

အချို့ အတီးသက်သက် အရသာခံသူများကလည်း ထန်လီအူ၊ ထန်လီအူဟူ၍ တသသဖြစ်သွားကြလေပြီ။

ထက်ကျင်ယူဆထားသည့်အတိုင်း သူတို့၏ သီဆိုတီးမှုတ်ပွဲကား လုံးဝအောင်မြင်သွားခဲ့လေပြီ။

ထက်ကျင်နှင့် ယွန်ချောချောတို့သည် သူတို့၏မျက်နှာပေါ်၌ ရေးခြယ်ထားသည့် နံ့သာမှုန့်များ၊ ဆေးရောင်များကို ပယ်ဖျက်နေကြရင်း ရယ်မောစကား ပြောမိကြသည်။

"အစ်ကို ... ညီမလေး သီချင်းဆိုတာ ဘယ့်နှယ်လဲ၊ ကျိုဂုန်ဝါကို ကောင်းကောင်းပြိုင်နိုင်တယ် မဟုတ်လား"

ထက်ကျင်ကရယ်ပြီး ...

"အမှန်အတိုင်းပြောရရင် မင်း ဒီလောက်တောင်စွံလိမ့်မယ်လို့ ငါမထင်ခဲ့ဘူး၊ တော်ရုံတန်ရုံလောက်တော့ အောင်မြင်နိုင်တယ်လို့



ပဲ လျှော့လျှော့ပေါ့ပေါ့တွက်ပါတယ်၊ ငါတို့ ကျန်ဆင်ကျန်မြို့မှာ လေ့ကျင့်တဲ့ ယွန်ချောချောနဲ့ ဒီထန်ချောင်မှာဖြေဖျော်တဲ့ ယွန်ချောချောတစ်ယောက်စီလို ဖြစ်နေတယ်"

ထက်ကျင်သည် စကားကိုခေတ္တရပ်လိုက်ပြီး ...

"ဒီမှာ ညီမလေး ... မင်းနဲ့ငါ ဘယ်တော့မှ ထမင်းမငတ်တော့ဘူး၊ တစ်ခုခုအဆင်မပြေရင် ဒီပညာနဲ့ ဝမ်းစာရှာစားလို့ရပြီ"

ယွန်ချောချောက ထက်ကျင်အား မျက်စောင်းကလေးထိုး၍ ပြောလိုက်သည်။

"ဟင် ... အစ်ကိုက မဟုတ်တရုတ်တွေ ပြောတော့မယ်၊ သိုင်းလောကမှာ သိုင်းသမားကြီးရွှေပျံလွှားနဲ့ ဆန်ဆီနယ်စားကြီးရဲ့ သမီး ယွန်ချောချောတို့ လမ်းဘေးမှာ သီချင်းဆိုစားနေရတယ်ဆိုရင် ဘယ်မှာ လူကြားလို့ကောင်းနိုင်ပါတော့မလဲ"

ထက်ကျင်က ရယ်နေသည်။ ယွန်ချောချောက ဆက်ပြောသည်။

"အစ်ကို ... ညီမလေးတော့ တကယ်ရင်တုန်နေတာ ... သိလား၊ အစ်ကိုတီးခတ်တာ သိပ်ကောင်းတော့ အစ်ကို့စောင်းသံထဲ နစ်မျောပြီး ညီမလေးလည်း လိုက်ဆိုနိုင်သွားတာပါ၊ ဒါကို ပရိသတ်က သတိမထားမိကြဘူး၊ ညီမဖြင့် ကိုယ့်ကိုယ်ကိုယ် သီချင်းဆိုနေတာကိုတောင် မေ့သွားပါတယ်"

"ဟား .. ဟား .. ဟား .. ဒါက မင်းစိတ်ထင်ကိုး၊ မင်းအသဲမကောင်းလို့ကတော့ ငါ့စောင်းသံ ဘယ်လောက်ကောင်းကောင်း မင်းကိုချီးကျူးမှာမဟုတ်ဘူး၊ မယုံရင် မြည်းတစ်ကောင်ကို ဒီစင်ပေါ်တင်ပြီး ငါ့စောင်းသံနဲ့ ဖြေဖျော်ခိုင်းကြည့်ပါလား၊ အဲဒီမြည်း တစ်ချက်ဟီတာနဲ့ လူတွေအားလုံး ထပြေးကုန်လိမ့်မယ်"

သူမမှာ စိတ်ကိုမထိန်းနိုင်တော့ဘဲ မျက်ရည်ကျသည်အထိ ရယ်မောမိလေတော့၏။ ယွန်ချောချောသည် အတန်ကြာမှ ရယ်ရှိန်သတ်နိုင်သည်။

"အစ်ကို ခုတော့ ညီမလေးတို့ အောင်မြင်ကြပါတယ်နော်"

"အောင်မြင်ပါတယ်ကွာ၊ လူတွေအားလုံးက ညီမလေးကို ကျိုဇုန်ဝါထက်သာတယ်လို့ ဆုံးဖြတ်သွားပါပြီ၊ ဒါဟာ ငါတို့ အောင်မြင်မှုပဲပေါ့ကွာ"

"ထန်ချောင်မှာ လူရှုပ်လူပွေတွေ ပေါတယ်သာဆိုတယ်၊ အနုပညာခံစားနိုင်တဲ့လူတွေလည်း အများကြီးရှိတာပဲနော်"

"ဟား .. ဟား .. ဟား .. ငါပြောထားသားပဲ၊ ထန်ချောင်ဟာ တကယ့်ကျားတွေ၊ နဂါးတွေ လှုပ်ရှားနေတဲ့နေရာ ဖြစ်သလို တကယ့်အနုပညာသမားတွေ လှုပ်ရှားနေတဲ့နေရာလည်း ဖြစ်ပါတယ်လို့၊ ဒီထန်ချောင်ရပ်ကွက်က လူတွေဟာ ဘာမဆို အားလုံးကို ငါးခေါက်ကျွမ်းကျင်ပြီးဖြစ်နေကြတယ်၊ သူတို့ကို ညာလို့မရဘူး"



ထိုစဉ်မှာပင် ယူလီခွန်သည် သူတို့စကားပြောနေသည့် စာတ်စင်နောက်သို့ ရောက်ရှိလာတော့သည်။ ယူလီခွန်၏မျက်နှာ၌ ကြည်နူးပီတိဖြစ်မှုများ အထင်းသားပေါ်လွင်နေ၏။

ထက်ကျင်က မည်သို့မျှ မမေးမြန်းရသေးမီ ယူလီခွန်က စတင်ပြောလာလေ၏။

"သခင်ကြီးထက် ... ဒီနေ့ညနေတော့ တကယ့်ကိုအောင်မြင်တာပဲ၊ သခင်ကြီးကြံစည်ရင် ဘာမဆိုအောင်မြင်တာပါပဲခင်ဗျာ"

ထက်ကျင်ကရယ်ပြီး ...

"ဒီလိုလည်း ဘယ်ဟုတ်မလဲကွ၊ တစ်ခုခုအောင်မြင်တယ်ဆိုတာ အခြေအနေအရပ်ရပ် အားလုံးပြည့်စုံညီညွတ်မှုရှိမှ အောင်မြင်တာကွ၊ မင်းရဲ့အကူအညီသာမရရင် ငါ ဘယ်လိုအောင်မြင်နိုင်မှာလဲ"

ယူလီခွန်က ထက်ကျင်အား လေးစားစွာ ဦးညွတ်ဂါရဝပြုလေ၏။

"သခင်ကြီးထက်ဟာ အမြဲတမ်း အဲဒီလိုပဲ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး တပည့်သားမြေးအပေါ်မှာ ချီးကျူးတတ်တယ်၊ ကျွန်တော်တို့ကလည်း ဒီ့အတွက် ကိုယ့်အသက်သေချင်သေပါစေဆိုပြီး စွန့်စားခဲ့ကြပါတယ် သခင်ကြီးထက်"

"ဟုတ်ပြီ ... ဒီလိုဆိုရင် ငါတို့ နက်ဖြန်တစ်ည စောင့်ရဦးမှာ

ပေါ့၊ နက်ဖြန်ကျရင် အဲဒီရုံဘက်မှာ လူပိုပြီးလွှတ်ထား"

ထက်ကျင်သည် ကျောင်းစေ့ခင်ပေးထားသည့် ငွေလွှဲစာရွက်များကို သူ့အတွင်းအင်္ကျီထဲမှထုတ်ယူပြီး ယူလီခွန်၏လက်ထဲသို့ ထိုးထည့်ပေးလိုက်၏။

"ဒီငွေတွေကို မင်းတပည့်တွေနဲ့ မိသားစုတွေဆီ မင်းကိုယ်တိုင် သွားခွဲပေးလိုက်၊ နက်ဖြန်ထမ်းဆောင်ရမယ့် တာဝန်တွေကိုလည်း ဒီနေ့မှာပဲ တိတိကျကျထပ်ပြောထား ... ကြားရဲ့လား"

ယူလီခွန်သည် ထက်ကျင်အား ဦးညွှတ်ဂါရဝပြုပြီး လျင်မြန်စွာ ထွက်ခွာသွားလေ၏။

❖ ❖ ❖



## အခန်း (၄၈)
## သဲလွန်စပေးသော ရွှေတွဲ

ဒုတိယည ...။

ထက်ကျင်သည် ဓာတ်စင်ပေါ်၌ရပ်ရင်းက ကပွဲရုံတစ်ခုလုံးကို လှမ်းမြှုကြည့်နေ၏။

ကပွဲရုံသည် မနေ့ကလို ခပ်ကျဉ်းကျဉ်း မဟုတ်တော့ပေ။ ဘေးဘက်ရော အနောက်ဘက်ကိုပါ ချဲ့ထားသဖြင့် အတော်ကလေး ကျယ်ဝန်းနေသည်။

ဤမျှချဲ့ထားပါသော်လည်း ကပွဲရုံအတွင်း၌ လူများပြည့်ကျပ်နေသည်။ ထက်ကျင်သည် စိတ်ထဲမှကျိတ်၍ ပြုံးမိသည်။

ကျိုဝှန်ဝါ၏ကပွဲရုံ၌ လူဘယ်နှစ်ယောက်များ ကျန်နေသနည်းဟု မှန်းဆနေမိသည်။

ဤကျန်နေသူများသည် ထန်ဆက်ဘွန်ဂိုဏ်းသားများ ဖြစ်ကောင်းဖြစ်နိုင်သည်။

ဤအချက်ကို ယူလီခွန်၏တပည့်များက ဖော်ထုတ်ပေးကြ

ပေလိမ့်မည်။

ထက်ကျင်၏လက်ချောင်းကလေးများသည် ပျပ်တောင်း၏ ကြိုးတန်းကလေးများပေါ်သို့ လှပစွာ ဖြတ်သန်းသွားသည်။

သူ၏တောင်းခတ်သံ ကြားလိုက်သည်နှင့် ဆူညံနေသည့် ပရိသတ်များ၏အသံသည် တဖြည်းဖြည်း တိတ်ဆိတ်သွားတော့၏။

မကြာမီ ထက်ကျင်၏တောင်းသံသည် အလိမ့်၊ အရှိက်၊ အငင်များဖြင့် ပရိသတ်၏စိတ်ဓာတ်ကို ညှို့ငင်လေတော့သည်။ သူ၏တောင်းသံ တိတ်ဆိတ်သွားသောအခါ တစ်ခဲနက်လက်ခုပ်သံများ ထွက်ပေါ်လာသည်။

ထက်ကျင်သည် ပရိသတ်ကို ဦးညွတ်ဂါရဝပြုပြီးနောက် ဘေးသို့ကပ်သွား၏။ မကြာမီ ယွန်းချောချောထွက်လာရာ ပရိသတ်ကြီးသည် တစ်ခဲနက် သြဘာပေးကြပြန်လေတော့၏။

ပွဲခင်းသည် အကာလညအခါ သုသာန်တစပြင်ကဲ့သို့ လုံးဝငြိမ်သက်သွား၏။ ယွန်းချောချော တစ်ဖြစ်လဲ သီချင်းမလေး ကျင်ရန် ရှာသည် မီးရောင်အောက်၌ ကြေ့ရှင်းလှပစွာ မတ်တတ်ရပ်နေသည်။

မကြာမီ ထက်ကျင်၏တောင်းသံ ထွက်ပေါ်လာသည်နှင့် သူမလည်း စတင်သီဆိုတော့သည်။ သူမသီဆိုပြီးသောအခါတွင် တစ်ခဲနက်သြဘာသံကြီး ထွက်ပေါ်လာသည်။



သည်ယနေ့တွင်မူ ထက်ကျင်သည် မနေ့တုန်းကလို ယွန်းချောချောအား တစ်ဆက်တည်း မဖျော်ဖြေနိုင်းတော့ပေ။ ယွန်းချောချော သီဆိုပြီးသည်နှင့် သူက တစ်ကျော့တီးခတ်သည်။

ဤသို့ဖြင့် အဆိုတစ်လှည့်၊ အတီးချည်းတစ်လှည့် တစ်လှည့်စီ တီးခတ်သီဆိုပြသောအခါ ပရိသတ်ကြီး၏ နှလုံးအိမ်မှာ ဆိမ်သကဲ့သို့ ကျေနပ်အားရသွားလေတော့သည်။

ယနေ့သည် မနေ့ကထက်ပို၍ အင်္ဂါးကြီးကြောင်း၊ ဤရုံ၌ ရှိရှိသမျှသောလူများ ပြန်၍ထွက်မသွားစေရန် ထိန်းထားရန် လိုအပ်ကြောင်းသိနေသဖြင့် ယွန်းချောချောသည် အစွမ်းကုန် ကြိုးစားသီဆိုတော့သည်။ သူမ၏ကြိုးစားမှု အောင်မြင်ပါသည်။

ပရိသတ်များသည် ရုံတွင်းမှထွက်သွားရန် မဆိုထားနှင့် တုတ်တုတ်မျှပင် မလှုပ်ရှားနိုင်ဘဲ ရှိနေကြလေသည်။

ထက်ကျင်ကလည်း သူ့ပျပ်တောင်းကို စိတ်ဝင်စားစွာ တီးခတ်သည်။ ယွန်းချောချောကလည်း သီချင်းကို ရှာန်ဝင်ပြီး သီဆိုနေသည်။ ထိုအခါ ပရိသတ်ကြီးသည် အဘယ်မှာ လှုပ်ရှားနိုင်ပါအံ့တော့နည်း။

ဂီတအနုပညာ၏ ဖမ်းစားမှုသည် ကပွဲရုံတစ်ခုလုံးကို လွှမ်းမိုးနေ၏။ ယွန်းချောချော၏ သီချင်းသံဆုံးသွားသောအခါ တစ်ခဲနက် သြဘာသံကြီးဖြင့် ထက်ကျင်နှင့် ယွန်းချောချောတို့အား ကောင်းချီး

ညွှဘာပေးကြလေ၏။

ထက်ကျင်နှင့် ယွန်ချောချောတို့ ဓာတ်စင်နောက်သို့ ဝင်သွားသောအခါ ယူလီခွန်သည် ဓာတ်စင်ပေါ်တက်လာသည်။

"အားလုံးသော ပရိသတ်များကို အထူးပဲကျေးဇူးတင်ပါတယ်ခင်ဗျား၊ သီချင်းသည်လုံမလေး ကျင်ရန်ရှာရဲ့တေးသံကို နားဆင်လိုတဲ့ ပရိသတ်များ၊ စောင်းဆရာကြီးထန်လီအူရဲ့လက်သံကို နားဆင်လိုတဲ့ ပရိသတ်များအနေနဲ့ မနက်ဖြန်ညကျရင် လာရောက်အားပေးကြပါဦးလို့ တင်ပြအစီရင်ခံအပ်ပါတယ်ခင်ဗျား"

ယူလီခွန်၏ စကားသံဆုံးသည်နှင့် ဆုငွေတောင်းခံသည့် လင်ပန်းများ ကိုင်ဆောင်ထားသော လူခုနစ်ဦးသည် ပွဲခင်းပရိသတ်များအကြား လူးလာဆန်ခတ် တိုးဝှေ့လမ်းလျှောက်နေကြတော့၏။

"သိပ်ကောင်းတယ် ... သိပ်ကောင်းတယ်"

ဟူသော ချီးကျူးသံများနှင့်အတူ လင်ပန်းများထဲသို့ ငွေစများ တချွင်ချွင်ကျနေကြတော့သည်။

ထိုညပွဲသိမ်းသောအခါ ဓာတ်စင်နောက်ပိုင်း၌ ယူလီခွန်၊ ထက်ကျင်နှင့် ယွန်ချောချောတို့သုံးယောက် ခေါင်းချင်းဆိုင်မိကြသည်။

ယူလီခွန်၏မျက်နှာမှာ ထန်းလျက်အိုးထဲ မှောက်ကျထားသည့် မျက်နှာကဲ့သို့ ပြုံးဖြိုးနေတော့သည်။



"သခင်ကြီးထက် ... ဒီနေ့ညတော့ တကယ့်ကို အံ့ဩစရာပါပဲဗျာ၊ တကယ့်ကို အံ့ဩစရာပါပဲ"

"ဘာလဲ ... လူတွေ မနေ့ကထက်များနေလို့လား"

"လူများတာလောက်တော့ ကျွန်တော် ဘယ်ဂရုစိုက်မလဲ၊ ဒီနေ့ည လူများမယ်ဆိုတာ ကျွန်တော် အတပ်သိနေတာပဲဥစ္စာ"

"စောစောက ဆုငွေသုံးဆယ်ကျော် ရလာပြီနဲ့တူတယ်"

ယူလီခွန်သည် တဟားဟား အော်ဟစ်ရယ်မောပြီး ...

"ဆုငွေသုံးဆယ်ကျော်ရတာကို စာပွဲ့ပြီး ပြောမနေချင်ပါဘူး ဆရာကြီးထက်ရဲ့၊ ဆုငွေတောင်းတဲ့လင်ပန်းထဲမှာ ငါးကျပ်သားလောက်ရှိတဲ့ ရွှေတုံးကြီးတစ်တုံးတောင် ရလိုက်လို့ ကျွန်တော် ဝမ်းသာနေရတာပါ"

ထိုစကားကို ကြားလျှင်ကြားချင်း ထက်ကျင်၏မျက်ခုံးများ မြင့်တက်သွားတော့သည်။

"ဘာပြောတယ်၊ ရွှေတုံးတစ်တုံး ပေးသွားတယ် ဟုတ်လား၊ ဘယ်သူဌေးက ပေးသွားတာလဲ"

ထက်ကျင်၏ အလေးအနက်ထားပြီး မေးလိုက်သည့်မေးခွန်းကို ကြားလိုက်ရသောအခါ ယူလီခွန်၏မျက်နှာပေါ်မှ အပြုံးများ ပျောက်ကွယ်သွားတော့သည်။

ရွှေတုံး၏နောက်ဆက်တွဲ အန္တရာယ်များ ပါလာနိုင်ပြီဖြစ်

ကြောင်း သူရိပ်မိခဲ့ပြီမဟုတ်ပါလား။

"ကျွန်တော်လည်း ရွှေတွဲပေးသွားတဲ့အကြောင်း ကြားလိုက်ရတော့ သိပ်စိတ်ဝင်စားသွားပါတယ်၊ အဲဒီဆုလာဘ်ပန်းကိုင်တဲ့ ကျွန်တော့်တပည့်ကို ချက်ချင်းပဲမေးပါတယ်၊ ဘယ်သူပေးသွားတာလဲလို့"

"ဒါဖြင့် အဲဒီလူကို သိလိုက်ပြီပေါ့"

"နာမည်တော့ မသိပါဘူး၊ အသားဖြူဖြူ သူဌေးပုံစံရှိတဲ့ လူတစ်ယောက်က ပေးသွားတာလို့ ပြောတာပဲ၊ အဝင်ဝမှာချထားတဲ့ ကျွန်တော့်တပည့်တွေကိုစုံစမ်းကြည့်တော့လည်း အဲဒီအသားဖြူဖြူလူဟာ ဒုတိယပိုင်းပွဲဝက်လောက်ကျမှ ဟိုဘက်ရုံကနေ ဒီဘက်ရုံကို ကူးလာခဲ့တဲ့လူလို့ ပြောပါတယ်"

ထက်ကျင်က အရေးကြီးသောလေသံဖြင့် မေးလိုက်သည်။

"ဘယ်မှာလဲ အဲဒီရွှေတွဲ"

ယူလီခွန်သည် သူ၏အတွင်းအိတ်ထဲမှ ရွှေတွဲတစ်တွဲကို ထုတ်လိုက်၏။ ထက်ကျင်အား လှမ်းပေးသည်။ ရွှေတွဲမှာ အလယ်၌ ရွှေပြားတစ်ပြားပါသော ရွှေတွဲဖြစ်လေသည်။

လည်ဆွဲလည်းမဟုတ်၊ လက်ဝတ်ရတနာလည်း မဟုတ်ပေ။

ထက်ကျင်သည် ရွှေတွဲကို သေချာစွာ လှေ့လာကြည့်ရှုရာ ရွှေတွဲ၏အလယ်၌ရှိသော ရွှေပြားပေါ်တွင် လက်ရာနှစ်ခု ထင်ကျန်



နေကြောင်း အသေအချာ တွေ့ရှိလိုက်ရလေသည်။

ထိုလူ၏အတွင်းအားပညာသည် လွန်စွာနက်ရှိုင်းကြောင်း ထက်ကျင်သိလိုက်လေပြီ။

"ယူလီခွန် ... အဲဒီလူနောက်ကို အခုချက်ချင်း နောက်ယောင်ခံလိုက်စမ်း"

ယူလီခွန်က ချက်ချင်းအဖြေပေး၏။

"သခင်ကြီးထက် ... ကျွန်တော် အဲဒီလူနောက် အရိပ်ထည့်လွှတ်လိုက်ပါပြီ၊ အရိပ်ထည့်လွှတ်လိုက်တုန်းကတော့ သခင်ကြီးထက်လို လေးလေးနက်နက်တွေးပြီး ထည့်လိုက်တာမဟုတ်ပါဘူး၊ ဒီလူက ရွှေတွဲတစ်တွဲ ဆုချရလောက်အောင် ဘယ်လောက်များ ချမ်းသာသလဲဆိုတာ သိချင်တာနဲ့ အရိပ်ထည့်လွှတ်လိုက်တာပါ"

ထက်ကျင်က အရေးတကြီး အမိန့်ပေး၏။

"အဲဒီအရိပ်နောက်ကို နောက်တစ်ယောက်ထပ်လွှတ်လိုက်၊ သူတို့ အလဲအလှယ်လုပ်ကြပါစေ၊ သူ့နောက်ကို နောက်ယောင်ခံလိုက်မှန်းမသိအောင်လည်း ကြိုးစားကြ၊ အဲဒီလူဟာ အင်မတန် လျင်မြန်တဲ့လူ ဖြစ်လိမ့်မယ်၊ သူ့နေရာကို တိတိကျကျသိဖို့လိုတယ်"

ယူလီခွန်က ...

"သခင်ကြီးထက် ... ကျွန်တော့်တပည့်တွေရဲ့ ပြောပုံကတော့ အမတ်ကြီးတစ်ယောက်ရဲ့သား ဖြစ်နိုင်တယ်လို့ ဆိုပါတယ်"

"သယ် ... ငါနိုင်းတာကို ချက်ချင်းသွားမလုပ်ဘဲ ဘာဖြစ်လို့ အပိုစကားတွေ ပြောနေရတာလဲ၊ မင်းလွှတ်လိုက်တဲ့လူရဲ့ အလောင်းကိုပဲ တွေ့ချင်လို့ အချိန်ကြာအောင်လုပ်နေတာလား"

ယူလီခွန်မှာ အကြီးအကျယ် မျက်နှာပျက်သွားလေတော့သည်။

"ဟုတ် ... ဟုတ်ကဲ့ သခင်ကြီးထက်၊ ခုပဲ ကျွန်တော်သွားပါ့မယ်"

ယူလီခွန်သည် ထိတ်လန့်တကြား ထွက်ပြေးသွားလေတော့သည်။

ယွန်ချောချောသည် ထက်ကျင် ဤမျှဂရုစိုက်နေပုံထောက်လျှင် ရွှေတွဲ၏နောက်ဆက်တွဲကိစ္စသည် ထန်ဆက်ဘွန်ဂိုဏ်းနှင့် ဆက်စပ်နေလိမ့်မည်ဟု တွေးမိလာသည်။

"အစ်ကို ... ဒီရွှေတွဲကိစ္စက သိပ်အရေးကြီးနေသလားဟင်"

ထက်ကျင်သည် "ရော့" ဟုဆိုကာ ရွှေတွဲကို သူမ၏လက်ထဲသို့ လှမ်းထည့်ပေး၏။

"အဲဒီရွှေတွဲကို သေသေချာချာ လေ့လာကြည့်စမ်း၊ ငါတို့အတွက် သဲလွန်စရနေပြီ"

ယွန်ချောချောသည် ရွှေတွဲကိုလက်ခံယူပြီး ရွှေတွဲကို ဖင်မြန်ခေါင်းပြန် ကြည့်ရှုစစ်ဆေး၏။ ရွှေပြား၏ အောက်ဘက်၌ နာမည်



တစ်လုံး ရိုက်နှိပ်ထားသည်။

"ထန်ဆက်" ဟူသတည်း။

ယွန်ချောချောမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရတော့သည်။

"အစ်ကို ... ဒီလူဟာ ထန်ဆက်ဘွန်ဂိုဏ်းကလူ ဖြစ်နေပြီပေါ့ ... ဟုတ်လား"

ထက်ကျင်က ခေါင်းညိတ်ပြ၏။

"သိပ်သေချာတယ်၊ ဒီလိုရွှေတွဲမျိုး မတွေ့တာကြာပြီ"

"ဒါဖြင့် အစ်ကိုက ဒီလိုရွှေတွဲမျိုး တွေ့ခဲ့ဖူးတယ်ဆိုပါတော့"

"တွေ့ခဲ့ဖူးတယ်လေ၊ ငါ့သွေးသောက်အစ်ကိုကြီး ရုပ်ဖျက်ဝိဇ္ဇာနန်ကင်ဟာ ဒီလိုရွှေတွဲမျိုး ရခဲ့ဖူးတယ်၊ သူ့ဆီက ဒီလိုရွှေတွဲမျိုး တွေ့ခဲ့ဖူးတာပဲ၊ အစ်ကိုကြီးနန်ကင်က ပြောခဲ့ဖူးတယ်၊ ထန်ဆက်ဘွန်ဂိုဏ်းဟာ သူတို့လုပ်ရပ်တစ်ခုကို လေးလေးနက်နက် ပြချင်ပြီဆိုရင် အဲဒီလိုရွှေတွဲမျိုး ပေးတာပဲတဲ့"

"ဘုရားရေ ... ဒါဖြင့် သူတို့က သတိပေးတာပေါ့၊ ဟုတ်လား"

ထက်ကျင်က ခေါင်းညိတ်လိုက်၏။

"သိပ်သေချာတယ်၊ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ လက်အောက်ငယ်သားတွေဟာ ဒီလိုသတိပေးခြင်းမျိုး ဘယ်တော့မှ မလုပ်ကြဘူး၊

ကျောင်းစေ့ခင်တောင် ရှိုးရှိုးပဲခေါ်ဆွေးနွေးတာပဲ၊ အခုတော့ လက်ရာကိုကြည့်ရတာ ထန်ဆက်ဘွန်ဂိုဏ်းချုပ်ကိုယ်တိုင် ဆင်းလာပြီလို့ မှန်းဆရတာပဲ"

"ထန်ဆက်ဘွန်ဂိုဏ်းချုပ်ဆိုတာ သေချာရဲ့လားဟင်"

"ဒီလိုတော့ အသေအချာ မပြောနိုင်သေးဘူးပေါ့၊ ထန်ဆက်ဘွန်ဂိုဏ်းချုပ်မဟုတ်တောင် ဂိုဏ်းထဲမှာ အင်မတန်အရေးပါအရာရောက်တဲ့လူ ဖြစ်လိမ့်မယ်၊ အဲဒီလူကို ယူလီခွန်ရဲ့လူတွေ နောက်ယောင်ခံလိုက်နိုင်ပါစေလို့ ဆုတောင်းရမှာပဲ"

ထက်ကျင်နှင့် ယွန်ချောချောတို့သည် တစ်ယောက်နှင့်တစ်ယောက် အတန်ကြာမျှ စကားမပြောမိဘဲ ထိုင်နေမိကြသည်။

ထမင်းအိုးတစ်လုံးကျက်ခန့် ကြာသောအခါ ယူလီခွန် ပြန်လည်ရောက်ရှိလာ၏။

"သခင်ကြီးထက်ကျင်၊ ကျိုဝှန်ဝါတော့ ရှုံးလို့သေတော့မယ်၊ သူ့ကပွဲရုံမှာ လူမရှိတော့လို့ ဟိုဟာရိုက်ခွဲ၊ ဒီဟာရိုက်ခွဲ လုပ်နေသတဲ့၊ ရုံထဲမှာ နောက်ဆုံးကျန်တဲ့ လူဆယ်ယောက်တောင် သူ့ပွဲကိုဆုံးအောင်မကြည့်တော့ဘဲ ဒီရုံဘက်ကို ကူးလာခဲ့ကြသတဲ့"

ထက်ကျင်သည် သူစိတ်မရှည်ဖြစ်နေသမျှကို ယူလီခွန်မသိအောင် ထိန်းချုပ်ထားရသည်။ ယူလီခွန်က အားပါးတရပြောပြီးသောအခါမှ လေသံအေးအေးဖြင့် ပြောလိုက်လေသည်။



"ကျိုဝှန်ဝါ ဒေါသဖြစ်နေတဲ့ကိစ္စကို အသာထားလိုက်စမ်းပါ၊ ရွှေတွဲပေးသွားတဲ့လူနောက်ကို လိုက်သွားတဲ့ အရိပ်ရဲ့အခြေအနေက ဘယ်လိုလဲ ... ဟိုလူရဲ့နေရာကို တိတိကျကျသိခဲ့ရဲ့လား"

ယူလီခွန်မှာ မျက်စိမျက်နှာပျက်သွားသည်။

"ကျွန်တော် ... ကျွန်တော် နောက်ယောင်ခံလိုက်နိုင်းလိုက်တဲ့ လူဟာ ..."

ထက်ကျင် စိတ်မရှည်တော့ပေ။

"မြေကြွက်ကြီးယူလီခွန် ဘယ်လိုဖြစ်နေတာလဲ၊ အစကဆိုရင် ဘယ်တော့မှ ကိစ္စတစ်ခုကို ဝေ့လည်ကြောင်ပတ် မပြောတတ်ဘူး၊ အခု ဘယ်လိုဖြစ်သွားရတာလဲ"

"ကျွန် ... ကျွန်တော် မြွေလောင်ဟိုးဆိုတဲ့ ကျွန်တော့်တပည့်ကို အရိပ်အဖြစ်ထည့်လိုက်ပါတယ်၊ နောက်တော့ သခင်ကြီးထက်ကျင်က နောက် အရိပ်တစ်ယောက်ထည့်ဖို့ အမိန့်ပေးလိုက်တာနဲ့ မြွေဖြူကလေး လောင်ခင်ဆိုတဲ့ကောင်ကို ထပ်လိုက်ခိုင်းခဲ့ပါတယ်၊ မြွေလောင်ဟိုးရဲ့အလောင်းကို ရှန်လုံထန်တည်းခိုခန်းရဲ့ မြောင်းထဲမှာ တွေ့ခဲ့ရပါတယ်တဲ့ ..."

ထက်ကျင်မှာ သည်းမခံနိုင်လောက်အောင် ဖြစ်သွားရသည်။ ရုတ်တရက် ဝုန်းခနဲထရပ်ပြီး စာတ်စင်အနောက်ဘက်သို့ လှူးလာဆန်ခတ် စကြံလျှောက်နေတော့သည်။

မြွေလောင်ဟိုးကို ထက်ကျင် ကောင်းစွာသိသည်။ ယူလီခွန်၏ တပည့်အားလုံးသည် သူ့တပည့်များလိုလိုပင်ဖြစ်သည်။ ထက်ကျင်အကူအညီနှင့် ကင်းသောသူဟူ၍ပင် မရှိသလောက်ပင်။

"မြွေလောင်ဟိုးခန္ဓာကိုယ်မှာ ဘယ်လိုဒဏ်ရာမျိုး တွေ့ရသလဲ"

ထက်ကျင် စိတ်ဆိုးစွာမေးလိုက်ရာ ယူလီခွန်က ပျာပျာသလဲ ပြန်ဖြေလေ၏။

"လည်ပင်းမှာ အပေါက်ကြီးတစ်ပေါက်ဖြစ်နေတာ တွေ့ရပါတယ်၊ တခြားဒဏ်ရာတော့ မတွေ့ပါဘူး"

"အလောင်းဘယ်မှာလဲ"

"အဲဒီ ရှန်လုံတည်းခိုဆိုင်ဘေးက မြောင်းထဲမှာပါပဲ၊ ခြေရာလက်ရာမပျက် ဒီအတိုင်းထားပါတယ်"

"မြွေလောင်ဟိုးမှာ ဆွေမျိုးသားချင်း တစ်ယောက်မှ မရှိတော့ဘူးလား"

"ရှိပါသေးတယ်၊ အသက်ဆယ့်ရှစ်နှစ်လောက်ရှိတဲ့ ညီမလေးတစ်ယောက်တော့ ကျန်နေပါသေးတယ်"

"အခု ဘယ်မှာနေသလဲ ... မြွေလောင်ဟိုးနဲ့ အတူတူနေသလား"

"မနေပါဘူး၊ ချင်ကွမ်းရပ်ကွက်မှာ သီးခြားနေပါတယ်"





ထက်ကျင် အကြီးအကျယ် စိတ်ဆိုးသွားသည်။

"ယူလီခွန် ... မင်း သိပ်ညံ့တာပဲ၊ မောင်နဲ့နှမနှစ်ယောက်တည်းရှိတဲ့လူတွေကိုတောင် တစ်ပေါင်းတစ်စည်းတည်းနေအောင် မစောင့်ရှောက်နိုင်ဘူးလား၊ ဘာဖြစ်လို့ သူတို့မောင်နှမက အတူတူမနေနိုင်ရတာလဲ"

ယူလီခွန်မှာ ထက်ကျင်၏ ကြိမ်းမောင်းမာန်မဲခြင်းကို ခံလိုက်ရသောအခါ မျက်နှာမှာ ဆီးရွက်ခန့် ငယ်သွားသည်။

ယူလီခွန်မှာ သာမန်အရပ်သားတစ်ယောက် မဟုတ်ပေ။ ယခင်က အောက်လမ်းဂိုဏ်း သိုင်းသမားတစ်ယောက်ဖြစ်၏။

သူ ဘေးဒုက္ခရောက်နေစဉ် ထက်ကျင်ရောက်ရှိလာပြီး အကူအညီပေးခဲ့သည်။

သူ့ဘဝကိုလည်း လမ်းဖြောင့်လမ်းမှန်ပေါ်သို့ ရောက်ရှိစေရန် ပြုပြင်ပေးခဲ့သည်။

"သခင်ကြီးထက် ... ကျွန် ... ကျွန်တော် သူ့ကို တစ်လတစ်လ ငွေတစ်ရာငါးဆယ် ပေးပါတယ်၊ ဒီငွေဟာ မနည်းပါဘူး၊ ဒါပေမဲ့ သူက လောင်းကစား သိပ်ဝါသနာပါတယ်၊ နောက်ဆုံး သူ့ညီမကို ငွေသုံးသောင်းနဲ့ ထိုးရောင်းပစ်လိုက်တာပဲ"

"မင်း ဒါတွေမသိဘူးလား၊ မတားဘူးလား"

"သခင်ကြီး ... သူက ကလေးလေးမဟုတ်တော့ဘူး၊ ကျွန်

တော် သူ့ကို အကြိမ်ကြိမ်ဆုံးမခဲ့ပါတယ် ... ဆုံးမလို့ မရဘူး၊ ကျွန်တော့်ကို သခင်ကြီး ဆုံးမပြီးကတည်းက မကောင်းတာဆိုဘာမှမလုပ်ခဲ့ပါဘူး ... အဲဒါကိုတော့ ယုံပါခင်ဗျာ"

"ကဲ ... အခု အလောင်းဘယ်မှာရှိမလဲ"

"အဲဒီ ရှန်လုံတည်းခိုခန်းရှေ့က မြောင်းထဲမှာပဲရှိပါတယ်၊ သခင်ကြီးထက်ကျင်ကြည့်ချင်ရင် ကြည့်ရအောင် ခြေရာလက်ရာမပျက်အောင် တမင် အဲဒီမှာထားခဲ့တာပါ"

"ကောင်းတယ်၊ မြင်းလှည်းပြင်လိုက်၊ အဲဒီကိုသွားကြမယ်"

ယူလီခွန်သည် ပြေးထွက်သွား၏။ ထက်ကျင်နှင့် ယွန်ချောချောတို့သည် စင်ပေါ်တက်ရာတွင် ဝတ်ဆင်သည့် ဝတ်စုံများကိုချွတ်လိုက်ပြီး သာမန်အရပ်ဝတ်အရပ်စားများကို ဝတ်ဆင်လိုက်ကြသည်။

ထို့နောက် ယူလီခွန်စောင့်နေမည့် ကပွဲရုံအပြင်သို့ ထွက်လာသည်။

ယူလီခွန်သည် မြင်းလှည်းဖြင့် အသင့်စောင့်နေ၏။ ထက်ကျင်နှင့် ယွန်ချောချောတို့သည် မြင်းလှည်းပေါ်သို့တက်ပြီး ...

"ကဲ ... မောင်းပေတော့၊ မြွေလောင်ဟိုးရှိတဲ့နေရာဆီကို"

မြင်းလှည်းသည် ရှန်လုံတည်းခိုဆောင်ဘက်သို့ တစ်ဟုန်ထိုးပြေးတော့သည်။ သူတို့ရောက်ရှိလာသည့်အချိန်၌လည်း မြွေလောင်ဟိုး၏အလောင်းမှာ ရှိနေဆဲသာဖြစ်သည်။



မြွေလောင်ဟိုးဆိုသည့် လူငယ်မှာ သေးသွယ်သွယ် ဖြူရော်ရော် ဘိန်းစားတစ်ယောက်မဟုတ်ပေ။

အသက်သုံးဆယ်ခန့်ရှိပြီး လွန်စွာသန်စွမ်းကျန်းမာသူ ဖြစ်ပေသည်။ ခန္ဓာကိုယ်အရပ်အမောင်းလည်း မြင့်မားသည်။

ယူလီခွန် အားထားရသူ လက်ရုံးများထဲတွင် မြွေလောင်ဟိုးလည်း ပါဝင်ပေသည်။

မြွေလောင်ဟိုး၌ ချွတ်ယွင်းချက်တစ်ခုသာရှိသည်။ သူသည်အလောင်းအစား အလွန်ဝါသနာပါသည်။

မာကျောက်ဝိုင်း၊ လေးကောင်ဂျင်းဝိုင်း မည်သည့်ဝိုင်းမျှချမ်းသာခွင့်မပေးပေ။ သူ့အား မိန်းမနှင့်ဆွယ်၍ ရကောင်းမှရမည်။

သို့သော် လောင်းကစားနှင့်ဆွယ်လျှင်မူ အလွန်လွယ်ကူသည်။

သူသည် မြောင်းထဲ၌ ပက်လက်သေဆုံးနေသဖြင့် သူ့မျက်နှာကို ကောင်းစွာကြည့်မြင်နိုင်သည်။ သူ့မျက်နှာ၌ ကြောက်လန့်ခြင်းအနေအထား လုံးဝမရှိပေ။ ဤပုံစံက သူမည်သို့သေခဲ့သည်ကို သိပုံမရကြောင်း သက်သေပြနေခြင်းပင် ဖြစ်တော့သည်။

ထက်ကျင်သည် မြွေလောင်ဟိုး၏ ခန္ဓာကိုယ်အနှံ့အပြား၌ ဒဏ်ရာဒဏ်ချက်ရှာနေသည်။

"ချောချော ... သူဟာ ဆီးနှင်းပုလဲဒဏ်ချက်နဲ့ သေရတယ်

... အံ့ဩစရာပါလား"

ထက်ကျင်သည် သူမအားကိုဆွဲထုတ်ပြီး လည်ပင်းတစ်နေရာကို ညွှန်ပြလေသည်။ ထိုနေရာတွင် အပေါက်တစ်ပေါက် ဖြစ်နေပေသည်။ ယွန်ချောချောသည် ဒူးထောက်ထိုင်ချပြီးနောက် ဒဏ်ရာကို စစ်ဆေး၏။

"အစ်ကို ... ဆီးနှင်းပုလဲလက်နက်ကြောင့် သေရတာတော့ဟုတ်တယ်၊ ဒါပေမဲ့ လက်နက်အရွယ်အစားချင်း မတူဘူး"

ထက်ကျင်က ...

"ဆီးနှင်းပုလဲလက်နက်မှာတောင် အမျိုးအစား အမျိုးမျိုးကွဲနေသေးလို့လား"

"ကွဲတယ်၊ အခုဒဏ်ရာက တော်တော်ကြီးတယ်၊ ညီမလေးတို့သုံးတဲ့ ဆီးနှင်းပုလဲက ဒီလောက်မကြီးဘူး၊ ညီမလေးတွေ့ဖူးတဲ့ ဆီးနှင်းပုလဲလက်နက်ကလည်း အသေးစားကလေးတွေပဲ၊ ဒီဒဏ်ရာအရဆိုတော့ တော်တော်ကြီးတဲ့ ဆီးနှင်းပုလဲနဲ့ပစ်လို့ သေရတာပဲ"

ယွန်ချောချောသည် ပြောပြောဆိုဆို သူမ၏အိတ်ထဲမှ ဆီးနှင်းပုလဲလက်နက်တစ်လုံးကို ထုတ်ယူ၍ ဒဏ်ရာအဝနှင့်တိုင်း၍ ပြသည်။ သူမ၏ ဆီးနှင်းပုလဲလက်နက်သည် ဒဏ်ရာဝနှင့်စာလျှင် အမှန်တကယ်ပင် ထက်ဝက်ခန့်ငယ်နေသည်။ ယွန်မိသားစု၏ ဆီးနှင်းပုလဲလက်နက်မှာ ထန်တီးဂိုဏ်း၏ လျှို့ဝှက်လက်နက်အစစ် ဖြစ်



ပေသည်။ သူတို့မိသားစု အစဉ်အဆက် ကိုင်ဆောင်ခဲ့သဖြင့် အရွယ်အစားပမာဏနှင့် ပတ်သက်၍ ကောင်းစွာကျွမ်းကျင်နေကြသည်။ သူမက ...

"သိပ်ထူးဆန်းတာပဲ၊ ဒီဆီးနှင်းပုလဲလက်နက်ကို မေမေ့ဘက်က အဘိုးကပဲ လုပ်တတ်တယ်၊ အဘိုးက မေမေ့ကို ဒီလက်နက် လုပ်ပုံကိုင်နည်း သင်မပေးဘူး၊ အဖေ့ကိုတော့ သင်ပေးတယ်၊ ကျွန်မတို့ ယွန်မိသားစုထဲမှာ ဒီလက်နက်လုပ်တတ်တဲ့လူဆိုလို့ အဖေတစ်ယောက်ပဲရှိတယ်၊ မေမေလည်း မလုပ်တတ်ဘူး၊ ဒီလောက်ကြီးမားတဲ့ ဆီးနှင်းပုလဲကို ဘယ်သူက လုပ်လိုက်တာပါလိမ့်"

"လက်နက်လုပ်နည်း ပေါက်ကြားသွားလို့ ဖြစ်မှာပေါ့၊ ဒီလက်နက်တစ်လုံးကို အကောင်းပကတိအတိုင်း တစ်ယောက်ယောက်ရသွားလို့ဖြစ်လိမ့်မယ်၊ မင်းလက်နက်က စာကလေးဥထက်တောင် ငယ်ချင်သေးတယ်၊ ဒီကလက်နက်က အများကြီးကြီးနေတယ်၊ ဘယ်ဟာက လုပ်ရပိုခက်သလဲ"

"ငယ်တာက လုပ်ရပိုခက်တာပေါ့၊ ကြီးတာက လုပ်ရပိုလွယ်တယ်၊ သိပ်မကျွမ်းကျင်တဲ့လူတွေက အကြီးတွေပဲ လုပ်နိုင်ကြတယ်၊ ငယ်တဲ့လက်နက်က ပစ်ခတ်ရတာ ပိုခက်တယ်၊ မကျွမ်းကျင်တဲ့လူ မပစ်နိုင်ဘူး"

"ဒီလက်နက်ပစ်တုန်းခတ်တုန်း တစ်ယောက်ယောက်ရပြီး

တီထွင်ရင်ရသလား"

"မရနိုင်ပါဘူး။ ဒီလက်နက်က လူကိုထိတာနဲ့ ပေါက်ကွဲသွားတာပဲ၊ သူက အဆိပ်အပ်လို မဟုတ်ဘူး"

"ဒီလိုဆိုရင် မင်းတို့အိမ်ထဲက တစ်ယောက်ယောက် ခိုးယူသွားတာပဲဖြစ်မှာပဲ"

"မဖြစ်နိုင်ဘူး၊ ဒီလက်နက်ကို ဘယ်သူမှ မကိုင်ရဘူး၊ ကျွန်မကတော့ ကျင်းလီကို ကိုယ့်ညီမတစ်ယောက်လို သဘောထားပြီး ခွဲပေးထားတာပါ"

"ဒါဖြင့် ဘယ်လိုလုပ်ပြီး ဒီလက်နက်က သူများလက်ထဲ ရောက်နေရတာလဲ၊ မင်းတို့မိသားစုထဲက တစ်ယောက်ယောက်က မြွေလောင်ဟိုးကို လုပ်ကြံသလိုဖြစ်နေပြီပေါ့"

"အဲဒီလို ယူဆစရာတောင်ဖြစ်နေပြီ၊ အဲဒီပုလဲလုံးကလေးရဲ့ အကာကို ဖောက်လိုက်တာနဲ့ အတွင်းမှာပါတဲ့ဆေးတွေ ခတ်ပျက်သွားတာပဲ၊ ညီမလေးကိုယ်တိုင် အဲဒီဆီးနှင်းပုလဲလက်နက်လုံးကလေးကို ခွဲကြည့်ဖူးတယ်၊ အမြဲတမ်း ပျက်စီးသွားတာချည်းပဲ"

ထက်ကျင်က စဉ်းစဉ်းစားစားဖြင့် ပြောသည်။

"တစ်ခုတော့ရှိတယ်၊ မင်းအဘိုးက လုပ်တတ်တယ်ဆိုတော့ မင်းအဘွားက မလုပ်တတ်ဘူးလား"

"ဟင့်အင်း ... ဒါတော့ ညီမလည်းမသိဘူး၊ ညီမလေးသိ



တာကတော့ ဆီးနှင်းပုလဲလက်နက်ကို အဘိုးနဲ့ ဖေဖေပဲ လုပ်တတ်တယ် ဆိုတာပဲ"

ထက်ကျင်သည် မေးမြန်းရင်း အတော်ကလေး ဦးနှောက်ခြောက်သွား၏။

"ယူလီခွန် ... အလောင်းကို မြောင်းထဲက ဆွဲထုတ်လိုက်စမ်း"

ယူလီခွန်သည် မြွေလောင်ဟိုး၏အလောင်းကို ဆွဲထုတ်လိုက်ပြီး ကျောဘက်ကိုစစ်ဆေးရန် လှန်ပြလိုက်၏။ မြွေလောင်ဟိုး၏ ကျော၌ ရွှေတွဲတစ်တွဲ ချိတ်ဆွဲထားလေသည်။

ယူလီခွန်ယူခဲ့သော ရွှေတွဲနှင့်တစ်ပုံစံတည်းပင်။ ရွှေတွဲနှင့်အတူ စာတစ်စောင်ကိုပါ ချိတ်နှင့်ချိတ်တွယ်ထားလေ၏။

❖ ❖ ❖

## အခန်း (၄၉)
## ရွှေတွဲဖြင့် သတိပေးခြင်း

*ရွှေပုံလွှား ...*

*မင်းကို ကတိဖျက်တဲ့လူတစ်ယောက်အဖြစ် အခု မကြေငြာသေးဘူး၊ ဒီရက်ကစပြီး ငါးရက်အတွင်း တလေပြည်နယ်အတွင်းက ထွက်သွားပါ၊ ဒါက မင်းကိုသက်ညှာပြီး အခွင့်အရေးပေးလိုက်တာပဲ၊ နောက်တစ်ချက်က ငါတို့ဂိုဏ်းကို ဆက်ပြီးမစုံစမ်းပါနဲ့၊ ချက်ချင်းရပ်ဆိုင်းပါ၊ သေတဲ့လူအတွက် သင်္ဂြိုဟ်စရိတ် ရွှေတွဲတစ်ဆယ်သား ထားပစ်ခဲ့တယ်။*

*ထန်ဆက်*

စာကား ဤမျှသာတည်း။

ထက်ကျင်သည် အေးစက်စက်ရယ်ရင်း မြွေလောင်ဟိုး၏



ကျောမှ ရွှေတွဲကို ယူလီခွန်၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ယူလီခွန်၊ အဲဒီရွှေတွဲနဲ့ မြွေလောင်ဟိုးကို သင်္ဂြိုဟ်ပေတော့"

ယူလီခွန်သည် ရွှေတွဲကို တုန်ယင်သောလက်များဖြင့် လှမ်းယူ၏။

"သခင်ကြီးထက်၊ မြွေလောင်ဟိုးအတွက် ကျွန်တော်တို့ ဒီအတိုင်း လက်ပိုက်ကြည့်နေတော့မလား"

"မကြည့်ရင် မင်းက ဘာလုပ်ချင်လို့လဲ"

ယူလီခွန်က အံကျိတ်၍ပြော၏။

"ဒီကောင်တွေကို လက်စားချေမယ်၊ ကျွန်တော့်ဆီမှာ ရဲဘော်ရဲဘက် ညီအစ်ကို နှစ်ဆယ့်လေးဦးရှိတယ်၊ သိုင်းပညာအစွမ်းတော့ မထက်ဘူး၊ ဒါပေမဲ့ သေရမှာတော့ ဘယ်သူ့မှမကြောက်ပါဘူး၊ မြွေလောင်ဟိုးရဲ့အသက်တန်ဖိုးအတွက် လျော်ကြေးပြန်တောင်းမယ်"

ထက်ကျင်က ခပ်အေးအေးပြော၏။

"တောင်းမနေပါနဲ့လေ၊ မင်းတို့ကို ရွှေတစ်ဆယ်သား သင်္ဂြိုဟ်စရိတ်ပေးထားပြီပဲ"

"ရွှေတစ်ဆယ်သားက ဘာလုပ်မှာလဲ၊ သွေးသွေးချင်း၊ အသက်အသက်ချင်း တန်ပြန်လျော်ရမယ်၊ သူတို့ဆီက အသက်တန်

ဖိုး ပြန်လျော်ပေးရမယ်"

"ယူလီခွန် သိပ်လည်းဒေါသကြီးမနေနဲ့ဦး၊ မင်းနဲ့ရင်ဆိုင်ရတဲ့လူတွေ ဘယ်သူတွေလဲဆိုတာကော သိရဲ့လား"

ယူလီခွန် အနည်းငယ် ကြောင်သွားသည်။ သို့သော် တစ်ခဏမျှသာ။ ချက်ချင်းလိုလိုပင် ပြန်ဖြေသည်။

"ဘယ်သူတွေပဲဖြစ်ဖြစ် ကျွန်တော် ဂရုမစိုက်ဘူး၊ ရင်ဆိုင်မှာပဲ"

"ကောင်းပြီ ... ဒါဖြင့်ရင်လည်း မင်းလက်ထဲမှာကိုင်ထားတဲ့ ရွှေပြားရဲ့ကျောမှာ စာလုံးနှစ်လုံးပါတယ်၊ အဲဒါကို ဖတ်ကြည့်စမ်း"

ယူလီခွန်သည် ရွှေပြား၏ကျောခွဲ ရေးထားသည့် ထန်ဆက်ဟူသော စာလုံးနှစ်လုံးကို တွေ့သွား၏။ မျက်နှာလည်း ဖြူဖတ်ဖြူရော် ဖြစ်သွားသည်။ တစ္ဆေတစ်ကောင်ကို တွေ့လိုက်ရသူနှယ် သွေးလေချောက်ချားသွားသည်။

"သူ ... သူတို့က ထန်ဆက်ဘွန်ဂိုဏ်းကလား"

သေရမှာမကြောက်သောသူလည်း ယခုတော့ အနည်းငယ်ကြောက်သွားပေပြီ။

ထက်ကျင်က ခပ်အေးအေးပြော၏။

"အမှန်ပဲ၊ ထန်ဆက်ဘွန်ဂိုဏ်းက သင်ခန်းစာပေးသွားပြီ၊ မင်းက သူတို့နောက် အရိပ်ထည့်ပေးလိုက်တယ်၊ အဲဒီအရိပ်ကို သူ



တို့က သတ်သွားပြီ၊ မင်းက ဘယ်လိုများ လက်စားချေဦးမလို့လဲ၊ မင်းလူနှစ်ဆယ့်လေးယောက်ရဲ့ အသက်တွေကို ထပ်ပြီးအလှူပေးချင်သေးလို့လား"

ယူလီခွန်မှာ စိတ်ထဲ၌ မချိမဆံ့ခံစားနေရတော့သည်။ ထန်ဆက်ဘွန်ဂိုဏ်းကိုတော့ သူ့အနေဖြင့် မည်သို့မျှ မယှဉ်နိုင်ကြောင်း ယူလီခွန် ကောင်းစွာသိနေသည်။

ထက်ကျင်က တစ်ချက်ပြုံးလိုက်၏။

"ငါတို့နှစ်ယောက် ကျိုဇုန်ဝါရဲ့ကပွဲရုံနဲ့ မျက်နှာချင်းဆိုင်မှာ ဘာဖြစ်လို့ သီချင်းလာဆိုကြသလဲဆိုတာ မင်းရိပ်မိရဲ့လား"

ယူလီခွန် မဖြေတတ်ပေ။ သူ့ဦးနှောက်ကလည်း ဉာဏ်မျှ ထက်မြက်မှုမရှိပေ။

ထို့ကြောင့် ငြိမ်၍နားထောင်နေသည်။

"ငါတို့ဟာ ထန်ဆက်ဘွန်ဂိုဏ်းရဲ့ အဆက်အသွယ်တွေကို လာရှာတာပဲ၊ တကယ်တော့ မြွေလောင်ဟိုးဟာ ငါတို့အတွက် ကြားထဲက စားစာခံဖြစ်သွားရတာပဲ"

ထက်ကျင်အနေဖြင့် မြွေလောင်ဟိုး၏ နောက်ကျောမှစာကို ယူလီခွန်အား ထုတ်ပေးလိုက်ပါက ယူလီခွန် ကောင်းကောင်းကြီး သဘောပေါက်သွားမည်ကို နားလည်ပါ၏။

သို့သော် ထန်ဆက်ဘွန်ဂိုဏ်း၏ နက်ရှိုင်းသော ရန်ငြိုးရန်စ

ကို ယူလီခွန်အား အသိမပေးလိုသဖြင့် စာကိုထုတ်မပြခြင်းဖြစ်သည်။

"ငါနဲ့ ကျင်ရန်ရှာဟာ ကျိုဝှန်ဝါနောက်ကိုလိုက်ပြီး သဲလွန်စရှာရမယ်၊ အခု သဲလွန်စတစ်ခုတော့ တွေ့ပြီ၊ ဒီကောင်ဟာ ဒုတိယပိုင်း ပွဲတစ်ဝက်လောက်မှာ ကျိုဝှန်ဝါ ပွဲရုံထဲကနေ ဒီဘက်ကိုကူးလာတဲ့ကောင်လို့ မင်းပဲပြောခဲ့တယ်မဟုတ်လား"

ယူလီခွန်သည် ယေဘုယျအားဖြင့် ကျင်ရန်ရှာတို့ ထန်ဆက်ဘွန်ဂိုဏ်းနောက်သို့ လိုက်နေကြောင်း သဘောပေါက်သွားသည်။

သူက အားတက်သရောပြောသည်။

"သခင်ကြီးထက်ကျင်နဲ့ လုံမလေးကျင်ရန်ရှာတို့က ဒီမကောင်းဆိုးဝါး အောက်လမ်းဂိုဏ်းနောက်ကို လိုက်နေပြီဆိုရင် ကျွန်တော်က ဘာကိုကြောက်နေရတော့မှာလဲ၊ ကပွဲရုံထဲမှာ ရွှေတွဲလေးပေးခဲ့တဲ့ သဏ္ဍာဝါကို ကျွန်တော် ကောင်းကောင်းကြီး မှတ်မိထားတာပဲ၊ သူလာပါစေ ဒီတစ်ခါ ပွဲကြီးပွဲကောင်းပဲ"

ထက်ကျင်က ...

"ဒီပုံစံအတိုင်းဆိုရင် ဒီလူကို တို့ တစ်ကြိမ်တစ်ခါမှ မမြင်ဖူးဘူးဆိုတာ သေချာနေတာပေါ့"

"အခုပုံစံအတိုင်းဆိုရင် ဒီလူကို ဒီတစ်ခါပဲ ပထမဆုံးအကြိမ်တွေ့မြင်ဖူးတာ ဖြစ်ပါလိမ့်မယ်"

"အေးလေ ... မင်းတို့အနေနဲ့တော့ ဒါဟာ ပထမဆုံးအကြိမ်ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ငါတို့သီဆိုတီးမှုတ်ပွဲတွေလုပ်တာ ခုမှနှစ်ညပဲ ရှိသေးတာကိုး၊ ဒါပေမဲ့ ဒီလူ ကျိုဝှန်ဝါရဲ့ကပွဲရုံကိုတော့ အမြဲတမ်းသွားမှာ သေချာတယ်"



"ကျိုဝှန်ဝါရဲ့ ကပွဲရုံထဲမှာလည်း ကျွန်တော်တို့လူတွေ အမြဲတမ်းရှိနေတာပဲ၊ ဒီလူကို သူတို့မြင်ဖူးပုံမရဘူး"

ထိုအချက်ကို ထက်ကျင်က လွယ်ကူစွာပင် ဖြေရှင်းနိုင်သည်။

"အဲဒီလူဟာ ကျိုဝှန်ဝါရဲ့ကပွဲရုံကို အမြဲတမ်းလာရမယ်၊ ဒါပေမဲ့ တစ်ပုံစံတည်းလာတာ မဟုတ်ဘူး၊ တစ်နေ့တစ်မျိုး ရုပ်ပြောင်းလာရမယ်၊ ဒါကြောင့် မင်းလူတွေ မျက်မှန်းမတန်းမိတာပဲ"

ယူလီခွန် သဘောပေါက်သွားသည်။

"ကျွန်တော် နားလည်ပါပြီ၊ ဒီလူဟာ ကျိုဝှန်ဝါရဲ့ အဆက်အသွယ် လာလုပ်တဲ့လူပဲပေါ့၊ ဒါဆိုရင် ကျွန်တော်တို့ ကျိုဝှန်ဝါကို အပိုင်ကိုင်ရုံပဲ၊ ငါလိုချင်တာ ဒီအချက်ပဲ၊ မြွေလောင်ဟိုးကို သတ်သွားတဲ့လူဟာ ကျိုဝှန်ဝါနဲ့ ဆက်နေတဲ့လူ မုချဖြစ်ရမယ်၊ ကျိုဝှန်ဝါ ဘယ်မှာနေသလဲ၊ ဘယ်သူတွေနဲ့ အတူတူနေသလဲ၊ ဒါလောက်တော့ မင်းသိလိမ့်မယ်နဲ့ တူတယ်"

ယူလီခွန် မျက်နှာအနည်းငယ်ရဲသွားသည်။

သူသည် ကျိုဝှန်ဝါအား သာမန်သိချင်းသည်မတစ်ယောက်

အဖြစ်သာ သဘောထားသဖြင့် မည်သည့်အခါကမျှ စုံစမ်းစစ်ဆေးခြင်း မပြုခဲ့ပေ။

ထက်ကျင်သည် သူနှင့်ပတ်သက်သူများအား အမြတ်မ်းနားမျက်စိဖွင့်ထားရန် တိုက်တွန်းလေ့ရှိခဲ့သည်။ ယူလီခွန်အားလည်း တိုက်တွန်းခဲ့သည်သာ ဖြစ်၏။ ယခု ယူလီခွန်သည် ကျီဝှန်ဝါနှင့်ပတ်သက်၍ ရေရေရာရာပြောနိုင်ခြင်း မရှိတော့ပေ။

"အရင်တုန်းကတော့ တည်းခိုဆိုင်မှာနေတာပဲ၊ နောက်ပိုင်းကြားရတဲ့သတင်းကလည်း သိပ်မရေရာပါဘူး၊ အမတ်ကြီးတစ်ဦးရဲ့ အိမ်တော်တာဝန်ခံတစ်ဦးနဲ့ ဆက်သွယ်မိသွားပြီး သီးခြားအိမ်တစ်လုံးမှာ နေသလိုလို ကြားပါတယ်"

"အဲဒီအိမ်က ဘယ်မှာရှိသလဲ"

"ဟိုလီအူတုံမှာရှိပါတယ်၊ တကယ်ရှိတယ် မရှိဘူးဆိုတာတော့ အတပ်မပြောနိုင်ပါဘူး"

ယူလီခွန် မျက်နှာအောက်ချ၍ ပြောလေ၏။ ထက်ကျင်သည် အနည်းငယ်စဉ်းစားပြီးနောက် ...

"ကောင်းပြီ၊ မင်း လူတစ်ယောက်ယောက်ကို မြွေလောင်ဟိုးရဲ့အလောင်းကို သင်္ဂြိုဟ်လိုက်ပါစေ၊ မင်းကတော့ ငါတို့နဲ့လိုက်ခဲ့၊ ဟိုလီအူတုံက ကျီဝှန်ဝါဆီ သွားကြမယ်"

ယူလီခွန်သည် လေတစ်ချက်ချွန်လိုက်ရာ ဝတ်စုံနက်ဝတ်



ဆင်ထားသူတစ်ဦး ဖြစ်လာ၏။ ယူလီခွန်က ထိုလူအား တီးတိုးတီးတိုး ပြောသည်။ ထိုလူ၏လက်ထဲသို့လည်း ရွှေတွဲကို ထည့်ပေးလိုက်သည်။ ထို့နောက် ထက်ကျင်ရှိရာသို့ ပြန်လာပြီး အစီရင်ခံသည်။

"သခင်ကြီးထက် ... မြွေလောင်ဟိုးကိစ္စကတော့ ပြီးပါပြီ၊ ကျွန်တော်တို့လူတွေ ကြည့်ပြီးဆောင်ရွက်ကြပါလိမ့်မယ်"

"ကောင်းတယ်၊ ငါတို့ ကျီဝှန်ဝါရဲ့အိမ်ကိုသွားမယ်၊ ဟိုရောက်လို့ ဒေါသဖြစ်စရာကြုံရင် စိတ်ကိုထိန်းထားပါ၊ ငါမလှုပ်ရှားဘဲနဲ့ မင်းဘာမှမလှုပ်ရှားပါနဲ့"

"စိတ်ချပါ ဆရာ၊ သခင်ကြီးမလှုပ်ရှားခင် ကျွန်တော်လှုပ်ရှားရင် ကျွန်တော့်လောက်မိုက်တဲ့လူ ရှိပါဦးမလား"

"အေး ... အဲဒီလိုနားလည်ထားရင် ပြီးတာပဲ"

ထက်ကျင်သည် ယွန်ချောချော၏လက်မောင်းကိုဆွဲ၍ မြင်းလှည်းကို အချိန်အတော်ကြာ မောင်းနှင်ရသည်။

ထက်ကျင်က ယူလီခွန်အား လှမ်းမေး၏။

"ထန်ချောင်က ပွဲရုံကို ကျီဝှန်ဝါ ဘာနဲ့လာသလဲ"

"မြင်းရထားနဲ့ပါ၊ သူလာရင် အမြဲတမ်း လိုလိုခြံခြံလာပါတယ်"

"သူတို့လာရင် ဘယ်နှစ်ယောက်လာသလဲ၊ အခြွေအရံတွေ တော်တော်များများ ပါသလား"

"မပါပါဘူး ... နှစ်ယောက်တည်းပါ"

"အဖော်က ဘယ်သူလဲ"

"သူ့သီချင်းကိုတီးခတ်ပေးတဲ့ စောင်းဆရာကြီးပဲလေ၊ ဒါပေမဲ့ ဒီအဘိုးကြီးရဲ့လက်သံက သခင်ကြီးရဲ့လက်သံကိုမမီဘူးလို့ ပရိသတ်က အဆုံးအဖြတ်ပေးသွားပါပြီ"

"မြင်းရထားပေါ်မှာ သူတို့နှစ်ယောက်တည်း ပါတာပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်၊ မြင်းရထားမောင်းသမားကတော့ သတ်သတ်ပေါ့"

"အေး ... နောင် မင်းစောင့်ကြည့်မယ်ဆိုရင် အဲဒီမြင်းရထားမောင်းသမားကိုပါ စောင့်ကြည့်ပေါ့"

"ဟုတ်ကဲ့ ... စောင့်ကြည့်ပါ့မယ်"

သူတို့ စကားပြတ်သွားပြီးနောက် ဟိုလီအူထုံသို့ ရောက်ရှိစေရန် အတန်ကြာ မောင်းနှင်နေရတော့သည်။

ထက်ကျင်က ...

"ယူလီခွန် ရောက်ပြီလား"

"ဟိုလီအူထုံကိုတော့ ရောက်ပါပြီ၊ ဒါပေမဲ့ ကျိုဇုန်ဝါရဲ့အိမ်ကို ကျွန်တော်မသိသေးဘူး၊ သခင်ကြီးထက်တို့ ဒီမှာခဏစောင့်ပါ၊ ကျွန်တော် စုံစမ်းပြီးလာပြောပါ့မယ်"





"ကောင်းပြီ"

ယူလီခွန်သည် မြေခွေးတစ်ကောင်ကဲ့သို့ ပြေးထွက်သွားလေ၏။

ကွမ်းတစ်ယာညက်ခန့် ကြာသောအခါ ယူလီခွန် ပြန်ရောက်လာ၏။

ထက်ကျင်သည် နေပြည်တော်၌ အခြေတကျနေထိုင်ပါလျက် နားကန်းမျက်စိကန်းဖြစ်နေသော ယူလီခွန်အား စိတ်ဆိုးနေမိ၏။

သို့သော် သူ့ဒေါသကို မျက်နှာ၌မပေါ်အောင် ထိန်းချုပ်ထားသည်။

"ဘယ်လိုလဲ ... ထန်ချောင်ရဲ့မြေကြွက်ကြီးဟာ ကိစ္စတစ်ခုပေါ်မှ တစ်ခါပြေးစုံစမ်းရ လုပ်နေရသလား၊ ဒီလိုဆိုရင် မင်း အလုပ်လုပ်ဖို့တော့ အတော်ခက်ဦးမှာပဲ"

ယူလီခွန်မှာ မျက်စိမျက်နှာပျက်သွားသည်။

"ကျွန်တော့်အပြစ်ပါပဲ သခင်ကြီး၊ ဒါပေမဲ့ အခုတော့ စုံစမ်းလို့ရခဲ့ပါပြီ"

"ကျိုဇုန်ဝါ တကယ်ရှိနေသေးလား"

"တကယ်ရှိနေပါတယ်"

"ဘယ်သူတွေ သူနဲ့အတူ ရှိနေသလဲ"

"အခုလောလောဆယ်မှာတော့ သူနဲ့ ဗျပ်စောင်းပေါ်တဲ့ သူ့ တွဲဖက်အဘိုးကြီးပဲ ရှိပါတယ်"

"ကောင်းတယ် ... ဒါဆိုရင် သွားကြစို့"

ယူလီခွန်သည် မြင်းလှည်းပေါ်တက်၍ မြင်းလှည်းမောင်း ပြန်သည်။

မကြာမီ ခြံဝင်းကျယ်ကြီးတစ်ခုရှေ့သို့ ရောက်လာလေသည်။

ဤနေရာ၌ လူကုံထံများ နေထိုင်ကြသည်။

သီချင်းသည်မတစ်ယောက်အနေဖြင့် ဤရပ်ကွက်မျိုး၌ နေထိုင်နိုင်မည်မဟုတ်ပေ။ သူမနှင့်ပတ်သက်သူတစ်ဦးဦးသည် လူကုံထံတစ်ဦးဦးဖြစ်မှသာ ဤရပ်ကွက်မျိုး၌ နေထိုင်နိုင်ပေလိမ့်မည်။

ယူလီခွန်သည် မြင်းဇက်ကြိုးကို တုံ့ခနဲဆွဲပြီးနောက် မြင်းလှည်းပေါ်မှ ခုန်ဆင်းလိုက်၏။ ခြံဝင်းကျယ်ကြီးအတွင်းသို့ဝင်ရန် လှမ်းပြင်နေသည့် ယူလီခွန်အား ထက်ကျင်က ခပ်တိုးတိုးခေါ်လေ၏။

"ယူလီခွန် လာဦး"

ယူလီခွန်၏ခြေလှမ်းများ တုံ့ခနဲဖြစ်သွားပြီးနောက် မြင်းလှည်းရှိရာသို့ ပြန်လှည့်လာ၏။

"သခင်ကြီးထက် ... ဘာများမှာစရာရှိလို့ပါလဲ"



"ရော့ ... ဒါယူသွားပေးလိုက်"

ထက်ကျင် လှမ်းပေးသည့်အရာမှာ ကတ်ပြားလေးတစ်ခု ဖြစ်သည်။

ကတ်ပြားပေါ်၌ သီချင်းသည်မလေး ကျင်ရန်ရှာဟူသော အမည်နှင့် စောင်းဆရာကြီး ထန်လီအူဟူသောအမည်များ ရေးထိုးထား၏။

ယူလီခွန်သည် ခြံတံခါးကို တွန်းဖွင့်၍ဝင်သွား၏။ ခြံတံခါး၌ အစောင့်တစ်ယောက်မျှမရှိပေ။ ထက်ကျင်က စိတ်ထဲ၌ တွေးနေသည်။

"ခြံတံခါးမှာ အစောင့်မထားတာတော့ သူ့ကို သံသယကင်းအောင် တမင်လုပ်တာပဲ၊ ကျိုဝှန်ဝါဟာ အင်အတန်ထက်မြက်တဲ့ အဆက်အသွယ်ကောင်းတစ်ယောက် ဖြစ်လိမ့်မယ်"

ယူလီခွန်သည် ခြံဝင်းကွက်လပ်ကို ဖြတ်ကျော်လျက် အိမ်တံခါးမကြီးရှိရာသို့ ရောက်ရှိသွား၏။ အိမ်တံခါးမကြီးအား တခေါက်ခေါက် ခေါက်လိုက်သောအခါ ချက်ချင်းလိုလို တံခါးပွင့်သွားသည်။

တံခါးဖွင့်ပေးသူမှာ အဘိုးကြီးတစ်ယောက်ဖြစ်သည်။ အဘိုးကြီးသည် ထန်ချောင်၏ မြေကြွက်ကြီးဟု ထင်ရှားသော ယူလီခွန်အား ကောင်းစွာသိရှိ၏။

ထို့ကြောင့် ဦးညွှတ်ဂါရဝပြုပြီး ပဋိသန္ထာရစကား ပြော

ကြားလေသည်။

"ဆရာကြီးယူလီခွန်ပါလား၊ ဘယ်ကနေများ မျက်စိလည် လမ်းမှားလာသလဲ၊ လမ်းကြုံလို့ ဝင်လာတာလား၊ အရေးကိစ္စရှိလို့ ဝင်လာတာလား၊ အထဲကိုကြွပါလားခင်ဗျာ"

ယူလီခွန်ကလည်း ပြန်လည်ဂါရဝပြုလေသည်။ ထိုအဘိုးကြီးသည် ကျိုဝှန်ဝါ၏တွဲဘက် ဗျပ်စောင်းဆရာကြီးဖြစ်သည်။

"ကျွန်တော် အထဲမဝင်တော့ပါဘူး ဆရာကြီးချို အကြောင်းရှိလို့ ဝင်လာတာပါ"

"အထဲမှာဝင်ပြောပါလား ဆရာကြီးယူလီခွန်"

"မဝင်တော့ပါဘူး၊ ခြံအပြင်မှာ ထန်ချောင်ကို အသစ်ရောက်လာတဲ့ သီချင်းသည်မလေး ကျင်ရန်ရှာနဲ့ သူ့တွဲဘက်စောင်းဆရာတို့က ချိတို့ကို ဂါရဝပြုချင်လို့ပါတဲ့၊ အဲဒါ လုံမလေးကျိုဝှန်ဝါကို အကြောင်းကြားပေးပါလား ခင်ဗျာ၊ ဟောဒီမှာ မိတ်ဆက်ကတ်ပြားပါ"

ဆရာကြီးချိုအမည်ခံ အဘိုးကြီး၏မျက်လုံးများသည် အရောင်တောက်ပသွား၏။ တစ်စုံတစ်ခုကို စဉ်းစားနေသည်။ ပြီးမှ ခပ်ဖြည်းဖြည်းပြော၏။

"ဘယ်လိုလဲဗျာ ... လုံမလေးကျင်ရန်ရှာနဲ့ စောင်းဆရာကြီး ထန်လီအူတို့ နှစ်ရက်တည်းနဲ့ အင်မတန်နာမည်ကျော်တဲ့သတင်း



ကို ကျုပ်တို့ကြားလိုက်ရပါတယ်၊ ကျုပ်တို့ကပွဲရုံတောင် ကျိုးနဲ့ ဖုတ်ဖုတ် ဖြစ်သွားခဲ့ပါတယ်၊ သူတို့က မထောက်မညှာ ကျုပ်တို့ကို လာပြီး သိက္ခာချဦးမလို့လားဗျာ"

ယူလီခွန်က ပျာပျာသလဲပြောလေ၏။

"ဟို ... ဒီလိုတော့ မဟုတ်ပါဘူး၊ ဒီလို မထင်မှတ်ပါနဲ့၊ ဒီဂေါ့စွမှာ အဓိကတရားခံကတော့ ကျုပ်ထန်ချောင်မြေကြွက်ကြီးပါ",

အဘိုးကြီးချိုမှာ နားမလည်နိုင်သလို ဖြစ်သွားသည်။

"ဘယ်လိုအဓိပ္ပာယ်များလဲဗျာ"

"လုံမလေးကျင်ရန်ရှာနဲ့ စောင်းဆရာကြီးထန်လီအူကို သွားခေါ်ခဲ့တာက ကျုပ်ပါ၊ ကျုပ်ဆိုတဲ့ကောင်ကလည်း ခင်ဗျားတို့သိတဲ့အတိုင်း ထန်ချောင်မှာ ဘယ်အပေါက်က ငွေရနိုင်သလဲဆိုတာ မျက်စိဒေါက်ထောက် ကြည့်နေတဲ့ကောင်ပါ၊ လုံမလေးကျိုဝှန်ဝါနဲ့ ခင်ဗျားတို့ သီချင်းဆိုပွဲက ဗိုက်ဆံသိပ်ရနေတာမြင်တော့ ကျုပ်လည်း သွားရည်ယိုလာမိတယ်၊ အဲဒါနဲ့ ဒီမှာ ရုံပွဲဖွင့်ရတဲ့အဆင့် ရောက်ရတော့တာပါပဲဗျာ"

ဆရာကြီးချိုသည် စိတ်ဝင်စားစွာ နားစိုက်ထောင်နေသည်။

"အင်း ... ဆရာကြီးယူလီခွန်ကတော့ အတော့်ကို ပွင့်ပွင့်လင်းလင်းပြောတာပဲ၊ ကျုပ်တို့ နည်းနည်းတော့ သဘောပေါက်လာပါပြီ"

"များများကို သဘောပေါက်စေရပါမယ်၊ သူတို့က ဧည့်သည်တွေပဲ၊ သူတို့ဆိုတာက လုံမလေးကျင်ရန်ရှာနဲ့ ထန်လီအူဆိုတဲ့ လူကို ပြောတာပါ၊ ညက လူဝင်ပုံအခြေအနေကိုကြည့်ပြီး သူတို့ စိတ်မကောင်းဖြစ်သွားကြတယ်၊ သူများထမင်းအိုး ရိုက်ခွဲသလိုဖြစ်သွားမှာကို သိပ်စိုးရိမ်သွားပါတယ်၊ အဲဒီအတွက် တောင်းပန်တာလည်း တောင်းပန်၊ အိမ်ရှင်ကို မိတ်ဆက်တဲ့အနေနဲ့လည်း မိတ်ဆက်ဖြစ်အောင် အခု ရောက်လာကြတာပါ"

"ဪ ... ဒီလိုလား"

"ဟုတ်ပါတယ်၊ ရော့ ... ဒီကတ်ပြားလေးယူသွားပြီး လုံမလေးကျိုဝှန်ဝါကို အကြောင်းကြားပေးပါလားဗျာ"

"ဟာ ... ဒီပစ္စည်းမလိုအပ်ပါဘူး၊ အခုလာတာကလည်း မိတ်ဖြစ်ဆွေဖြစ်ဆိုတော့ ဒီအတိုင်းသွားပြောပြလို့ ရပါတယ်"

"သူထွက်မတွေ့မှာ စိုးရိမ်လို့ပါဗျာ၊ သူ့စိတ်ထဲမှာ မကြည်မလင်ဖြစ်နေတာ အမှန်ပဲဗျ၊ ဒါလောက်တော့ ကျုပ်တို့တွေးတတ်ပါတယ်"

အဘိုးကြီးချိုက ဟက်ဟက်ပက်ပက်ရယ်ရင်း ...

"ဒါဆိုရင် ကျုပ်ရဲ့ လုံမလေးကျိုဝှန်ဝါကို သဘောထားသေးတယ်လို့ ခင်ဗျားပြောတာနဲ့ အတူတူပါပဲ၊ ကျုပ်ရဲ့လုံမလေးက ဒီသဘောထားမျိုး မရှိပါဘူးဗျ"



"လုံမလေးကျိုဝှန်ဝါ သဘောထားသေးတယ်လို့ ကျုပ်မဆိုဝံ့ပါဘူးဗျာ၊ ကျုပ်က လူတွေရဲ့ ဖြစ်တတ်တဲ့သဘောကို တွေးပြီးပြောတာပါ"

"ဟို လုံမလေးကျင်ရန်ရှာကလည်း အသံသိပ်ကောင်း၊ ရုပ်လည်းသိပ်ချော၊ ဟိုဆရာကြီးထန်ကလည်း သိပ်တော်တယ်လို့ ကျုပ်ကြားရတာပဲ၊ ကျုပ်တို့ထက် တော်တဲ့လူကို မနာလိုစရာ မရှိပါဘူးဗျာ၊ ကျုပ်တို့က အရေထူပြီးသားလူတွေပါ"

ယူလီခွန်က ဦးညွတ်ဂါရဝပြုလေ၏။

"ဟုတ်ကဲ့ ... ကျုပ်လည်း ဒီအတိုင်းပဲ ယုံကြည်ပါတယ်ခင်ဗျာ၊ ဒါပေမဲ့ ဒီကတ်ပြားလေးကိုတော့ ယူဖြစ်အောင်ယူသွားပေးပါ"

"ဟာ ... မယူပါဘူး၊ ဒီအတိုင်းသွားပြောပေးပါမယ်"

ယူလီခွန်က ဇွတ်အတင်းတားပြီး ...

"မိတ်ဆွေကြီး ဆရာကြီးချို ... ဒီကတ်ပြားဟာ ကျုပ်ကို ခင်ဗျားတို့ သိထားတာတွေထက် အများကြီးအဓိပ္ပာယ်လေးနက်မှုရှိပါတယ်၊ ဒီကတ်ပြားကြောင့် လုံမလေးကျိုဝှန်ဝါဟာ ကျုပ်ခေါ်လာတဲ့ ဧည့်သည်တွေကို မုချထွက်တွေ့မှာပါ၊ ဒါကြောင့်မို့ ဒီကတ်ပြားလေးကိုယူသွားဖို့ ကျုပ်က အတင်းပြောနေရတာပါ"

အဘိုးကြီးချိုသည် ယူလီခွန်အား မယုံသင်္ကာသောမျက်

လုံးများဖြင့် လှမ်းကြည့်၏။ ထန်ချောင်၏မြေကြွက်ကြီး အလွန်ညက်များသည်ကို သူလည်း သိထားပေလိမ့်မည်။

သူသည် ကတ်ပြားကိုလှမ်းကြည့်၏။ ကတ်ပြားသက်သက်မဟုတ်ကြောင်း သူရိပ်မိသည်။

"ကတ်ပြားပေါ်မှာ ဘာတွေရေထားသလဲ"

"နာမည်တွေပါ"

"ကတ်ပြားသက်သက်တော့ ဟုတ်မယ်မထင်ဘူး"

"ကျုပ်လည်း ပထမတော့ ကတ်ပြားသက်သက်လို့ အောက်မေ့တာပဲ၊ ဒါပေမဲ့ ကျုပ်လက်ထဲရောက်မှ ကတ်ပြားသက်သက်မဟုတ်မှန်း သိရတော့တယ်"

"ကတ်ပြားမဟုတ်ရင် ဘာလဲ"

ယူလီခွန်သည် ကတ်ပြားကို အဘိုးကြီးချီ၏လက်ထဲသို့ ထည့်ပေးလိုက်၏။

အဘိုးကြီး၏လက်ထဲသို့ ကတ်ပြားကြားထဲမှ ရွှေတွဲတစ်တွဲ ကျသွားသည်။ ထိုရွှေတွဲသည် ကျင်ရန်ရှာ၏ ကပွဲအပြီး သူဌေးသားနှင့်တူသူတစ်ဦးက ဆုပေးသွားသည့် ရွှေတွဲပင်တည်း။

အဘိုးကြီးချီသည် အလွန်တရာအံ့သြသွားပြီး အကြောက်အကန် ငြင်းဆန်လေတော့၏။

"ဒါက ဘာသဘောလဲဗျ ... ကျုပ်မယူဘူး"





"ခင်ဗျားကိုပေးတာမဟုတ်ဘူး ဆရာကြီးချီ၊ လုံမလေး ကျိုဝန်ဝါကိုပေးတာဗျ၊ ယူမှာသာ ယူသွားစမ်းပါ"

ယူလီခွန်က ဇွတ်အတင်းပေးနေသဖြင့် အဘိုးကြီးချီမှာ မငြင်းသာတော့ဘဲ ရွှေတွဲကိုယူ၍ အတွင်းခန်းသို့ ဝင်သွားရလေတော့၏။

❖ ❖ ❖

## အခန်း (၅၀)
## ကျားပျိုမလော သိုးငယ်လော

ထက်ကျင်သည် ယူလီခွန်အား မေးခွန်းထုတ်လိုက်သည်။

"ဒီအိမ်ကြီးထဲမှာ အဘိုးကြီးနဲ့ နှစ်ယောက်တည်းနေတယ်ဆိုတော့ အတော်အုံ့ဩစရာကောင်းတာပဲ၊ သူတို့ အမြဲပဲ အတူတူနေသလား"

ထက်ကျင်၏မေးခွန်းက အဓိပ္ပာယ်တစ်မျိုး သက်ရောက်သွားသဖြင့် ယူလီခွန်က ခပ်မြန်မြန်ပြန်ပြောသည်။

"သခင်ကြီးထက်ထင်သလို မဟုတ်ပါဘူး၊ အဘိုးကြီးဗျိုဟာ လုံမလေးကျိဝှန်ဝါရဲ့ ဆရာတပည့်ပါ၊ အဘိုးကြီးချိုက အစစအရာရာ အားလုံးကို သင်ကြားပေးနေတာပါ၊ ဒါလောက်တော့ ကျွန်တော်သိပါတယ်"

ထက်ကျင်က ဟက်ဟက်ပက်ပက် ရယ်လေ၏။

"တကယ်လို့သာ အဲဒီအဘိုးကြီးဟာ ကျန်ဝူးနယ်သားအမှန်ဖြစ်ရင်တော့ သူဟာ နှစ်ပေါင်းထောင်ချီပြီးကြာနေတဲ့ နာနာဘာဝ



မြွေခွေးအိုကြီး ဖြစ်မှာပဲ၊ နဂါးယောင်ဆောင်ရင် ချက်ချင်းနဂါးဖြစ်မယ့် လူ၊ ကျားယောင်ဆောင်ရင် ချက်ချင်း ကျားဖြစ်မယ့်လူပဲ၊ အဲဒီအဘိုးကြီးကို လျှော့တွက်လို့မရဘူး"

ယူလီခွန်က အရဲစွန့်ပြီး ထက်ကျင်အား ပြန်လှန်မေးခွန်းထုတ်လေ၏။

"သခင်ကြီးထက် ... ဒီအဘိုးကြီးချိုအကြောင်း အရင်ကကြားသိခဲ့ဖူးလို့လားခင်ဗျာ"

ထက်ကျင် မရယ်တော့ပေ။ တည်တည်ကြည်ကြည်ပြောသည်။

"အရင်က မကြားခဲ့ဖူးဘူး၊ မသိခဲ့ဖူးဘူး၊ ဒါပေမဲ့ သူနဲ့တွေ့ရင်တော့ စမ်းကြည့်ရမယ်၊ သူ့အမြီးကိုဆွဲမိရင်တော့ သူဘာကောင်လဲဆိုတာ ငါသိပါပြီ၊ သူအထဲဝင်သွားတုန်း မင်း ချက်ချင်းပြန်ထွက်သွားတာပဲလား၊ အိမ်ထဲကို နည်းနည်းပါးပါး အကဲမခတ်ခဲ့ဘူးလား"

"အကဲမခတ်ခဲ့ပါဘူး၊ ကျိဝှန်ဝါ အထဲမှာရှိနေပြီဆိုတာ သေချာတာနဲ့ သခင်ကြီးထက်နဲ့ လုံမလေးကျင်ကို လာခေါ်တာပါခင်ဗျာ"

"ခုလောက်ဆိုရင် သူတို့ တံခါးပေါက်က စောင့်နေလောက်ရောမယ်၊ ကဲ ... ချောချောရေ ... အိမ်ထဲဝင်ကြရအောင်"

ထက်ကျင်၊ ချောချောနှင့် ယူလီခွန်တို့ ခြံကွက်လပ်ကိုဖြတ်

ကျော်ပြီး လှေကားထစ်များကို တက်လာကြသည့်အခါ သာမန်အရပ်ဝတ်အရပ်စားအတိုင်း ဝတ်ဆင်ထားသည့် ကျိုဇန်ဝါကို အဆင်သင့်ပင် တွေ့ရှိလိုက်ကြရသတည်း။

ကျိုဇန်ဝါက ယူလီခွန်အား လေးလေးစားစားပင် နှုတ်ဆက်စကားပြောသည်။

"ဆရာကြီးယူလီခွန် ... ဘယ့်နှယ့် ရွှေတွဲကြီးပြပြီး မိတ်ဆက်ရတာလဲရှင်၊ ရိုးရိုးမိတ်ဆက်လာရင်လည်း ကျွန်မတို့က ရိုင်းပြတဲ့လူ မဟုတ်လို့ လက်ခံမှာပဲ၊ ရော့ပါ ... ဆရာကြီးယူလီခွန်ရဲ့ ရွှေတွဲနဲ့ ကတ်ပြားကို ပြန်လက်ခံပါရှင်"

ယူလီခွန်က ထက်ကျင်အား လှမ်းကြည့်၏။ ထက်ကျင်က ရွှေတွဲကိုပြန်ယူရန် မျက်ရိပ်ပြလိုက်သဖြင့် ရွှေတွဲကို လက်ခံယူလိုက်သည်။ ကျိုဇန်ဝါသည် ယူလီခွန်အား ရွှေတွဲလှမ်းပေးရင်း ယွန်ချောချောအား လှမ်းအကဲခတ်သည်။

"ဩော် ... ဒီလုံမလေးမဟုတ်လား ... ကျင်ရန်ရှာဆိုတာ"

ယွန်ချောချောက ရှက်ရွံ့အားနာဟန်ဖြင့် ခေါင်းညိတ်နှုတ်ဆက်သည်။

"ဟုတ်ပါတယ်ရှင် ... မမနာမည်က ကျိုဇန်ဝါမဟုတ်လား"

ကျိုဇန်ဝါက ပြုံးရင်း ...

"အဲဒီလိုတော့ မလျှောင်လိုက်ပါနဲ့ ညီမလေးရယ်၊ မမရဲ့



ကပွဲရုံထဲမှာ လူတစ်ယောက်မှမရှိတာနဲ့ မမလည်း မင်းတို့ပွဲရုံဆီ မလှမ်းမကမ်းက အကဲခတ်ခဲ့ပါတယ်၊ မမကိုယ်မမ သေမလောက်ရှက်သွားမိတာပဲ၊ မမကတော့ ညီမလေးဆီက ပညာယူဖို့ လာလည်မယ် စိတ်ကူးထားတာ၊ ဟော် ... အခုကြည့်စမ်း ... ညီမလေးတို့က မမဆီရောက်လာပြီ၊ အိမ်ရှင်က ဧည့်ဝတ်မကျေသလို ဖြစ်နေပါပြီ၊ ကဲ ... ဝင်ကြပါ၊ အထဲဝင်ကြပါ၊ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

ကျိုဇန်ဝါသည် ထက်ကျင်အား ဦးညွတ်ဂါရဝပြုပြီး ယွန်ချောချော၏လက်မောင်းကိုဆွဲကာ အိမ်ထဲသို့ အတင်းဆွဲခေါ်သည်။

ငယ်ပေါင်း ရင်းနှီးကျွမ်းဝင်သူများ ပမာပေတည်း။

အဘိုးကြီးသည် ထက်ကျင်နှင့် ယူလီခွန်တို့အား ဦးညွတ်ဂါရဝပြုပြီး ...

"အိမ်ထဲဝင်ကြပါခင်ဗျာ၊ အိမ်ထဲကြွကြပါခင်ဗျာ၊ ကျုပ်တို့တစ်တွေဟာ သူစိမ်းတွေမှမဟုတ်ဘဲ၊ အနုပညာညီနောင်ရင်းတွေပဲဥစ္စာ"

ဤသို့ဖြင့် ထက်ကျင်၊ ယွန်ချောချောနှင့် ယူလီခွန်တို့ သုံးယောက်စလုံး အိမ်ထဲသို့ရောက်ရှိသွားကြ၏။

ဧည့်ခန်းမှာ လွန်စွာသန့်ရှင်းသပ်ရပ်လှ၏။ အဆင်အပြင်မှာ လူကုံထံများ၏ အိမ်ခန်းအဆင်အပြင်အတိုင်း တင့်တင့်တယ်တယ်ရှိ

သည်။

အားလုံး ထိုင်ခုံအသီးသီး၌ ဝင်ထိုင်ကြသည့်အချိန်အထိ ယုလီခွန်သည် ရွှေတွဲကလေးကို လက်ထဲ၌ တဆဆကိုင်နေသည်။

အိမ်ဖော်မလေးတစ်ဦးသည် ရေနွေးကြမ်းကရားနှင့် ပန်းကန်လုံးများကို လင်ပန်းဖြင့်တင်၍ လာချပေးလာသည်။

ကျီဝှန်ဝါသည် ယုလီခွန်၏လက်ထဲမှ ရွှေတွဲနှစ်တွဲကို လက်ညှိုးထိုးပြပြီး ပြောသည်။

"ဒီရွှေတွဲပြဖို့ မလိုပါဘူးရှင်၊ လုံမလေးကျင်ရန်ရှာနဲ့ စောင်းဆရာကြီး ထန်လီအူကြွလာတယ်ဆိုရင် ပြီးတာပါပဲရှင်၊ ကျွန်မတို့ ထွက်တွေ့မှာပါ၊ ကျွန်မတို့က ဟိတ်ကြီးဟန်ကြီးမရှိပါဘူး"

ထက်ကျင်က ရယ်ပြီး ...

"လုံမလေး ကျီဝှန်ဝါ ... ဒီရွှေတွဲက တမင်ပြတာပါ၊ ဒီရွှေတွဲကို လုံမလေးကျီဝှန်ဝါ သိလိမ့်မယ်လို့ ကျုပ်ယူဆထားပါတယ်"

"ရှင် ... ကျွန်မက ဘာဖြစ်လို့သိရမှာလဲရှင့်၊ အဓိပ္ပာယ်မရှိတဲ့ စကား မပြောပါနဲ့"

"ရွှေပျံလွှားထက်ကျင်ဟာ အဓိပ္ပာယ်မရှိတဲ့စကားကို ဘယ်အချိန်ကမှ မပြောခဲ့ပါဘူး"

"ရှင်"

"ဟုတ်တယ် ... ကျုပ်ဟာ ရွှေပျံလွှားထက်ကျင်ပဲ"



ထက်ကျင်သည် သူရုပ်ဖျက်ထားသည့်အရာများကို ဖယ်ရှားပစ်လိုက်၏။

စောင်းဆရာကြီးထန်လီအူ မဟုတ်တော့ပေ။ ရွှေပျံလွှားထက်ကျင်၏ ရုပ်သွင်ပေါ်လာ၏။

ကျီဝှန်ဝါ ထိတ်လန့်သွားသည်။ သို့သော် သူမက ချက်ချင်း ဣန္ဒြေပြန်ဆည်နိုင်သည်။

"သြော် ... ရွှေပျံလွှားထက်ကျင်ကိုး၊ ဟုတ်ကဲ့ရှင့် ... ရွှေပျံလွှားထက်ကျင်ဆိုတဲ့နာမည်ကို သူ့ရဲကောင်းကြီးဆိုတဲ့ ဘွဲ့နဲ့အတူတွဲပြီး ကျွန်မတို့သိထားပါတယ်ရှင်၊ သူရဲကောင်းကြီးရွှေပျံလွှားဟာ ဓားသိုင်းပညာမှာ ထက်မြက်သလို စောင်းတီးပညာမှာလည်း ထက်မြက်ပါပေတယ်"

ထက်ကျင်က ရယ်လေ၏။

"ဒါတွေက အကြောင်းမဟုတ်ပါဘူးလေ"

"အကြောင်းမဟုတ်ဘူးလို့ ဘယ်ဟုတ်မလဲရှင်၊ ကျွန်မရဲ့ ဆရာဆိုရင် ကျွန်မနဲ့တွဲပြီး သီချင်းတွဲဆိုတီးခတ်ခဲ့တာ အတော်ကြာခဲ့ပါပြီ၊ အစပထမတော့ လက်သံသိပ်ကောင်းတယ်လို့ ထင်တာပါပဲ၊ သူရဲကောင်းကြီးရဲ့ လက်သံကို ကြားလိုက်ရတော့မှပဲ ကျွန်မဆရာရဲ့ ပညာဟာ သမုဒ္ဒရာကြီးကို မယှဉ်နိုင်တဲ့ မိုးစက်ပေါက်ကလေးလို ဖြစ်ခဲ့ရပါတယ်"

"ဥပမာပေးကောင်းလှပါတယ်၊ ကျုပ်က အဲဒီလောက် တော်တဲ့လူ မဟုတ်ပါဘူး"

"ကျွန်မတို့ ပရိသတ်အားလုံးကို ဆွဲထုတ်သွားနိုင်တာကို တော့ သူ့ရဲ့ကောင်းကြီး ငြင်းချက်ထုတ်လို့ မရနိုင်ပါဘူးရှင်"

ထက်ကျင်က အေးစက်စက်ရယ်ပြီး ...

"ကဲ ... အဓိပ္ပာယ်မရှိတဲ့စကားတွေ သိပ်မပြောဘဲ ခေတ္တ ရပ်လိုက်ကြရအောင်၊ လုံမလေးကျီဝှန်ဝါရဲ့ဆရာကို ခေတ္တခဏ လောက် ရှောင်နိုင်းလိုက်စမ်းပါ၊ ကျုပ်တို့ အဓိပ္ပာယ်ရှိတဲ့စကားတွေ ပြောကြမယ်"

ကျီဝှန်ဝါက ခပ်မာမာပြောလေ၏။

"သူ့ရဲ့ကောင်းကြီးရွှေပျံလွှား ... ရှင် ဘယ်လိုပြောလိုက်တာလဲ၊ ကျွန်မရဲ့ဆရာက စောင်းသမားသက်သက်ပါရှင်၊ မစော်ကားပါနဲ့"

ထက်ကျင်က လှောင်ပြုံးပြုံးလိုက်၏။

"အေး ... စိတ်ထဲမှာတော့ အဲဒီလိုမထင်ဘူး၊ မထင်လို့ လည်း အခုလိုရှောင်နိုင်းတာပဲ၊ လုံမလေးအနေနဲ့ အေးအေးဆေးဆေး စကားပြောချင်ရင် သူ့ကိုရှောင်နိုင်းလိုက်ပါ၊ ကျုပ် ဒါပဲပြောချင်တယ်"

ယူလီခွန်သည် အဘိုးကြီးချီ၏လက်ကိုဆွဲကိုင်ကာ မထိ တထိ ထလေ၏။



"ကဲ ... ဆရာကြီးချီ ... ခင်ဗျားတပည့်မလေးနဲ့ သခင်ကြီး ထက်တို့ လွတ်လွတ်လပ်လပ် စကားပြောပါစေဗျာ၊ ကျုပ်ကို ခင်ဗျား တို့ပန်းခြံထဲက ပန်းပင်တွေလိုက်ပြမလား၊ ခင်ဗျားတို့ခြံဝင်းကို လှေ လာစမ်းပါရစေ၊ အမှန်တော့ သခင်ကြီးထက်ဟာ ခင်ဗျားတို့ရဲ့ စီးပွား ပြိုင်ဘက် မဟုတ်ပါဘူးဗျာ၊ ဒါကို ခင်ဗျားလည်း သိချင်သိမှာပါ၊ ကဲ ... လာ ... လာ ... ကျုပ်ကို ခင်ဗျားခြံထဲသာ လိုက်ပြပါတော့"

အဘိုးကြီးချီသည် မသက်သာသောမျက်နှာထားဖြင့် ကျီ ဝှန်ဝါကို လှမ်းကြည့်လိုက်သည်။ ကျီဝှန်ဝါက မျက်နှာကလေးအိုအို ဖြင့် ခေါင်းညိတ်ပြသောအခါမှ အဘိုးကြီးချီ ထလိုက်သွားသည်။

ထက်ကျင်၊ ယွှန်ချောချောနှင့် ကျီဝှန်ဝါတို့သည် ယူလီခွန်နှင့် အဘိုးကြီးချီတို့၏ ကျောပြင်ကို စိုက်ကြည့်နေကြသည်။ ထိုသူနှစ် ယောက် ပျောက်ကွယ်သွားသောအခါမှ ကျီဝှန်ဝါက ပြုံးချိုစွာမေး လေ၏။

"ကဲ ... သူ့ရဲ့ကောင်းကြီးရွှေပျံလွှား ... ဘာများပြောချင်လို့ ပါလဲရှင်"

ကျီဝှန်ဝါကား ဝါရင့်သီချင်းသည်မ ဖြစ်သည့်အတွက် မျက် နှာပေးကောင်းလှ၏။ ပြုံးချိုနေသော သူမ၏မျက်နှာထားက သူမ အား အထင်မှားစရာအကြောင်းအရာဟူ၍ မြူမှုန်မျှပင် မဖြစ်ပေါ် စေပေ။

ထက်ကျင်သည် ဇေလည်ကြောင်ပတ် မလုပ်တတ်ပေ။ ခပ်ရှင်းရှင်း ဆက်ဆံတတ်သူဖြစ်၍ ခပ်ရှင်းရှင်းပင် ပြောလေသည်။

"ကျီဝှန်ဝါ ... ကျုပ်တို့ မင်းတို့ဟာ မြွေတွေပဲ၊ မြွေမြွေချင်း ခြေမြင်တတ်ကြတယ်ဆိုတာလည်း အမှန်ပဲ၊ အခု မင်းလုပ်နေတဲ့ အမူအရာတွေကို လုပ်ပြမနေပါနဲ့တော့၊ ငါကလည်း မင်းကို လူကြမ်း အမူအရာတွေ လုပ်မပြပါရစေနဲ့တော့"

"ရှင် ... ကျွန်မက ဘာတွေအမူအရာလုပ်နေလို့လဲ"

ထက်ကျင် ဒေါသထွက်လာသည်။ မျက်နှာတစ်ပြင်လုံး တင်းမာခက်ထန်လာသည်။ သူ့မျက်နှာ၌ လူသတ်လိုသည့်အရိပ်အငွေ့များ ယှက်သန်းနေကြောင်း ကျီဝှန်ဝါတွေ့မြင်လာလေသည်။

ဟန်ဆောင်သည့်အတတ်ပညာတွင် ထက်ကျင်က သူမထက်တော်ကြောင်း၊ ကျွမ်းကျင်ကြောင်းကို သိချင်းသည်မလေး ကျီဝှန်ဝါ မသိရှာပေ။

ထက်ကျင်သည် ယူလီခွန်မထွက်ခွာမီက လှမ်းယူထားသည့် ရွှေတွဲကို လက်ဖြင့်ဖျစ်ညှစ်ဆုပ်ကိုင်ပြသည်။

ရွှေတွဲသည် ထက်ကျင်၏လက်ထဲ၌ ရွှေတုံးဘဝသို့ ရောက်ရှိသွားလေ၏။ စင်စစ် ရွှေဆိုသည့်အရာကား မာကျောသောသတ္တု မဟုတ်ပါ။ သာမန်သိုင်းသမားလည်း ထက်ကျင်လုပ်သလို လုပ်ပြနိုင်သည်သာ ဖြစ်ပါ၏။



ကျီဝှန်ဝါ၏ မျက်နှာအမူအရာမှာ ချက်ချင်းပြောင်းလဲသွား၏။ ကြောက်ရွံ့သည့် အရိပ်သဏ္ဌာန်များ သူမ၏မျက်နှာပေါ်၌ ပေါ်ထွက်လာသည်။

"ရှင် ... ရှင် ဘာလိုချင်လို့လဲ"

"ကျုပ်ပြောဖို့လိုသေးလို့လား"

"ရှင်မပြောဘဲ ကျွန်မ ဘယ်သိမလဲ"

"ကျုပ်လာရှာတာ ဟောဒီရွှေတွဲရဲ့ အရှင်သခင်ပဲ"

ကျီဝှန်ဝါသည် ထက်ကျင်နှင့် တွေ့ဆုံဆက်ဆံခဲ့ရာတွင် ရွှေတွဲကို ဆုပ်ခြေပြသည့်အခါ၌သာ မျက်နှာပျက်ခဲ့သည်။ ယခုတစ်ခါ မျက်နှာပျက်သွားပြန်သည်။ သည်တစ်ကြိမ်ကား မျက်နှာတစ်ပြင်လုံး သွေးဆုတ်ဖြူရော်သွားသည်အထိ မျက်နှာပျက်သွားခဲ့ရှာလေ၏။

သို့သော် သူမသည် တတ်နိုင်သမျှ ဣန္ဒြေပြန်ဆည်လိုက်သည်။

သူမ၏မျက်လုံးများသည် ရွှေတုံးကလေးကို မကြည့်မိအောင် ရှောင်သည်။

သည်ရွှေတုံးကို ကြည့်မိပါက ပျက်နေသည့်မျက်နှာကို ပြန်၍ ပြင်ရန် ခက်ခဲလှပေသည်။

"သူရဲကောင်းကြီးရှင့် ... ဒီရွှေတွဲဟာ ကျွန်မနဲ့ ဘာဆိုင်သ

လဲရှင်၊ ဒီရွှေတွဲကို ကျွန်မပေးတာလည်း မဟုတ်၊ ပေးတဲ့လူကို ရှင်တို့ လိုက်ရှာသင့်ပါတယ်"

"ဟား .. ဟား .. ဟား .. ထက်ကျော်ကို ဒီလိုဖြီးဖြန်းလို့ ရလိမ့်မယ်လို့ မင်းထင်ထားတယ်ဆိုရင်လည်း အဲဒီအထင်ကို ဖျောက်ဖျက်ပစ်လိုက်ပါ၊ ရွှေပျံလွှားဟာ သိပ်မကြွားချင်ဘူး၊ ဒါပေမဲ့ လိုအပ်တယ်ဆိုရင်တော့ သူများမျက်ခုံးမွေးပေါ် စကြိုလျှောက်ခဲ့တယ်ဆိုတာတွေကို ရက်ပေါင်းတစ်ထောင်တိတိ မင်းကိုပြန်ပြောပြနိုင်ပါတယ်"

ကျီဇုန်ဝါ သက်ပြင်းချလိုက်သည်။

ထိုသက်ပြင်းက သူမ အလျှော့ပေးလိုက်ပြီဆိုသည့်အချက်ကို သက်သေပြပေသည်။

"ကျွန်မဟာ ကြိုးဆွဲဆရာ မဟုတ်ပါဘူးရှင်၊ ကျွန်မက အရုပ်ပါ၊ ရုပ်သေးပါ၊ သူများကြိုးဆွဲရာ ကရတဲ့လူပါ၊ သူများခိုင်းတာ လုပ်ရတဲ့သူပါ"

"ဒါကိုရိပ်မိလို့ မင်းဆီကို လာခဲ့တာပဲ"

"ဘာအကြောင်းထူးမှာလဲဟင်"

"ထူးတာပေါ့၊ ဆင်ကောင်ကြီးကိုရှာချင်ရင် ပထမ ခြေရာကိုလိုက်ရတယ်၊ အခု ခြေရာကိုလိုက်တဲ့သဘောပါပဲ"

"ဒါကတော့ ကျွန်မကို အကျပ်ကိုင်တာပဲရှင်၊ ကျွန်မက



ဘာတတ်နိုင်မှာလဲ"

"ကျုပ်က မင်းမတတ်နိုင်တာကို မမေးဘူး၊ မင်းတတ်နိုင်တာကိုပဲ မေးမယ်"

"အဲဒီလိုဆိုရင်တော့ ကျွန်မ သိပ်ဝမ်းသာပါတယ်ရှင်၊ ကျွန်မက ဘာမှသိပ်သိတာမှမဟုတ်ဘဲ၊ မေးပါ ... ကျွန်မသိတာ ဖြေပါ့မယ်"

"ကောင်းပြီ ... ဒီရွှေတွဲပိုင်ရှင်ကို မင်းသိချင်မှသိမယ်၊ ဒါပေမဲ့ ဒီရွှေတွဲပိုင်ရှင် ဘယ်သူဖြစ်တယ်ဆိုတာသိနိုင်တဲ့ လူတစ်ယောက်ရှိတာတော့ မင်းသိမှာပါ၊ အဲဒီလူ ဘယ်သူလဲဆိုတာကို ပြောပြပါ၊ မင်းလည်း အာပတ်လွတ်ပါတယ်"

ကျီဇုန်ဝါ မချိပြုံးပြုံးလေ၏။

"မေးမှမေးရက်ပါပေ့ရှင်"

"ဘာလဲ... မင်း မပြောရဲပြန်ဘူးလား"

"ဘယ်လိုပြောရဲမှာလဲရှင် ... ကျွန်မက ရှင့်ကို တစ်ခုပြောပြလိုက်ပြီဆိုပါတော့၊ ကျွန်မ လူ့လောကမှာ ဆက်အသက်ရှင်နေခွင့် ရလိမ့်မယ်လို့ ရှင်ထင်နေသလား"

ထက်ကျော်က ကျီဇုန်ဝါ၏မျက်လုံးကို စူးစူးစိုက်စိုက်ကြည့်သည်။ ကျီဇုန်ဝါကလည်း ရဲရဲရင့်ရင့်ပင် ပြန်ကြည့်သည်။

"ဒီလောက်တောင် အဖြစ်ကဆိုးနေသလား"

ကျီဝှန်ဝါက ခြောက်သွေ့စွာပြော၏။

"ရှင့်လက်ထဲမှာသေရင် ဓားနဲ့တစ်ချက်တည်း အထိုးခံ အခုတ်ခံရပြီး သေနိုင်တယ်၊ သူတို့လက်ထဲမှာ အဲဒီလို မသေနိုင်ဘူး ရှင့်၊ ကျွန်မခံစားရမယ့်ဝေဒနာကို ကျွန်မ မစဉ်းစားရဲဘူး၊ ဒါဆိုရင် ရှင် နည်းနည်းလောက် သဘောပေါက်ကောင်းပါရဲ့"

ထက်ကျင်သည် ကျီဝှန်ဝါကို သနားသွား၏။ ပထမပိုင်း၌ ရက်စက်စွာညှဉ်းပန်းပြီး မေးမြန်းမည်ဟု ကြံစည်ထားခဲ့သည်မှာ အမှန်ပင်။

သို့သော် သူမ၏ သနားစဖွယ်မျက်နှာလေးကို တွေ့မြင်ရသည့်အခါတွင်မူ ထိုစိတ်အကြံသည် အလိုလိုပျက်ပြယ်သွားရလေ၏။

ထက်ကျင်သည် စဉ်းစဉ်းစားစားမေးလေ၏။

"ကျီဝှန်ဝါ ... ကျုပ်စိတ်ပြောင်းသွားပြီ၊ မင်းကို အတင်းအဓမ္မ မမေးတော့ပါဘူး"

ကျီဝှန်ဝါက ကျေးဇူးတင်သော၊ အားကိုးသော အကြည့်ဖြင့် ကြည့်ကာ ကျေးဇူးတင်စကား ပြောကြားလေ၏။

"ကျွန်မ ဝမ်းသာလိုက်တာရှင်၊ ရွှေပျံလွှားဆိုတဲ့နာမည်နဲ့ အင်မတန်ကို လိုက်ဖက်ပါပေတယ်၊ ကျွန်မ ရှင့်ကို ဘယ်လိုကျေးဇူးတင်မှန်း မသိပါဘူး"

"အေး ... တစ်ခုတော့ရှိတယ်"



"ဘာပါလိမ့်ရှင် ... ရှင့်စကားကို ကျွန်မ နားထောင်ဖို့အသင့်ပါ"

"ဒီရွှေတွဲပိုင်ရှင်ဟာ ယူလီခွန်ရဲ့ မိတ်ဆွေ မြေလောင်ဟိုးကို သတ်သွားတယ်"

ကျီဝှန်ဝါ စုတ်သပ်၏။

"ကျွတ် ... ကျွတ် ... ကျွတ် ... သူတို့က ဒီလိုပါပဲရှင်၊ အင်မတန် ရက်စက်တဲ့လူတွေပါ၊ ကျွန်မလည်း ဒါကြောင့် သူတို့ကို ကြောက် ... ကြောက် ..."

ထက်ကျင်က ဆက်ပြော၏။

"ယူလီခွန်ဟာ နာမည်ကျော်ကြားထင်ရှားတဲ့ သိုင်းသမားတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူ့ဆီမှာ အသက်ကို အသက်လို့မမှတ်တဲ့ ရဲဘော်ရဲဘက်တွေ ရှိတယ်၊ သူတို့ဟာ သစ္စာ သိပ်ကြီးတယ်၊ သူတို့ရဲ့ ရဲဘော်အတွက် သိပ်ပြီးလက်စားချေချင်နေကြတယ်၊ မင်းဟာ ရွှေတွဲပိုင်ရှင်နဲ့ တစ်နည်းတစ်ဖုံ ဆက်စပ်နေတော့ ယူလီခွန်တို့နဲ့ ဝေးဝေးနေတာ ကောင်းလိမ့်မယ်လို့ ကျုပ်ထင်တယ်၊ ဒါကတော့ ကျုပ်ရဲ့ စေတနာစကားပဲ"

ကျီဝှန်ဝါမှာ မျက်နှာငယ်ကလေးနှင့် အားကိုးရာမဲ့ လှမ်းကြည့်ရှာသည်။

"ကျွန်မ ဘယ်ကိုပြေးရမှာလဲရှင်"

သူမသည် ထိုမျှသာပြောနိုင်၏။

"စောစောကပြတဲ့ရွှေတွဲဟာ မြွေလောင်ဟိုးရဲ့ကျောအောက်က ရခဲ့တာပဲ၊ သူ့အတွက် သဗြိုလ်စရိတ်လို့လည်း ရေးထားခဲ့တယ်၊ ဒါတွေအားလုံးကို ယူလီခွန်သိတယ်၊ ကျုပ် မင်းဆီ ဘာအတွက်လာတယ်ဆိုတာလည်း သူရိပ်မိတယ်၊ ကျုပ်ရဲ့ဩဇာ သူ့အပေါ် အထိုက်အလျောက်ရှိပေမယ့် သစ္စာတရားအတွက် လက်စားချေတဲ့ ကိစ္စမျိုးမှာတော့ ကျုပ်အနေနဲ့ လက်ရှောင်ကြည့်နေမှာပဲ"

"ကျွန်မ ဘယ်ကိုပြေးရမှာလဲ"

ကျီဝှန်ဝါက ဒါပဲထပ်ပြောသည်။

ထက်ကျင်က ...

"မင်းပြေးချင်ရာကိုပြေး၊ ထန်ချောင်နဲ့ အဝေးဆုံးပြေးလေ ဘေးအကင်းဆုံးဖြစ်လေပေါ့၊ တစ်ရက်လောက်တော့ ယူလီခွန်တို့ကို လှည့်ပတ်ထိန်းပေးထားနိုင်ပါတယ်၊ ဒါကလည်း တစ်ရက်ပဲနော်"

ကျီဝှန်ဝါ၏မျက်နှာမှာ ပိုးဟပ်ဖြူကဲ့သို့ ဖြူဖွေးနေလေပြီ။ ထို့နောက် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ တရှိုက်ရှိုက် ငိုကြွေးလေတော့၏။

"ဒီလိုဖြစ်နေလျက်သားနဲ့ ဘာ ... ဘာဖြစ်လို့ သူတို့က ကျွန်မကို ဒီအတိုင်းပစ်ထားခဲ့ကြရတာလဲ"

ထက်ကျင်က အေးစက်စက်ရယ်လေ၏။



"ဘာလဲ ... မင်းက မင်းလူတွေကို စောင့်မေးချင်သေးလို့လား"

ကျီဝှန်ဝါက တရှိုက်ရှိုက်ငိုကြွေးနေ၏။ မိန်းမဆိုသည်ကား သိုးငယ်အလားတည်း။ ကြောက်စရာရှိလျှင် အလွန်တရာကြောက်ကြပေလိမ့်မည်။

ကျီဝှန်ဝါက ဆို့နင့်စွာပြောသည်။

"ကျွန်မ ... ကျွန်မလိုလူမျိုးက ရုပ်သေးပဲရှင်၊ ရုပ်သေးရုပ်က ဘယ်မှာ ဆုံးဖြတ်ချက်ချနိုင်ပါ့မလဲ၊ အဲဒါကို သခင်ကြီးထက်ကျင် စဉ်းစားကြည့်ပါရှင်"

ကျီဝှန်ဝါသည် ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ဖြစ်သွားပေပြီ။ ထက်ကျင်ကိုပင် အခေါ်အဝေါ် ပြောင်းသွားခဲ့ပေပြီ။

သူမ,ပြောသည်မှာ ဟုတ်သည်ဟု ထက်ကျင်စဉ်းစားမိသည်။ သူသည် အတန်ကြာငိုင်၍တွေးနေမိ၏။ ပြီးမှ ...

"သူတို့ ဘယ်လိုစိတ်ကူးရှိတယ်ဆိုတာတော့ ကျုပ်လည်း မသိဘူး၊ ဒါပေမဲ့ မင်းကို တစ်ရက်လောက်အထိ အကာအကွယ်ပေးနိုင်တယ်ဆိုတာတော့ ကျုပ်အာမခံပါတယ်"

"ဒါ ... ဒါ ... ဒါပေမဲ့ ကျွန်မ ဒီလိုပြောင်းပြေးရမယ်လို့ အကြောင်းမကြားသေးဘူးရှင့်"

"ဟင် ... သူတို့တောင် ပြေးလွှားနေရတဲ့နောက် မင်းကို

အကြောင်းကြားနိုင်ပါဦးမလား”

“သူတို့ ပြေးလွှားနေရတယ်လို့ ဘယ်သူပြောသလဲ”

“ကျုပ်ပြောတယ်”

“သူတို့ ပြေးကောင်းပြေးမယ်၊ ဒါပေမဲ့ ကျွန်မတို့တော့ နေရာရွှေ့ဖို့ အကြောင်းကြားရဦးမယ်”

“ကျုပ်တို့တွေ မင်းရဲ့ပွဲရုံစင်ရှေ့မှာ စင်ထောင်နေမှတော့ မင်း ဒီကပြေးသင့်နေပြီပေါ့၊ တကယ်လို့ မပြေးရင် မင်းကို ကျုပ်က ရှင်းပစ်လိမ့်မယ်လို့ သူတို့တွက်လိမ့်မယ်၊ သူတို့ဆီက အကြောင်းကြားချက်ကို စောင့်နေခြင်းဟာ မင်းရဲ့သေမင်းကို ပြန်စောင့်နေခြင်းနဲ့ အတူတူပဲ”

ကျီဝှန်ဝါ၏ ဖြူရော်ရော်မျက်နှာပြင်၌ သွေးရောင်သမ်းသွား၏။ သူမ ဒေါသထွက်လာလေပြီ။ သူမ၏ နှုတ်ထွက်စကားများက သူမ၏အတွင်းစိတ်များကို ဖော်ထုတ်ပြလာခဲ့လေပြီ။

“သခင်ကြီးထက်ကျင်ပြောတဲ့အတိုင်းပဲ ဖြစ်ရမယ်၊ ကျွန်မဟာ သုံးနှစ်နီးပါး သူတို့အတွက် အသက်စွန့်ဆောင်ရွက်ခဲ့ရတယ်၊ ကိုယ့်မွေးရပ်မြေနဲ့ ကင်းဝေးခဲ့ရတယ်၊ ကျွန်မရဲ့ မိဘတွေကို ပစ်ထားခဲ့ရတယ်၊ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ ထန်ချောင်လိုဒေသမျိုးမှာ လာပြီး အရက်အကြောက်မရှိတဲ့ သီချင်းသည်မလုပ်နေရတယ်၊ ယောကျ်ားတွေကို ဖြူဆွယ်နေရတယ်၊ အဲဒါတွေ ဘာအတွက် လုပ်ခဲ့ရတာလဲ၊



ကိုယ့်ကို သူတို့ကသတ်ဖို့ လုပ်နေရတာလား”

ထက်ကျင်က ခပ်အေးအေးပြောသည်။

“ဒါတွေကို အစောကြီးကတည်းက တွေးထားဖို့ကောင်းတယ်၊ ပညာရှိတွေကတော့ ငါ ဒါတွေလုပ်ရင် ဘာတွေဖြစ်နိုင်သလဲလို့ အစောကြီးကတည်းက တွေးကြတယ်၊ ပညာမဲ့တွေကတော့ ငါ ဒါတွေလုပ်လိုက်ပြီ၊ ဖြစ်ပြီးမှပဲ ဘာတွေဖြစ်ခဲ့သလဲလို့ ပြန်တွေးတတ်ကြတယ်၊ လုံမလေး မင်းကို စော်ကားတာတော့မဟုတ်ဘူး၊ ဝံပုလွေ အုပ်ထဲဝင်ခါနီးမှ ဝံပုလွေအကြောင်းတော့ လေ့လာထားသင့်တာပေါ့”

ကျီဝှန်ပါက အံကလေးကြိတ်၍ ပြော၏။

“သခင်ကြီးထက် ... သူတို့က ကျွန်မကို လမ်းဘေးက အမှိုက်ကလေး တစ်စလောက်တောင် တန်ဖိုးမထားတော့ရင် ကျွန်မကကော တန်ဖိုးထားသင့်သလား”

“ဘယ်ထားသင့်မလဲ၊ ဒါပေမဲ့ မင်းအသက်အတွက် စိုးရိမ်ရတယ်လေ”

“ကိစ္စမရှိဘူး၊ ကျွန်မသေရင် သေပါစေတော့၊ သူတို့လျှို့ဝှက်ချက်တွေကို ကျွန်မသိသလောက်တော့ ပြောပြခဲ့ပါ့မယ်”

ထက်ကျင်က ခေါင်းညိတ်၏။

“ပြောပါ ... ကျုပ်လည်း မင်းအတွက် တတ်နိုင်သမျှ အကာ

အကွယ်ပေးရမှာပေါ့"

"ဒီအိမ်ပိုင်ရှင် ဘယ်သူလဲဆိုတာ သခင်ကြီးအတပ်သိသလား"

"ဘယ်သူလဲ"

"မားဟင်ခုန်လို့ခေါ်တယ်"

"ကျုပ်ဖြင့် တစ်ခါမှမကြားဖူးပါဘူး"

"သူ့ကို သခင်ကြီးမသိဘူးဆိုတာတော့ အတော့်ကို ရုပ်ဆိုးတာပဲ၊ သူက အမတ်ချုပ်ကြီးဟိုကွန့်ရဲ့ အတွင်းရေးအတွင်းဝန်လေ၊ အမတ်ချုပ်ကြီးဟိုကွန့်ရဲ့ အတွင်းရေးအတွင်းဝန်သာ ပြောတာပါ ... သူ့ကို အမတ်ချုပ်ကြီးနားမှာ ဘယ်တော့မှ မတွေ့ရဘူးတဲ့၊ အဲဒီလို ပြောကြပါလား"

"ဒါဖြင့် သူတကယ်လုပ်နေဟဲ့အလုပ်က ဘာတွေလဲ"

"သူ တကယ် ဘာတွေလုပ်နေသလဲဆိုတာ သူမှတစ်ပါး ဘယ်သူမှမသိဘူး၊ ကျွန်မကတော့ သူဟာ အင်မတန်လျှို့ဝှက်တဲ့ လုပ်ငန်းတစ်ခု လုပ်နေတယ်ဆိုတာတော့ ရိပ်မိပါတယ်၊ နောက်ဆုံး ကျွန်မ အခုနေနေတဲ့အိမ်မှာ လူသုံးလေးယောက် သတ်ခဲ့ပြီးပြီဆိုတာတော့ ကျွန်မ ကောင်းကောင်းသိတယ်၊ တကယ်တော့ ဒီလူဟာ လူစိတ်ရှိတဲ့လူ မဟုတ်ပါဘူး"

ထက်ကျင်က အေးအေးဆေးဆေးပင် မေးသည်။



"မင်းက သူဘာလုပ်တယ်ဆိုတာတွေ မသိပေမယ့် သူ့အကြောင်းတော့ အတော်ကလေး သိနေပုံပဲ"

"ဒီ လူစိတ်မရှိတဲ့ မကောင်းဆိုးရွား နာနာဘာဝကြီးအကြောင်း ကျွန်မ ကောင်းကောင်းသိတာပေါ့၊ ကျွန်မက သူပေးနေတဲ့ ဒုက္ခကို မြိန်ရေယှက်ရေ ခံစားနေရတဲ့သူပဲ"

"လုံမလေး ကျိုဝှန်ဝါ ... အဲဒါတွေ နည်းနည်းချင်း ပြောပြပါလား၊ ဒါမှ သူဘာလုပ်နေတယ်ဆိုတာကို ကျုပ်ခြေရာကောက်လို့ရမယ်"

"ဟုတ်ကဲ့ ... သခင်ကြီးထက် သိချင်တယ်ဆိုရင် ပြောပြပါတော့မယ်"

ကျိုဝှန်ဝါသည် မျက်ရည်ဝေ့နေသော မျက်လုံးများဖြင့် အတိတ်ကို ပြန်လည်မျှော်ကြည့်သယောင် ခြံဝင်းပြင်သို့ ငေးမော ကြည့်နေမိလေ၏။

❖ ❖ ❖

## အခန်း (၅၁)
## သားရဲတွင်းမှ မြေအောက်ခန်း

"ကျွန်မရဲ့ဇာတိဟာ ထန်တင်စီပါ၊ ကျွန်မဟာ ထန်တင်စီအရပ်က အချောအလှလေးတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်ပါတယ်၊ သူက ကျွန်မကို ညာခေါ်လာတယ်၊ ကျွန်မမိဘတွေကို ထန်တင်စီမှာ ထားပစ်ခဲ့ရတယ်၊ ထန်ချောင်ကိုရောက်ရောက်ချင်း သီချင်းသည်မ,ဖြစ်အောင် လေ့ကျင့်ရတယ်၊ အတော်ကလေး ကျင့်သားရလာတော့ ကပွဲရုံနဲ့ သီချင်းဆိုရတော့တာပဲ၊ ပထမကပွဲက အခုရုံလိုနေရာမကောင်းလှပါဘူး"

ထက်ကျင်က ဖြတ်၍မေးလိုက်၏။

"သီချင်းဆိုရုံသက်သက်ပဲ လုပ်ရတာလား"

"ဘယ်ကလာ ဟုတ်ရမှာလဲ၊ ကျွန်မသီချင်းဆိုတဲ့ ဇာတ်စင်နောက်ပိုင်းကို လူတွေဖြောက်သောက် လာကြတာပဲ၊ ဘယ်ကကလေကချေမှန်း၊ သူသတ်သမားတွေမှန်း မသိပါဘူး၊ သူတို့လာရင် စာတစ်စောင်နဲ့ ရွှေတွဲတစ်တွဲ ပေးရတယ်"



"ဘယ်သူက ပေးခိုင်းတာလဲ"

"ဘယ်သူရှိရမလဲ ... မားဟင်ခုန်ပေါ့"

"ရွှေတွဲဆိုတာ သခင်ကြီးထက်ပြတဲ့ ရွှေတွဲမျိုးပါပဲ၊ ရွှေတွဲပေါ်မှာ ထန်ဆက်ဆိုတဲ့ စာလုံးနှစ်လုံးကို အမှတ်အသားအဖြစ် ရေးထားတယ်"

"မင်း ဒါပဲသိသလား၊ တခြားကိစ္စတွေကော မသိဘူးလား"

ကျိုဝှန်ဝါက ခေါင်းခါရင်း ကြေကွဲစွာပြောလေ၏။

"တခြား ကျွန်မသိတဲ့ အကြောင်းအရာတွေကတော့ ကံမကောင်း အကြောင်းမလှတဲ့ ကျွန်မဘဝပါပဲ"

"စောစောက မင်းပြောတဲ့စကားတွေထဲမှာ ပါတယ်၊ မားဟင်ခုန်က လူသုံးယောက်သတ်ပြီးပြီဆို"

"ဟုတ်ပါတယ်၊ ဒီအိမ်ကိုလည်း တချို့လူတွေ လာတယ်၊ တချို့ ပြန်သွားကြတယ်၊ တချို့ကတော့ ပြန်နိုင်ပုံမရဘူး၊ မြေအောက်ခန်းမှာ သွေးအိုင်နဲ့ ဆံပင်အချို့ပဲ တွေ့ရတော့တယ်၊ အဲဒါတွေကို ကျွန်မက ဆေးကြောသုတ်သင်ရတယ်၊ ဘယ်လောက်ရက်စက်တဲ့ အလုပ်လဲရှင်"

"မင်းငြင်းလို့မရဘူးလား"

"ဘယ်လိုလုပ် ငြင်းရမလဲရှင်၊ ကျွန်မက အရုပ်ပဲဥစ္စာ၊ အရုပ်မှ သူများကြိုးဆွဲရာကနေရတဲ့ အရုပ်ပါ"

"အဲဒီတော့ ..."

"ကျွန်မက ဘာတတ်နိုင်မှာလဲ၊ သူဆေးကြောခိုင်းတာကို ဆေးကြောရတာပေါ့၊ ကျွန်မမှာ ရွံလွန်းလို့ ပျို့အန်မိတယ်၊ သူ မပြန်လာတဲ့ရက်တွေမှာ ကျွန်မတစ်ယောက်တည်း ဒီအိမ်ကြီးမှာ နေတယ်၊ အဲဒီတုန်းက အဘိုးကြီးရှိ ဒီကိုမရောက်သေးဘူး"

"အင်း ... မင်းဒုက္ခလည်း မသေးပါလား"

"ကျွန်မဟာ ကြောက်လွန်းလို့ ရူးမတတ်ဖြစ်ခဲ့ရပါတယ်ရှင်"

ထက်ကျင်၏မျက်နှာပေါ်၌ ကိုယ်ချင်းစာနာသောစိတ်၊ သနားကြင်နာသည့်စိတ်၊ အားနွဲ့သော မိန်းကလေးအပေါ် ညှာတာထောက်ထားသောစိတ်များ ပေါ်လာသည်။

"ထန်ဆက်ဘွန်ဂိုဏ်းနဲ့ ငါကတော့ သူသေကိုယ်သေ တိုက်ရတော့မှာပဲ"

ဟုလည်း တွေးတောမိသည်။

"ထန်တင်စီမှာတုန်းက မင်းဘာလုပ်သလဲ"

ကျီဝှန်ဝါ ခေါင်းငုံ့သွားလေ၏။

"ငါမေးတာ အမှားအယွင်းပါသွားသလား"

ထက်ကျင်က ကြင်နာစွာမေးသည်။ ယွန်ချောချောမှာမူ စိတ်မကောင်းခြင်းကြီးစွာဖြင့် နားထောင်နေရှာလေသည်။

"ကျွန်မအဖေဟာ ထန်တင်စီမှာ မင်းမှုထမ်းခဲ့ပါတယ်၊



နောက်ပိုင်း အပြစ်တစ်ခုကြောင့် နယ်ခြားချွေးတပ်စခန်းကို အပို့ခံရတယ်၊ ကျွန်မကိုလည်း လာဖမ်းတယ်၊ အဖေ့ကိစ္စမှာ ကျွန်မကို အလိုတူအလိုပါလို့ စွပ်စွဲတယ်၊ နောက်တော့ ထန်တင်စီရဲ့ နယ်ခြားဘုရင့်တပ်မှာ ပျော်တော်ဆက်ဘဝ ရောက်ရတော့တာပါပဲ"

"ဘုရားရေ ... ရက်စက်လှချည်လား"

"ရက်စက်တာတော့ ပြောမနေပါနဲ့တော့ရှင်၊ အဲဒီဘုရင့်တပ်အပေါ် ဩဇာရှိတာက ဟိုကွန့်လေ၊ အဲဒီအချိန်မှာ မားဟင်ခုန်က ထန်တင်စီရောက်လာပြီး ကျွန်မကို တွေ့သွားပါတယ်"

"မင်းကိုသဘောကျပြီး နေပြည်တော်ကို ခေါ်လာတယ်ဆိုပါတော့"

"သေချာတာပေါ့၊ သူ့ရဲ့အကျိန်အဝါနဲ့ အဖေလည်း ချွေးတပ်စခန်းက လွတ်မြောက်လာတယ်၊ ဒါပေမဲ့ အဖေအမေတို့နဲ့ လုံးဝမတွေ့ခဲ့ရတော့ပါဘူး"

"ကျွတ် .. ကျွတ် .. ကျွတ် .. တော်တော်လူမဆန်တဲ့သတ္တဝါကြီးပဲနော်"

ဤကား ယွန်ချောချောထံမှ မှတ်ချက်ချသံဖြစ်ပေသည်။ ကျီဝှန်ဝါက ခေါင်းတယမ်းယမ်းဖြင့် ...

"ဟင်း ... လူမဆန်တာတော့ ပြောမနေပါနဲ့တော့၊ တကယ်လည်း လူဟုတ်ဟန်မတူပါဘူး၊ ဘီလူးသရဲဝင်စားတဲ့လူပဲ ဖြစ်ရမှာပါ

ပဲ၊ သခင်ကြီးထက် ကျွန်မနောက်ကိုလိုက်ကြည့်ရင် ဒီလူ ဘယ်လောက် လူမဆန်သလဲဆိုတာ မျက်မြင်ကိုယ်တွေ့ တွေ့ရပါလိမ့်မယ်"

ကျိုဇနိဝါက မတ်တတ်ရပ်လိုက်သဖြင့် ထက်ကျင်လည်း မတ်တတ်ရပ်လိုက်မိသည်။

ယွန်ချောချောပါ ထရပ်သည်။ ကျိုဇနိဝါက ယွန်ချောချောအား စောင်းငဲ့ကြည့်ပြီး ...

"ညီမလေးကျင်ရန်ရှာကတော့ လိုက်မကြည့်ရင် ကောင်းပါလိမ့်မယ်၊ စေတနာနဲ့ပြောတာပါ"

ယွန်ချောချောက ခေါင်းခါ၏။

"ကျွန်မ မသွားသင့်တဲ့နေရာဆိုလို့ ဘယ်နေရာမှမရှိပါဘူး၊ ကျွန်မအဖို့ ရက်စက်ကြမ်းကြုတ်မှုဆိုတာ အဆန်းမဟုတ်ပါဘူး၊ ထိုက်သင့်သလောက်တော့ အတွေ့အကြုံရှိပြီးပါပြီ"

ယွန်ချောချောပြောသည့် ရက်စက်ကြမ်းကြုတ်မှုဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး ထိုးခုတ်သတ်ဖြတ်သည့် ကိစ္စသာဖြစ်သည်။

ကျိုဇနိဝါပြောသည့် ရက်စက်ကြမ်းကြုတ်မှုမှာ ထိုးခုတ်သတ်ဖြတ်ရန် မဟုတ်ပေ။

လူမဆန်စွာ ညှင်းပန်းသတ်ဖြတ်သည့် ကိစ္စမျိုးဖြစ်ပေသည်။ ထိုအချက်ကို ကျိုဇနိဝါက ရှင်းပြ၏။



"ညီမလေးကျင်ရန်ရှာ ... မမက စေတနာနဲ့ပြောတာပါ၊ အခု မမပြမယ့်မြင်ကွင်းကို ညီမလေးမြင်ပြီးရင် သုံးညလောက် အိပ်ပျော်မှာမဟုတ်ဘူး"

"ကိစ္စမရှိပါဘူး၊ ကျွန်မကတော့ အိပ်ပျော်နိုင်လိမ့်မယ်လို့ ထင်ပါတယ်"

ယွန်ချောချောက ပြတ်ပြတ်သားသားပြောပြီး ခြေလှမ်းပြင်နေသဖြင့် ကျိုဇနိဝါက ခေါင်းယမ်းပြီး သက်ပြင်းချလိုက်သည်။

ထို့နောက် ဘာမျှမပြောတော့ဘဲ နောက်ဘက်ခန်းများဆီသို့ လက်ညှိုးညွှန်ပြသည်။

"ပြစရာတွေကတော့ အနောက်ဘက်က မြေအောက်ခန်းတွေမှာပါ၊ ကဲ ... လိုက်ခဲ့ကြပါတော့"

သူမ ဦးဆောင်ရာသို့ ထက်ကျင်နှင့် ယွန်ချောချောတို့ လိုက်ပါသွားကြလေတော့၏။

ကျိုဇနိဝါသည် အနောက်ဘက်မှ အခန်းတစ်ခန်းကို တွန်းဖွင့်လိုက်သည်။

ကျွီခနဲမြည်သံနှင့်အတူ တံခါးမကြီးပွင့်သွား၏။ အခန်းမှာ အခန်းလွတ်ဖြစ်၏။

ကျိုဇနိဝါသည် အိမ်ရှင်ဖြစ်နေသဖြင့် မှောင်နေသည့်အခန်းထဲ၌ ကျွမ်းကျွမ်းကျင်ကျင် လှုပ်ရှားနိုင်သည်။ မည်သည့်နေရာ၌ မည်

သည့်ပစ္စည်းထားကြောင်း လျှင်မြန်စွာသိရှိသည်။

သူမသည် အခန်းဘေးရှိ မီးခြစ်ကိုရှာရင်း မီးခြစ်လိုက်သည်။

ကြေးပြားဝိုင်းကြီးတစ်ခုပေါ်၌ ရိုက်ထားသည့် တစ်ဝက်တစ်ပျက် ထွန်းညှိပြီးသား ဖယောင်းတိုင်၏မီးစာသို့ မီးညှိလိုက်သည်။

ထက်ကျင်က အကဲခတ်ကြည့်၏။

အခန်းထောင့်တစ်နေရာတွင် သံကွင်းတပ်ထားသည့် လေးထောင့်အံဝှက်တစ်ခုကို တွေ့လိုက်ရာ ထိုအံဝှက်သည် မြေအောက်ခန်းထဲသို့ဆင်းမည့် အံဝှက်ဖြစ်ကြောင်း ရိပ်မိလိုက်၏။

ကျီဝှန်ဝါက ထိုလေးထောင့်အံဝှက်အနီး ဒူးထောက်ထိုင်ချလိုက်သည်။

"ဒါက မြေအောက်ခန်းကိုဆင်းတဲ့ အံဝှက်တံခါးဖုံးပဲ"

သူမသည် ပြောပြောဆိုဆို အံဝှက်သံကွင်းကို ဆွဲမလိုက်ရာ မြေအောက်ခန်းသို့ဆင်း၍ရသော လှေကားထစ်များကို တွေ့လိုက်ရသည်။

ကျီဝှန်ဝါသည် ဖယောင်းတိုင်တင်ထွန်းထားသော ကြေးပြားဝိုင်းကြီးကိုမလိုက်ပြီး လှေကားမှ စတင်ဆင်းတော့၏။

မြေအောက်ခန်းမှ ညှီစို့စို့အနံ့အသက်ကြီးသည် အပေါ်သို့ လှိုံတက်လာ၏။ ယွန်ချောချောမှာ ရင်ထဲ၌ ပျို့တက်သွားမိသည်။

ထက်ကျင်က ကျီဝှန်ဝါနောက်မှ လိုက်သောအခါ ယွန်ချော



ချောလည်း ကပျာကယာ လိုက်ရတော့သည်။ ကျီဝှန်ဝါက ဖယောင်းတိုင်ကို မြှောက်ပြရင်း ...

"ဒီအိမ်ကြီးကို မားဟင်ခုန် ဝယ်ထားတာပဲ၊ မြေအောက်ခန်းကိုတော့ သူ့ဘာသာပြန်ဆောက်ထားတာလို့ ပြောတယ်၊ ဒီမြေအောက်ခန်းထဲမှာ သူအိပ်တတ်တယ်"

"ဘုရားရေ ... ဒီလောက် အနံ့အသက်မကောင်းတဲ့အထဲမှာ သူမို့လို့ အိပ်နိုင်တယ်၊ ဒါဆိုရင် သူ လူမဟုတ်ဘူး"

"သူ လူမဟုတ်ဘူးလို့ စောစောကတည်းက မပြောခဲ့သားပဲ၊ မကြာခင် ညီမလေး ပိုပြီးသဘောပေါက်လာမှာပါ"

မကြာမီ သူတို့သုံးဦးစလုံး လှေကားထစ်အလယ်လောက်သို့ ရောက်သောအခါ မြေအောက်ကြမ်းပြင်ကို လှမ်းမြင်လိုက်ရလေ၏။

ကြက်သီးထဖွယ်ရာမြင်ကွင်းသည် ယွန်ချောချောတို့အား အသင့်စောင့်ကြိုနေလေသည်။ မြေအောက်ခန်း၏ လက်ဝဲဘက်နံရံနှင့်ကပ်လျက်နေရာတွင် ခေါင်းသုံးလုံးတန်းစီချထား၏။

ခေါင်းများကို အဖုံးပိတ်ထားခြင်းလည်း မရှိချေ။ လူရိုးစုဖွေးဖွေးသုံးခုသည် ခေါင်းထဲ၌ လဲလျောင်းလျက်နေ၏။ ဤသူများကို အိမ်ကြီးရှင်မားဟင်ခုန် သတ်ထားခြင်းပေလော။

ခေါင်းများကို လူ့ခါးဝက်ခန့်ရှိသော စင်များဖြင့်တင်ထားရာ ထိုခေါင်းများအောက်ရှိ ပင့်ကူများ၊ ကင်းမြီးကောက်များ အစရှိသည့်

သတ္တဝါများသည် မီးရောင်ကို ထိတ်လန့်သည့်အလား အမှောင်ရိပ်များသို့ ပြေးဝင်ကြလေသည်။

ယွန်းချောချောမှာ တစ်ကိုယ်လုံး စိမ့်သွားသည်။ ဖျားချင်သလိုလို ဖြစ်လာ၏။

အတွေ့အကြုံရင့်ကျက်လှသော ထက်ကျော်ပင်လျှင် ကြက်သီးထဖွယ်ကောင်းသော အခန်းကို မျက်မှောင်ကြုတ်၍ ကြည့်နေမိလေ၏။

ဤရပ်ကွက်သည် ကြေးရတတ်များ၊ မှုးမျိုးမတ်နွယ်များ နေထိုင်ကြသည့် လူကုံထံရပ်ကွက်ဖြစ်သည်။ ဤရပ်ကွက်မျိုး၌ ဤမျှဆိုးယုတ်ညစ်ညမ်းသော အပြုအမူမျိုးကို မားဟင်ခုန်ပြုလုပ်ရဲခြင်းမှာ သူ့အတွက် အကာအကွယ်ကောင်းလွန်းသောကြောင့် ဖြစ်ပေလိမ့်မည်။

ကျီဝန်ဝါကိုယ်တိုင်လည်း လှေကားထစ်အလယ်မှ အောက်သို့ ဆင်းလိုပုံ မပေါ်ပေ။

သူမသည် မူလနေရာ၌ရပ်ပြီး မားဟင်ခုန်၏ လူမဆန်ပုံကို ရှင်းပြသည်။

"သူဟာ ဒီမြေအောက်ခန်းထဲမှာ အိပ်ရတာကို ဘယ်လိုသဘောကျမှန်းမသိဘူး၊ ဒါပေမဲ့ သူဟာ ဘယ်တော့မှ ဒီအောက်ထဲမှာ သူတစ်ယောက်တည်းမအိပ်ဘူး"



"ဟင် ... ဘယ်သူ့ကိုခေါ်အိပ်သလဲ"

"ဘယ်သူ့ကိုခေါ်အိပ်ရမှာလဲ ညီမလေးရယ် ... ဒီအိမ်ကြီးမှာ မမနဲ့ သူနဲ့ နှစ်ယောက်တည်းရှိတာ ... မမကိုပဲ ခေါ်အိပ်ရတာပေါ့"

ယွန်းချောချောသည် စိတ်မထိန်းနိုင်တော့ဘဲ ဝေါခနဲထိုးအန်ချလိုက်တော့သည်။

"တော်တော်မိုက်ရိုင်းတဲ့လူပဲ"

ထက်ကျော်က ခပ်တိုးတိုး မှတ်ချက်ချလိုက်လေ၏။ ယွန်းချောချောက ရင်ဘတ်ကိုဖိ၍မေးသည်။

"ဒါကို ရှင် မငြင်းဘူးလား၊ ဒီလောက်လူမဆန်တဲ့လုပ်ရပ်ကို ငြင်းရမယ်"

"မမနေရာမှာ ညီမလေး ဝင်ကြည့်စမ်း ... မမနေရာမှာ ညီမလေးရောက်နေရင် ငြင်းနိုင်မလား။ ညီမလေးမှာ ငြင်းနိုင်ဖို့အခွင့်ကော ရှိရဲ့လား"

ယွန်းချောချော စကားမပြန်နိုင်တော့ပေ။

ထက်ကျော်ကမူ တိတ်ဆိတ်ငြိမ်သက်စွာ အကဲခတ်နားထောင်နေ၏။

ကျီဝန်ဝါက ဆက်ပြောပြသည်။

"အဲဒီလိုရက်မျိုး ကြုံတဲ့အခါတိုင်း ကျွန်မဟာ ကိုယ့်ကိုယ်

ကိုယ် သတ်သေဖို့ ကြိုးစားမိတယ်၊ တကယ်ကျတော့လည်း မသေရဲပြန်ဘူး။ လူဟာ ကိုယ့်အသက်ကို ကိုယ်သိပ်ခင်တွယ်တာပဲကိုး"

ကျိုဝှန်ဝါက ဆက်ပြော၏။

"ကျွန်မကို မြေအောက်ခန်းထဲ စသွင်းတုန်းကဆိုရင် ကျွန်မငြင်းတာပေါ့၊ အဲဒီလိုငြင်းတဲ့အတွက် ကျာပွတ်နဲ့ အရိုက်ခံရတယ်၊ နောက်တော့ ကျွန်မလည်း မငြင်းရဲတော့ဘူး၊ နောက် သူက ခြိမ်းခြောက်သေးတယ် … သူလုပ်တာကို ငြိမ်မခံဘဲ ကလန်ကဆန်လုပ်ရင် မြေအောက်ခန်းထဲမှာ ထည့်ပိတ်ထားမတဲ့၊ ကဲ … ကျွန် လည်း သူ့ကို ဘယ်လိုငြင်းဆန်ရဲတော့မှာလဲ"

သူမသည် ခေါင်းသုံးလုံးထဲရှိ အရိုးစုသုံးခုကို လက်ညှိုးထိုးပြသည်။

"အဲဒီလူသုံးယောက်ကို ကျွန်မရှေ့မှာပဲ သတ်တာပဲ၊ အဲဒီထဲကတစ်ယောက်ဟာ ဒီအိမ်က အိမ်ဖော်မလေးဖြစ်ပါတယ်၊ အဲဒီလူတွေကို သတ်ပြီးတာနဲ့ သူဟာ ဒီအခန်းထဲမှာပစ်ထားတယ်၊ အသားစားအဆိပ်ကောင်တွေကို မြေအောက်ခန်းထဲ ထပ်ထည့်ပေးတယ်၊ အလောင်းတွေရဲ့ အသွေးအသားတွေကို အသားစားအဆိပ်ကောင်တွေက စားပစ်တာပဲ"

ယွန်ချောချောသည် ဆက်မကြားဝံ့တော့သဖြင့် နားကိုပိတ်လိုက်မိသည်။



"အစ်ကို … ညီမလေးတို့ အပေါ်ကို ပြန်တက်ကြပါစို့၊ မတက်ရင် ဒီလှေကားပေါ်က ညီမလေး မူးလဲပြီး အောက်ကိုလိမ့်ကျလိမ့်မယ်"

ထက်ကျင်က ခေါင်းညိတ်ပြီး အပေါ်သို့တက်ရန် ကိုယ်ကိုလှည့်လိုက်သည်။

ကျိုဝှန်ဝါက ယွန်ချောချောအား ကြင်နာစွာ လှမ်းကြည့်လိုက်လေ၏။

❖ ❖ ❖

## အခန်း (၅၂)
## လိမ်သူနှင့်လှည့်သူ

မြေအောက်ခန်း၏အပေါ်သို့ ရောက်သောအခါ ကျီဝှန်ဝါက အံဝှက်တံခါးကို ပြန်ချသည်။ ဖယောင်းတိုင်တင်ထွန်းထားသည့် ကြေးပြားကြီးကိုလည်း မူလနေရာသို့ ပြန်ချထားသည်။

"ကဲ ... ညှော်ခန်းကို သွားကြပါ၊ ညီမလေးကျင်ရန်ရှာရဲ့ မျက်နှာကိုကြည့်ရတာ ကျွန်မ သိပ်စိတ်မချဘူး၊ သူ ဖျားနေပြီနဲ့ တူတယ်၊ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော်ဖြစ်နေတာပဲ"

ယွန်ချောချောကား အမှန်တကယ်ပင် တဝေ့ဝေ့ထိုးအန်နေလေပြီ။

"ညီမလေးကို မမပြောသားပဲ ... မလိုက်လာပါနဲ့လို့၊ ခု ညီမလေး မြင်လိုက်ရတော့ ညီမလေးပဲ ဒုက္ခရောက်ရတာမဟုတ်လား၊ မမကတော့ ဒီမှာ နေသားကျနေပါပြီ၊ မြေအောက်ခန်းထဲ ဝင်ချိန် မဟုတ်ရင်တော့လေ ..."

ထက်ကျင်သည် ညှော်ခန်းထဲသို့ရောက်အောင် ယွန်ချောချောကို ဖေးမတွဲခေါ်လာ၏။ အခန်းထဲရောက်သောအခါ ထက်ကျင်က ယွန်ချောချောအား ရေနွေးတိုက်လိုက်သည်။



ထိုအခါကျမှ ယွန်ချောချော နေသားထိုင်သားကျသွားလေတော့၏။

ထက်ကျင်သည် ကျီဝှန်ဝါဘက်သို့လှည့်၍ မေးလိုက်သည်။

"ကျေးဇူးတင်တယ် ကျီဝှန်ဝါ၊ မားဟင်ခုန်ရဲ့ လျှို့ဝှက်ချက်တွေကို ပြောပြပြီးတဲ့အခါမှာ မင်းရဲ့ဘဝလုံခြုံရေးဟာလည်း လုံးဝပျက်စီးသွားပြီ၊ ဒါပေမဲ့ ကျုပ်တတ်နိုင်သလောက်တော့ စောင့်ရှောက်မှာပါ၊ အခု ဘာဆက်လုပ်မယ်လို့ စဉ်းစားထားသလဲ"

ကျီဝှန်ဝါ သက်ပြင်းချလိုက်သည်။

"ပြောမယ့်ပြောတော့လည်း စကားကုန်ပြောမှ သခင်ကြီးထက်အဖို့ အသုံးဝင်မှာ၊ သခင်ကြီးထက်တို့ မလာခင်ကလေး တစ်နာရီလောက်က မားဟင်ခုန် ဒီအိမ်မှာရှိနေပါတယ်"

"ဟုတ်လား"

"ဟုတ်ပါတယ်၊ သူ့အဆက်အသွယ်တစ်ယောက် ပျာယီးပျာယာရောက်လာပြီး ခပ်တိုးတိုးပြောတယ်၊ အဲဒီနောက် အိတ်တစ်လုံးဆွဲပြီး ထွက်သွားတော့တာပဲ"

"သူပြန်လာဦးမှာပေါ့"

"ကျွန်မတော့ ပြန်လာမယ်မထင်ဘူး"

"အဲဒါဆို ပိုကောင်းတာပေါ့၊ မင်းအနေနဲ့ ဒီကရှောင်ထွက်သွားဖို့ ပိုအချိန်ရတာပေါ့"

"ဟင့်အင်း … ကျွန်မ မသွားဝံ့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျွန်မမိဘတွေ ထန်တင်စီမှာ ရှိနေကြတုန်းပဲ၊ ကျွန်မ တော်လှန်ပုန်ကန်ရင် ကျွန်မကို အပြစ်တွေပေးမှာထက် ပထမဦးဆုံး ကျွန်မမိဘတွေကို ဒုက္ခရောက်အောင် သူလုပ်လိမ့်မယ်၊ သူ့အဆက်အသွယ်တွေက နေရာအနှံ့အပြားမှာ ရှိနေတာပဲ"

ထက်ကျင်မှာ မည်သည့်စကားမျှမပြောတော့ဘဲ ခေါင်မိုးကိုကြည့်ပြီး စဉ်းစားနေသည်။ ကျိုဝှန်ဝါကမူ သနားစဖွယ် ဆက်၍ ပြောလေ၏။

"သခင်ကြီးထက် … ကျွန်မဟာ တကယ့်ကို ကံဆိုးမိုးမှောင်ကျနေတဲ့ မိန်းကလေးပါရှင်၊ ဒါပေမဲ့ ကျွန်မဟာ သူတို့ကို လက်စားချေတဲ့အနေနဲ့ သူတို့ရဲ့ အတွင်းရေးကို ကျွန်ုပ်သိသလောက် ပြောပြပြီးပါပြီ၊ သခင်ကြီးထက်ကသာ ဆရာကြီးယူလီခွန်ကို ရှင်းပြပေးရင် ဒီကိစ္စတွေမှာ ကျွန်မ ဘယ်လိုမှ မပါဝင်မပတ်သက်ဘူးဆိုတာ သူနားလည်သွားပါလိမ့်မယ်၊ ကျွန်မမိဘတွေဟာ ထန်တင်စီမှာ ရှိမနေဘူးဆိုရင် ကျွန်မဟာ ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ် သတ်သေမိခဲ့မှာပါ"



ထက်ကျင်က ခေါင်းညိတ်ပြလိုက်၏။

"ကောင်းပြီ … ယူလီခွန်က မင်းကိုမနှောင့်ယှက်ရအောင် ကျုပ်တာဝန်ယူတယ်၊ ဒါက ကျုပ်လူအပိုင်းကို ပြောတာနော်၊ မားဟင်ခုန်ပြန်လာပြီး မင်းကို ရန်လုပ်မှာ၊မလုပ်မှာကိုတော့ ကျုပ်တာဝန်မယူနိုင်ဘူး"

ကျိုဝှန်ဝါ၏မျက်နှာ၌ ဝမ်းသာသည့် အရိပ်အယောင်များ ပေါ်လာ၏။

"သခင်ကြီးထက်နဲ့ ဟောဒီကညီမလေးကျင်ရန်ရှာကသာ အခု ကျွန်မပြောတဲ့အကြောင်းတွေကို တခြားလူမသိပါစေနဲ့၊ ကျွန်မအနေနဲ့ မားဟင်ခုန်ကို ငြင်းလို့ရပါတယ်၊ သခင်ကြီးထက်က အထင်လွဲမယ့်သာ လွဲနေတာပါ … ဆရာကြီးချိုဟာ ရိုးရိုးသားသား စောင်းဆရာကြီးပါ၊ ဒီအိမ်မှာရှိတဲ့ အိမ်ဖော်မကလေးကလည်း ကျွန်မ သေဆိုသေ, ရှင်ဆိုရှင်တဲ့ ကလေးမကလေးပါပဲ၊ သူတို့က ကျွန်မဒုက္ခရောက်အောင် လုပ်မယ့်လူတွေ မဟုတ်ပါဘူး"

"အေးလေ … မင်းက စိတ်ချယုံကြည်ရင် ပြီးတာပဲ၊ ဒါက မင်းအပိုင်းပဲလေ"

"သခင်ကြီးထက်ကို ကျွန်မ တစ်ခုလောက် တောင်းပန်ချင်ပါတယ်"

"ပြောပါ"

"မကောင်းဆိုးရွား မားဟင်ခုန်ကို သုတ်သင်ပေးခဲ့ပါလားရှင်၊ ကျွန်မလည်း သူ့လက်ထဲက လွတ်တာပေါ့၊ တခြားလူတွေကတော့ သူ့လောက်ဆိုးမယ်မထင်ပါဘူး"

ထက်ကျင်က လေးလေးနက်နက်ပြောသည်။

"ကျုပ် နေပြည်တော်ကို တက်လာတဲ့ရည်ရွယ်ချက်ကတော့ ထန်ဆက်ဘွန်ဂိုဏ်းဆိုတဲ့ ဒုစရိုက်ဂိုဏ်းကြီးကို ဖြိုဖို့ပဲ၊ အေးအေးဆေးဆေး အဖမ်းခံတဲ့ ဒုစရိုက်သမားတွေကို တရားဥပဒေရဲ့ လက်ထဲအပ်မယ်၊ ကျုပ်ကို ခုခံတိုက်ခိုက်မယ့် ဒုစရိုက်သမားတွေကိုတော့ သူသေကိုယ်သေတိုက်ခိုက်မယ်၊ နောက်ပြီး ဒုစရိုက်ဂိုဏ်းရဲ့ အရှင်သခင် ဘယ်သူလဲဆိုတာဖော်ထုတ်ပြီး တရားဥပဒေစိုးမိုးအောင် ကျုပ်ကူညီမလို့ တက်လာတာပဲ"

"အခု သခင်ကြီးထက် ဖြိုနိုင်ပြီလားရှင်"

"ဟင့်အင်း ... မဖြိုနိုင်သေးပါဘူး၊ ခေါင်းဆောင်ကိုမသိနိုင်သေးလို့ တချို့လူတွေကို လွှတ်ထားရတယ်"

"ကျွန်မ ... ကျွန်မ တစ်ခုလောက်ပြောချင်ပါတယ်"

"ဘာပြောမလို့လဲ၊ ခွင့်တောင်းစရာမလိုပါဘူး"

"သခင်ကြီးထက်တို့ကသာ ကျွန်မနဲ့ စင်ပြိုင်သီချင်းမဆိုတော့ဘူးဆိုရင် ကျွန်မဟာ မားဟင်ခုန်ရဲ့ လူဟောင်းတွေနဲ့ ပြန်ဆက်နိုင်မှာ သေချာတယ်၊ နောက်ဆုံးမှာ မားဟင်ခုန်တောင် ပြန်ရောက်



လာနိုင်ပါတယ်၊ အဲဒီလို သခင်ကြီးထက်တို့ သဘောတူမယ်ဆိုရင် ကျွန်မရတဲ့သတင်းတွေကို သခင်ကြီးယူလီခွန်ကတစ်ဆင့် ဆရာကြီးထက်ဆီ အကြောင်းကြားပေးပါ့မယ်"

ဤကား ကျိုဇွန်ဝါက သူမ၏ထွက်ပေါက်အတွက် ထက်ကျင်ထံမှ တောင်းဆိုခြင်းသာဖြစ်သည်။ သူမ၏တောင်းဆိုချက်အတိုင်း ထက်ကျင် လက်ခံမည်ဆိုပါက ထန်ဆက်ဘွန်ဂိုဏ်းသည် သူမအား ဆက်သွယ်ရေးလမ်းကြောင်းအဖြစ် ဆက်သုံးနေမည်မှာ သေချာသည်။

ထိုအချက်ကို ထက်ကျင်သဘောပေါက်စေရန် ကျိုဇွန်ဝါ ဆုတောင်းနေရသည်။

ထက်ကျင်ကသာ လက်ခံပါက သူမအနေဖြင့် ထက်ကျင်တို့ ရန်မရှိတော့ဘဲ မားဟင်ခုန်ကလည်း ယုံကြည်မြဲ ယုံကြည်နေတော့မည်။

တစ်ခုတော့ရှိသည်။

မားဟင်ခုန်၏နှိပ်စက်မှုကိုတော့ ဆက်လက်ခံရမြဲ ခံနေရပေလိမ့်မည်။

ထက်ကျင်က ထိုအချက်ကို သိပ်မစဉ်းစားချေ။ ချက်ချင်းခေါင်းညိတ်သဘောတူ၏။

"ကျုပ်တို့ ဆက်ပြီးသီချင်းမဆိုတော့ပါဘူး၊ ယူလီခွန်က

တော့ ထန်းချောင်ရဲ့အနံ့အပြားမှာ ရှိနေမှာပဲ၊ သတင်းထူးရင် ယူလီ ခွန်ဆီ အကြောင်းကြားလိုက်ပေါ့"

"စိတ်ချပါ သခင်ကြီးထက်၊ ကျွန်မ အကြောင်းကြားလိုက်ပါ့မယ်"

"ဒါဖြင့် ကျုပ်တို့သွားတော့မယ်"

ကျိဇုန်ဝါသည် အိမ်ဖော်မလေးအားခေါ်ပြီး ခြံထဲမှ ယူလီ ခွန်နှင့် အဘိုးကြီးချိတို့အား လိုက်ခေါ်စေသည်။

ထို့နောက် ထက်ကျင်တို့အား ခြံတံခါးဝအထိ လိုက်လံပို့ ဆောင်ပေး၏။

တံခါးဝ၌ ကျိဇုန်ဝါက ...

"သခင်ကြီးထက် ... ဟို သေသွားတဲ့လူရဲ့နာမည်က မြွေ လောင်ဟိုးတဲ့လား"

"ဟုတ်တယ် ... မြွေလောင်ဟိုးလည်းခေါ်တယ်၊ မြက် လျှောမြွေလို့လည်း ခေါ်တယ်၊ ဘာပဲဖြစ်ဖြစ် သူဟာ လူကောင်းတစ် ယောက်ပဲ ဖြစ်တယ်"

"ကျွန်မသိသလောက်ပြောပါရစေ၊ မြွေလောင်ဟိုးကိုသတ် တာ ဒီပြင်အကြောင်းအရာများ ရှိနေမလားမသိဘူး၊ ကျွန်မ တစ် ချက်သိပါသေးတယ် ... မြွေလောင်ဟိုးမှာ ညီမတစ်ယောက်ရှိထား တယ် ဆိုတာပဲ"





ထက်ကျင်က မသိချင်ယောင်ဆောင်၍ မေးလိုက်၏။

"ဟုတ်လား ... ကျုပ်တောင်မသိပါလား၊ ဘယ်မှာနေသ တဲ့လဲ"

"ပတ်တိုင်အူတဲ့လို့ခေါ်တဲ့ အပျော်လမ်းမှာနေပါတယ်၊ နာ မည်တော့ သိပ်မကောင်းဘူးပေါ့ရှင်၊ ဒါပေမဲ့ ကျွန်မလည်း ထန် တင်စီမှာ ဒီလိုဘဝမျိုးနဲ့ နေခဲ့ရတာပါပဲ၊ မြွေလောင်ဟိုးရဲ့ညီမဟာ အဲဒီမှာ နာမည်တစ်မျိုးနဲ့ ကျင်လည်နေပါတယ်"

"ဘယ်သူတဲ့လဲ"

"ရှောက်တင်ကျူလို့ စုံစမ်းရင် ရပါတယ်"

"မင်းက ဒီအချက်ကို ဘာဖြစ်လို့ပြောပြရတာလဲ"

ကျိဇုန်ဝါက ထက်ကျင်၏ သံသယရှိတတ်ပုံကို တွေးမိပြီး ပြုံးလိုက်မိသည်။

"ဒီလိုပါရှင် ... မြွေလောင်ဟိုးဟာ လောင်းကစား ဝါသနာ ပါတော့ သူ့ညီမဆီမှာ မကြာခဏ ငွေတောင်းတယ်လို့ သိရပါတယ်၊ မားဟင်ခုန်ရဲ့ ပါးစပ်ကလည်း ရှောက်တင်ကျူရဲ့နာမည်ကို သုံးလေး ကြိမ်လောက်တော့ ကြားဖူးတော့ မားဟင်ခုန်နဲ့ ရှောက်တင်ကျူ အဆက်အသွယ်ရှိမယ်လို့လည်း တွေးမိပါတယ်၊ နောက်ဆုံးပြောရရင် မြွေလောင်ဟိုးကို မားဟင်ခုန်သတ်တာ ဖြစ်ချင်ဖြစ်နေမှာပေါ့"

ထက်ကျင်က ခေါင်းညိတ်၏။

"အများကြီးဖြစ်နိုင်တယ်၊ ဒီသတင်းပေးတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ်၊ ကဲ … ကျုပ်တို့သွားမယ်၊ အများကြီးကျေးဇူး တင်ပါတယ်"

ကျိုဗုန်ဝါသည် စားပွဲပေါ်၌ ထက်ကျင်တင်ထားပစ်ခဲ့သည့် ရွှေတုံးကလေးကို ထက်ကျင်၏လက်ထဲသို့ ပြန်ကမ်းပေးသည်။

ငွေတစ်ရာတန် ငွေလွှဲလက်မှတ်တစ်စောင်ကိုပါ လှမ်းပေး ရင်း တောင်းပန်စကားပြော၏။

"မြွေလောင်ဟိုးသေတဲ့အတွက် ကျွန်မ တကယ်ပဲ စိတ်မ ကောင်းဖြစ်မိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူညီမ ရှောက်တင်ကျူ ဟာ ညီမနဲ့ ဘဝတူချင်းဖြစ်ခဲ့လို့ပါပဲ၊ ဘယ်မိန်းကလေးမှ မိန်းမပျက် ဘဝနဲ့ မနေချင်ပါဘူးရှင်၊ ဒီရွှေတုံးကတော့ သခင်ကြီးထက်ရဲ့ပစ္စည်း ပါ၊ ငွေလွှဲလက်မှတ်ကတော့ မြွေလောင်ဟိုးအတွက် ကျွန်မရဲ့ကူငွေ ပါ၊ ရွှေစက္ကူတွေဝယ်ပြီး သူ့အတွက်မီးရှို့ပါ၊ ကျွန်မကိုယ်တိုင်လည်း သူ့အသုဘအခမ်းအနားကို လာပါဦးမယ်ရှင်"

ထက်ကျင်က ရွှေတုံးကလေးနှင့် ငွေတစ်ရာတန် ငွေလွှဲ လက်မှတ်ကို လက်ခံလိုက်သည်။

"မြွေလောင်ဟိုးအသုဘအတွက် ခုလိုကူညီတာကို ကျေးဇူး တင်ပါတယ်၊ ဒါပေမဲ့ အသုဘကိုတော့ မသွားပါနဲ့၊ ယူလီခွန်ရဲ့ လူ တွေက မင်းကိုမြင်ရင် ဒေါသထွက်နေလိမ့်မယ်၊ တော်ကြာ မဖြစ်



သင့်တာတွေ ဖြစ်ကုန်ဦးမယ်"

ကျိုဗုန်ဝါက ဦးညွတ်ဂါရဝပြုသည်။

"ခုလိုသတိပေးတာ ကျေးဇူးတင်ပါတယ်ရှင်၊ မြွေလောင် ဟိုးရဲ့ အသုဘကို ကျွန်မ မသွားတော့ပါဘူး"

ထက်ကျင်၊ ယွန်ချောချောနှင့် ယူလီခွန်တို့သည် မြင်းလှည်း ပေါ်တက်၍ ထွက်ခွာလာခဲ့ကြတော့သည်။

ထက်ကျင်က မြင်းလှည်းပေါ်ထိုင်ရင်း ယူလီခွန်အားလှမ်း မေး၏။

"ယူလီခွန် … မြွေလောင်ဟိုးသေတဲ့အကြောင်း သူ့ညီမဆီ လူလွှတ်အကြောင်းကြားနိုင်းပြီးပြီလား"

"ကျွန်တော်ကိုယ်တိုင် သွားပြောရင် ကောင်းမလားဆိုပြီး ဘယ်သူမှ အကြောင်းမကြားနိုင်းတာပါ၊ နောက်တစ်ချက်က ရှောက် တင်ကျူဟာ သူ့အစ်ကိုကို ထိုင်ပေးလီလို့လူစုက ဖျက်ဆီးတယ်လို့ ထင်နေပါတယ်၊ အမှန်ကတော့ ဘယ်သူဘယ်သူကိုမှ ဖျက်ဆီးတာ မဟုတ်ပါဘူး၊ သူတို့အားလုံးကိုယ်တိုင်က လောင်းကစားကို ဝါသနာ ပါနေကြတာပဲ၊ မြွေလောင်ဟိုးကတော့ အဆိုးဆုံးပဲ၊ ဒါကို သူ့ညီမက မသိဘူး"

"ဒါဖြင့်လည်း ခုပဲ တစ်ဆက်တည်းသွားလိုက်ကြရအောင်"

"သခင်ကြီးအမိန့်အတိုင်းပါပဲ"

သူတို့၏မြင်းရထားသည် ရှောက်တင်ကျူနေထိုင်ရာ အရပ်သို့ မောင်းနှင်လာခဲ့ကြလေသတည်း။

**(စာစဉ်-၄) ပြီး၏။**

**(စာစဉ်-၅) ဆက်လက်ဖတ်ရှုပါရန်။**